# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

**ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)**


၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် | ၂၀၁၇ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၀၅)


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်နိုင်ငံ၊ ဥရောပသမဂ္ဂ(အီးယူ)ဌာနချုပ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့်ဗြိတိန်နိုင်ငံများသို့ တရားဝင်ခရီးစဉ်များ သွားရောက်မည်

**နေပြည်တော် ဧပြီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေး၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ဧပြီ ၂၉ ရက်တွင် ကျင်းပမည့် (၃၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ သွားရောက်မည် ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံထိပ်သီးအစည်းအဝေးမှ ပြန်လည်ရောက်ရှိပြီးနောက် ဥရောပသမဂ္ဂ (အီးယူ)ဌာနချုပ်သို့လည်းကောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အီတလီနိုင်ငံနှင့် ဗြိတိန်နိုင်ငံသို့ လည်းကောင်း တရားဝင်ခရီးစဉ်များ ဆက်လက်သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံတော်၏စွမ်းအင်မူဝါဒညှိနှိုင်းအစည်းအဝေးတက်ရောက်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်၏ စွမ်းအင်မူဝါဒ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာစဉ်** (သတင်းစဉ်)

**နေပြည်တော် ဧပြီ ၂၅**

နိုင်ငံတော်၏ စွမ်းအင်မူဝါဒ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

**မျှဉ်းပြိုင်သဘောမျိုး**

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အချို့နေရာများ၌ ရာသီစုံသွား၍ မရသည့် လမ်းများတွင် ရာသီစုံသွား၍ ရပြီး လျှပ်စစ်မီးမရရှိသည့်နေရာများတွင် လျှပ်စစ်မီးရရှိပါက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စီးပွားရေးအခွင့်အလမ်းများရရှိ လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်ပမှ စီးပွားရေး လုပ်ငန်းရှင်များကလည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လျှပ်စစ်မီးရရှိပါက ရင်းနှီးမြှုပ်နှံလိုသည့်စိတ်များဖြစ်ပေါ်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုအား လမ်းပန်းဆက်သွယ်ရေးနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## နှစ်နိုင်ငံလွှတ်တော်များ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေး



*စာမျက်နှာ -၅*

## နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေး



*စာမျက်နှာ -၇*


KBZ BANK
STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# သန္နိဋ္ဌာန်တို့၏ တွန်းအား

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ အရေးကြီးသော အခြေခံလိုအပ်ချက်တစ်ရပ်ရှိပါသည်။ ဤသည်မှာ ချမှတ်သင့်၊ ချမှတ်ထိုက်သော မူဝါဒတို့ကို မဖြစ်ဖြစ်အောင် ဆောင်ရွက်မည်ဟူသော သန္နိဋ္ဌာန်ဖြင့် နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်ခြင်း ဖြစ်ပါသည်။ တိုင်းပြည်၏ အတိတ်သမိုင်းကို ပြန်လည်သုံးသပ်ပါက တာဝန်ယူခဲ့ကြသော နိုင်ငံတော်အစိုးရတို့သည် ချမှတ်သင့်၊ ချမှတ်ထိုက်သော မူဝါဒတို့ကို ချမှတ်ခဲ့သော်လည်း သန္နိဋ္ဌာန်မပြတ်သားမှုကြောင့် မအောင်မမြင်ဖြစ်ခြင်း (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းသာ အောင်မြင်ခြင်းတို့ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အားကောင်းသန်မာခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်ကို စီးပွားရေးပညာရှင်တိုင်းက ထောက်ပြကြပါသည်။ သို့သော် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတို့၏ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သော ချေးငွေတို့ အလွယ်တကူရရှိရေးကို မဖြည့်ဆည်းနိုင်ခဲ့ခြင်းသည် ဖြတ်သန်းခဲ့သော အတိတ်သမိုင်း၌ သန္နိဋ္ဌာန်ပီပြင် ပြတ်သားမှုမရှိခဲ့ခြင်းကြောင့်ဟု ဆိုရမည်ဖြစ်ပါသည်။ အတိတ်သမိုင်း၌ ဤကဲ့သို့သော အားမရစရာကိစ္စရပ်များ ရှိခဲ့ပါသော်လည်း လူထုအစိုးရသစ်က ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ချေးငွေရယူနိုင်ရေးနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသော အကန့်အသတ်များကို ဖယ်ရှားမည်ဟု သန္နိဋ္ဌာန်ချမှတ်ခဲ့ခြင်းသည် ကြိုဆိုဝမ်းမြောက်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။

ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ရာခိုင်နှုန်းတစ်ရပ် မဖြစ်မနေထုတ်ချေးရေး ဆောင်ရွက်မည်ဟူသော မူဝါဒသည် ဤသန္နိဋ္ဌာန်၏ ပီပြင်အားကောင်းမှုကို လှစ်ဟဖော်ပြနေပါသည်။ အတိတ်သမိုင်းတွင် ဘဏ်လုပ်ငန်းဆိုင်ရာ ခါးဆက်ပြတ်မှုများ ရှိခဲ့သောကြောင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များက အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးဆောင်ရွက်ရာတွင် ပိုမိုထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်လိုအပ်ပါသည်။ သို့ဖြစ်၍ ဗဟိုဘဏ်က နိုင်ငံခြားဘဏ်များအား ပြည်တွင်းတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်ခွင့်ပြုမည်ဟူသောမူဝါဒကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြောင်း ဖော်ပြအပ်ပါသည်။ ဤမူဝါဒသည်လည်း အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်မည်ဟူသော လူထုအစိုးရသစ်၏ သန္နိဋ္ဌာန်ကို ဖော်ပြနေသည်ဖြစ်၍ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လူထုအစိုးရသစ်နှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## မိုးလေဝသအခြေအနေ

**နေပြည်တော် မေ ၂၅**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းတို့တွင် ယနေ့ နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)




## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ (မိုး/ဇလ)

## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ စာမူများဖိတ်ခေါ်ခြင်း

The Global New Light of Myanmar သတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် မေလမှစ၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို ဖော်ပြသွားမည်ဖြစ်ပါသည်။

အဆိုပါကဏ္ဍအတွက် အတွေးအမြင်၊ ကဗျာ၊ ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတိုစသည်တို့ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပေးပို့နိုင်ပါသည်။

အဆိုပါ ကဏ္ဍကို စာမူပေးပို့သူများအနေဖြင့် The Global New Light of Myanmar သတင်းစာတိုက် အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ dce@globalnewlightofmyanmar.com သို့ လိပ်မူ၍ (၁)ဖော်ပြလိုသည့်ကဏ္ဍ၊ (၂)အမည်ရင်းနှင့် ကလောင်အမည်၊ (၃) ပညာအရည်အချင်း၊ (၄)ကျောင်း/ကောလိပ်၊ တက္ကသိုလ်၊ (၅) ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက်၊ (၆) မိမိနှစ်သက်ရာ ရောင်စုံဓာတ်ပုံတစ်ပုံ၊ (၇) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ (၈)ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်နှင့် လိပ်စာအပြည့်အစုံဖော်ပြ၍ ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

- **စာတည်းအဖွဲ့**
- **The Global New Light of Myanmar သတင်းစာတိုက်**

## မန်းရွှေစက်တော်ဘုရားသုံးမိုင်လမ်း လှေတင်တံတားကို ကွန်ကရစ်တံတားဆောက်လုပ်ရန်စီမံဆောင်ရွက်

**မင်းဘူး မေ ၂၅**

မင်းဘူး(စကု) မြို့နယ်မန်းရွှေစက်တော်ရာ ဘုရားသို့ သွားရောက်သည့် သုံးမိုင်လမ်းလှေတင်တံတားအား ဘုရားကြီးဘဏ္ဍာငွေဖြင့် ရာသီမရွေးသွားလာနိုင်ရန် ကွန်ကရစ်တံတားဆောက်လုပ်သွားမည်ဖြစ်ကြောင်းကို မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။



"တံတားတည်ဆောက်ဖို့အတွက် မြေနမူနာ စမ်းသပ်ခြင်းလုပ်ငန်းတွေ စတင်ဆောင်ရွက်နေပြီး မိုးရာသီမတိုင်မီ တိုင်ထူခြင်းလုပ်ငန်းတွေ ပြီးမယ်လို့လည်း ခန့်မှန်းထားပါတယ်၊ မေ ၂၃ ရက်က စပြီး မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၅)မှ မြေနမူနာစမ်းသပ် စစ်ဆေးခြင်းလုပ်ငန်းတွေကို စတင်ဆောင်ရွက်နေပါတယ်။ ပွဲတော်ချိန်ပြင်ပကာလမှာ ဘုရားဖူးတွေ အဆင်ပြေအောင် သုံးမိုင်လမ်း လှေတင်တံတားကို ဘုရားကြီးဘဏ္ဍာငွေနဲ့ အခိုင်အမာကွန်ကရစ်တံတားဆောက်လုပ်ဖို့ စီမံထားရှိပါတယ်" ဟု မန်းရွှေစက်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းက ပြောသည်။

မန်းရွှေစက်တော် သုံးမိုင်လမ်း လှေတင်တံတားမှာ ယခင်ကပွဲတော်ချိန်မှသာ ယာယီတံတားအဖြစ် တည်ဆောက်ခြင်းဖြစ်ကာ မိုးတွင်းကာလတွင် ရေစီးနှင့် မျောပါပျက်စီးခဲ့သဖြင့် ကျန်ရာသီအချိန်များတွင် ဘုရားဖူးလာပြည်သူတို့မှာ အတက်အဆင်းကြမ်းသော ရှစ်မိုင်လမ်းမှသာ လာရောက်ဘုရားဖူးကြကြောင်း သိရသည်။ **ဖိုးပြည့်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၅-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၆၀/၇၀၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၇၀/၇၁၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၉ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၆ . ၆၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၆ . ၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ . ၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်၏ စွမ်းအင်မူဝါဒ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

✻ *ရှေ့ဖုံးမှ*

လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးမည်ဖြစ်ပြီး အလုပ်အကိုင်ဖန်တီးပေးရေးကိုလည်း မျဉ်းပြိုင်သဘောမျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**အားနည်းနေ**

လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် စွမ်းအင်ထက်များစွာတိုးတက်ကြောင်း ပြည်သူများက အသိအမှတ်ပြုသည်ကို မိမိတို့သိရကြောင်း၊ ကျေးလက်တောရွာနေ လူငယ်များနှင့် တွေ့ဆုံခဲ့ရာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အတွက် ၎င်းတို့ဘဝများ ပိုမိုတိုးတက်လာသည်ဟု ပြောကြားသည်ကို မိမိသတိပြုမိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက ပြည်သူများသဘောကျမည်ဖြစ်ကြောင်း၊ အလင်းရောင်ရရှိရေးကို ဂရုစိုက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများကလည်း မိမိဒေသ၏ လိုအပ်ချက်များကို တင်ပြကြစေလိုကြောင်း၊ အရေးကြီးသည်မှာ အားလုံးပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားနည်းသကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ဗဟိုအစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းနေပါကြောင်း၊ အားလုံးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက နိုင်ငံတော်၏စွမ်းအင်မူဝါဒပြင်ဆင်ရေးဆွဲခဲ့မှု အခြေအနေအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်၏ စွမ်းအင်မူဝါဒအပေါ် ဌာနဆိုင်ရာသဘောထားမှတ်ချက်များကို ရှင်းလင်းတင်ပြသည်။

**သုံးသပ်ဆွေးနွေး**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စွမ်းအင်ဆိုင်ရာဝန်ကြီးများက နိုင်ငံတော်၏ စွမ်းအင်မူဝါဒမူကြမ်းအပေါ် သုံးသပ်အကြံပြုတင်ပြကြပြီး တက်ရောက်လာကြသူများက သုံးသပ်ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

နိုင်ငံတော်၏ စွမ်းအင်မူဝါဒမျှော်မှန်းချက်မှာ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေပြီး တိုးမြင့်လာသော ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ကြောင်း၊ ပြည်သူအားလုံး စွမ်းအင်သယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးဦးတည်လျက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စွမ်းအင်မူဘောင်တစ်ရပ် ချမှတ်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**စွမ်းအင်စျေးနှုန်း**

ရည်မှန်းချက်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒသစ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို အထောက်အပံ့ဖြစ်စေမည့် စွမ်းအင်မူဝါဒအဖြစ်ကျင့်သုံးရန်၊ စွမ်းအင်သယံဇာတ အရင်းအမြစ်ထုတ်ယူရာ ဒေသအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာခွဲဝေသုံးစွဲနိုင်စေသည့် အခွင့်အလမ်းများဖန်တီးပေး၍ လူ့စွမ်းအားအရင်းအမြစ်တိုးမြှင့်စေရေး ဆောင်ရွက်ရန်၊ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေသည့် လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများရရှိရေး ဦးတည်ဆောင်ရွက်ရန်၊ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသော စွမ်းအင်ထုတ်လုပ်မှုနှင့် ပြည်သူအားလုံးပူးပေါင်းပါဝင်သော စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲမှုများဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မည့် စွမ်းအင်စနစ်တစ်ခုထူထောင်ရန်၊ ရင်းနှီးမြှုပ်နှံရာတွင် စွမ်းအင်ထုတ်လုပ်သူနှင့် စွမ်းအင်သုံးစွဲသူတို့ နှစ်ဦးနှစ်ဖက် စီးပွားရေးအာမခံချက်ရှိစေမည့် စွမ်းအင်စျေးနှုန်းကို ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာစိုးဝင်း | ပါမောက္ခချုပ် |
| | အမြဲတမ်းအတွင်းဝန်(ပညာရေး) | မုံရွာစီးပွားရေးတက္ကသိုလ် |
| | တာဝန်ခံညွှန်ကြားရေးမှူးချုပ် | ပညာရေးဝန်ကြီးဌာန |
| | လေ့လာဆန်းစစ် | |
| | အကဲဖြတ်ရေးအဖွဲ့(ပညာရေး) | |
| | ပညာရေးဝန်ကြီးဌာန | |
| (ခ) | ဒေါက်တာဆင့်စိုး | ပါမောက္ခချုပ် |
| | ပါမောက္ခချုပ် | မန္တလေးနည်းပညာတက္ကသိုလ် |
| | နည်းပညာတက္ကသိုလ်(မန္တလေး) | ပညာရေးဝန်ကြီးဌာန |
| | ပညာရေးဝန်ကြီးဌာန | |
| (ဂ) | ဒေါက်တာဒေါ်သီဂီ | ပါမောက္ခချုပ် |
| | ပါမောက္ခချုပ် | နည်းပညာတက္ကသိုလ်(သန်လျင်) |
| | ရန်ကုန်အနောက်ပိုင်း | ပညာရေးဝန်ကြီးဌာန |
| | နည်းပညာတက္ကသိုလ် | |
| | ပညာရေးဝန်ကြီးဌာန | |
| (ဃ) | ဒေါက်တာကြည်စိုး | ပါမောက္ခချုပ် |
| | ပါမောက္ခချုပ် | ရန်ကုန်အနောက်ပိုင်း |
| | နည်းပညာတက္ကသိုလ်(မှော်ဘီ) | နည်းပညာတက္ကသိုလ် |
| | ပညာရေးဝန်ကြီးဌာန | ပညာရေးဝန်ကြီးဌာန |
| (င) | ဒေါက်တာဒေါ်ကေသီလွင် | ပါမောက္ခချုပ် |
| | ပါမောက္ခချုပ် | နည်းပညာတက္ကသိုလ်(မှော်ဘီ) |
| | နည်းပညာတက္ကသိုလ်(သန်လျင်) | ပညာရေးဝန်ကြီးဌာန |
| | ပညာရေးဝန်ကြီးဌာန | |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းကို ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# အဆင့်မြင့်ပညာဦးစီးဌာနနှင့် နယ်သာလန်အခြေစိုက် EIFL တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး



**နေပြည်တော် မေ ၂၅**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် နယ်သာလန်နိုင်ငံအခြေစိုက် Stichting Electronic Information for Libraries (EIFL) တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြန်မာ-နယ်သာလန် နှစ်နိုင်ငံကြားနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် နယ်သာလန်နိုင်ငံအခြေစိုက်(EIFL)မှ Director Ms.Rima Kupryte တို့သည် နှစ်နိုင်ငံကြား အဆင့်မြင့်ပညာရေးနယ်ပယ်တွင် တက္ကသိုလ်စာကြည့်တိုက်များ ပူးပေါင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းများအတွက် ပညာရေးလုပ်ငန်းများကို သဘောတူညီသည့် နားလည်မှုစာချွန်လွှာအားလက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဖိတ်ကြားထားသောတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ စာကြည့်တိုက်မှူးများနှင့် နယ်သာလန်နိုင်ငံအခြေစိုက် EIFL တို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် စာပေနှင့်ပန်းချီပြိုင်ပွဲ ဆုရစာရင်းထုတ်ပြန်

**ရန်ကုန် မေ ၂၅**

၂၀၁၇ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စာပေနှင့်ပန်းချီပြိုင်ပွဲ ဆုရရှိသူများ၏ အမည်စာရင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ယနေ့ထုတ်ပြန်သည်။

အဆိုပါဆုများကို နေပြည်တော်၌ မေ ၈ ရက်တွင် ကျင်းပမည့် ကမ္ဘာ့ကြက်ခြေနီနေ့ အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ရာ ဆုရရှိသူများအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် (နေပြည်တော်) ဖုန်း ၀၆၇-၃၆၂၁၂၁၁၈ နှင့် ၀၉-၂၅၀၃၇၈၃၅၁ တို့သို့ ဆက်သွယ်ကြရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**လှိုင်းအသင့်အတင့်ရှိမည်**

**နေပြည်တော် မေ ၂၅** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တက္ကသိုလ်ကောင်စီအစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁/၂၀၁၇) ကြိမ်မြောက် တက္ကသိုလ်ကောင်စီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အဆိုပါ တက္ကသိုလ်ဟောပြောခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသက သြဝါဒကထာမြွက်ကြားချီးမြှင့်တော်မူသည်။ **(ယာပုံ)**

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ကောင်စီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက တက္ကသိုလ်၏ သင်ကြား/ စီမံရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် မော်ကွန်းထိန်းက (၁/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးမှတ်တမ်း၊ ပါရဂူတန်း (PhD) (ဗုဒ္ဓဓမ္မ)တွဲ့အောင်မြင်ပြီးသူများစာရင်းနှင့် မဟာဝိဇ္ဇာ(MA) (ဗုဒ္ဓဓမ္မ)တွဲ့အောင်မြင်ပြီးသူများစာရင်းကို ကောင်စီက အတည်ပြုနိုင်ရန် တင်ပြလျှောက်ထားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် ဆရာတော်နှင့် ဌာနကြီးမှူး ဆရာတော်များ၊ ပြင်ပတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်ကောင်စီဝင်များက တက္ကသိုလ်၏ သင်ကြား/စီမံရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပညာရှင်များအား သက်တမ်းတိုးခန့်ထားနိုင်ရေးနှင့် ကျန်းမာရေးထောက်ပံ့ပေးရန်ကိစ္စရပ်များကိုလည်းကောင်း၊ အင်္ဂလန်နိုင်ငံရှိ ဘာမင်ဂန်ဗုဒ္ဓဝိဟာရတက္ကသိုလ်အား အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ လက်အောက်ခံ Autonomous Branch အဖြစ် အသိအမှတ်ပြုလက်ခံဖွင့်လှစ်ရေး ကိစ္စနှင့်စပ်လျဉ်း၍လည်းကောင်း၊ သင်ကြားရေးဆိုင်ရာ ရဟန်းတော်များ၊ သီလရှင်များနှင့် ဆရာ ဆရာမများအား ရာထူးတိုးမြှင့်ရေးအတွက် တက္ကသိုလ်ကောင်စီ၏ မူဝါဒချမှတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# နယ်စပ်ဒေသရှိ လူဦးရေကိုးသန်းခန့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် မေ ၂၃**

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် စီမံကိန်းဒေသများ သတ်မှတ်ရာ၌ အဓိကဆောင်ရွက်မည့် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်နှင့် လုပ်ငန်းလိုအပ်ချက်အရ ဆက်စပ်ဆောင်ရွက်မည့် မြို့နယ် ၅၂ မြို့နယ်တို့အား သတ်မှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၆၃၈၆၀ အနက် နယ်စပ်ဒေသများတွင်ရှိသော ကျေးရွာ ၁၁၀၆၉ ရွာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ရန်၊ ကျန်ကျေးရွာ ၅၂၇၉၁ ရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ရန် ညှိနှိုင်းသတ်မှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်း ဖြစ်သော လူဦးရေ ၃၆သန်းခန့်သည် ကျေးလက်ဒေသနေပြည်သူများဖြစ်ကြပြီး ယင်းတို့အနက်မှ နယ်စပ်ဒေသရှိ လူဦးရေကိုးသန်းခန့်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ဆက်လက်၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့်လည်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်းနှင့် ရန်ကုန်)၊ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးလူငယ်သင်တန်းကျောင်း ၄၄ ကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ကိုးကျောင်း၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၃ ကျောင်းတို့ကို ဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ အဆိုပါ လူငယ်သင်တန်းကျောင်း၊ စက်မှုလက်မှု သင်တန်းကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်းများတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ထောက်ခံချက်များဖြင့် ရွေးချယ်စေလွှတ်သော သင်တန်းသား၊ သင်တန်းသူများကို သင်ကြားလေ့ကျင့် မွေးထုတ်ပေးလျက်ရှိသောကြောင့် ယင်းသင်တန်းကျောင်းများသည် သက်ဆိုင်ရာအစိုးရအဖွဲ့၏ သင်တန်းကျောင်းများဟုပင် ပြောဆိုနိုင်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ဆောင်ရွက်ဆဲလုပ်ငန်း ၂၂၇ ခု၊ လုပ်ငန်းသစ် ၄၃၉ ခု စုစုပေါင်းလုပ်ငန်း ၆၆၆ ခုတို့အတွက် ငွေကျပ် ၆၄ ဒသမ ၈၄၆ ဘီလီယံကိုလည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်၊ လူငယ်ကျောင်းများ၊ အိမ်တွင်းမှုကျောင်းများ၊ စက်မှုလက်မှုသင်တန်းကျောင်းများရှိ သင်တန်းသား ၁၂၀၀၀ ကျော်အတွက် နေထိုင်စားသောက်ရေးနှင့် သင်တန်းဆိုင်ရာ လိုအပ်ချက်များ၊ သင်တန်းအဆောက်အအုံနှင့် သင်ထောက်ကူပစ္စည်းများအတွက် ၂၄ ဒသမ ၇၈၅ ဘီလီယံဖြစ်သောကြောင့် ဝန်ကြီးဌာနအနေဖြင့် စုစုပေါင်း ၉၉ ဒသမ ၆၃၁ ဘီလီယံ သုံးစွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

မူးယစ်ဆေးဝါးစိုက်ပျိုးမှုပပျောက်ရေးအတွက်လည်း ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု လေးအုပ်စု၌ သက်ဆိုင်ရာဝန်ကြီးဌာန လေးခုနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြေပြင်ကွင်းဆင်း စစ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို ပြီးခဲ့သည့် ဖေဖော်ဝါရီလ၌ ဆောင်ရွက်ပြီးဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်ကာ သုံးနှစ်စီမံကိန်းရေးဆွဲလျက် Pilot Project အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်နေသေးသော ဒေသများ၌ တစ်နှစ်ချင်း တစ်နှစ်ချင်း ဖွံ့ဖြိုးတိုးတက်စေပြီး တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေး ပြည်ထောင်စုဝန်ကြီးဌာနနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဆောင်ရွက်မည့် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအပေါ် သက်ဆိုင်ရာအစိုးရအဖွဲ့အသီးသီးမှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများက အသေးစိတ်ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဆောင်ရွက်မည့်လုပ်ငန်းများအပေါ် အတည်ပြုခဲ့သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်က ဆွေးနွေးတင်ပြပြီးနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဆောင်ရွက်ခဲ့သော လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းဆွေးနွေးပြီး နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အရည်အသွေးပြည့်မီအောင် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ပေးကြရန် ညှိနှိုင်းမှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းပြပွဲ ပထမဆုံးအကြိမ် ကျင်းပမည်

**ရန်ကုန် မေ ၂၃**

မြန်မာ့သစ်တောထွက် ပစ္စည်းများအား ပြည်သူလူထုကို အသိပညာဗဟုသုတ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်ရန်နှင့် နိုင်ငံတော်အစိုးရ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် သစ်တောသယံဇာတ ရေရှည်တည်တံ့အသုံးချနိုင်ရေး ဆောင်ရွက်နေမှုများ သိရှိရန်ရည်ရွယ်၍ သစ်တောထွက်ပစ္စည်းပြပွဲ ၂၀၁၇ ကို ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် မေ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမဆုံးအကြိမ် ကျင်းပသည့် အဆိုပါပြပွဲတွင် ပြခန်းများအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ပြခန်းများ၊ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်း၊ မြန်မာနိုင်ငံ သစ်မွှေးလုပ်ငန်းရှင်များအသင်း၊ ပုဂ္ဂလိက ကျွန်းနှင့်သစ်မာစိုက်ပျိုးသူများတို့မှ ပါဝင်ပြသမည့် သစ်တောစိုက်ခင်းတည်ထောင်သူများ၏ ပြခန်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ပြခန်းများ၊ မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံသစ်တောလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း၊ သစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်း၊ မြန်မာ့လက်မှုအနုပညာအသင်းတို့၏ တန်ဖိုးမြှင့်ထုတ်ကုန်များ အပါအဝင် ကဏ္ဍစုံပြခန်း ၁၁ ခန်းနှင့်အတူ ပြခန်းငယ်ပေါင်းများစွာ ပြသသွားမည် ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။ **မြင့်မောင်စိုး**



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းကို မေ ၂၄ ရက်က ရေဝတီရေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ ကျောင်းသားကျောင်းသူများ ရေတပ်သင်္ဘောကို လေ့လာကြစဉ် သူရိန်ထွန်း(ပဲခူး)

# ပြည်သူနှင့်အတူ

## သွေးစည်းညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**ဒီကနေ့ ဒီအချိန်မှာ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံးအောင်မြင်အောင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက ခိုင်မာတဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်တို့နဲ့ သွေးစည်းညီညွတ်စွာ တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၀-၁-၂၀၁၇ ရက်နေ့တွင်ပေးပို့သော (၆၉)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံကြီးအတွက် အလင်းရောင်သန်းခဲ့တဲ့ကာလ

**ပြည်သူတိုင်း ပြည်သူတိုင်းဟာ တတ်နိုင်တဲ့ဘက်က တတ်နိုင်သလောက် ကျွန်မတို့အစိုးရအတွက် ဆောင်ရွက်နေတဲ့လုပ်ငန်းအပိုင်းတွေ အောင်မြင်အောင်လို့ ဝန်းရံပေးမယ်ဆိုလို့ရှိရင် ကျွန်မတို့ နိုင်ငံဟာ တိုးတက်ဖို့လုံးဝသေချာတယ်လို့ ပြောနိုင်ပါတယ်။ ကျွန်မတို့ရဲ့ နောင်မျိုးဆက်များဟာ ဒီအချိန်ကာလပြန်ကြည့်ပြီးတော့ ငါတို့နိုင်ငံကြီးအတွက် အလင်းရောင်သန်းခဲ့တဲ့ကာလဟာ ဒီကာလပါပဲလို့ မလွဲမသွေ ပြောနိုင်ပါတယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နှစ်နိုင်ငံလွှတ်တော်များ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် မေ ၂၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ အထက်လွှတ်တော်၊ အဖွဲ့အစည်းများ အရည်အချင်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ Prof.Dr. John Pieris နှင့် အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ လွှတ်တော်များ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အထက်လွှတ်တော်၊ အဖွဲ့အစည်းများ အရည်အချင်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ Prof.Dr. John Pieris နှင့် အဖွဲ့အား လက်ခံတွေ့ဆုံစဉ်**




## ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့(၂၀၁၇) အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၅**

အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့(၂၀၁၇) အထိမ်းအမှတ် အခမ်းအနားကို မေ ၂၅ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်အတွင်းရှိ MICT Park အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အဆိုပါ အခမ်းအနားတွင် အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းနာယက ဦးအေးလွင်နှင့် ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းတို့က အမှာစကားပြောကြားပြီး ကမ္ဘာ့အသိဉာဏ်ပစ္စည်းအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ထံမှပေးပို့သော သဝဏ်လွှာကို အသင်း၏ ဘဏ္ဍာရေးမှူးဖြစ်သူ ဦးခင်မောင်ချိုက ဖတ်ကြားသည်။ ဆက်လက်၍ Innovation Improving Lives ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အရိုး(တေးရေး၊ တေးဆို) ကိုမျိုးဇော်(Satori Film Production)၊ ဦးဉာဏ်ဝင်း (ရွှေမှီပရိဘောဂ)၊ Moderator ဦးမိုးမင်းသူ (ROUSE MYANMAR)၊ ဒေါက်တာမင်းထက် (မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း)၊ ဦးငွေထွန်း (Genius Shan Highlands Coffee) တို့က ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ကြသည်။ ကမ္ဘာ့အသိဉာဏ်ပစ္စည်းအဖွဲ့ကြီး၏ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ "Innovation Improving Lives" (ဘဝများကိုမြှင့်တင်ဖို့ တီထွင်ကြပါစို့)ဟူ၍ဖြစ်သည်။ "တီထွင်မှုကို အားပေးရမယ်၊ တီထွင်မှုကို အကာအကွယ်ပေးရမယ်၊ ဥပဒေနဲ့အကာအကွယ်ပေးရမယ်၊ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့် ဥပဒေတွေနဲ့ အကာအကွယ်ပေးရမယ်။ ဒီလို အကာအကွယ်ပေးမှလည်း အသစ်တီထွင်ထုတ်လုပ်တဲ့ ဖန်တီးရှင်တွေအတွက် ခံစားခွင့်အပြည့်အဝရမယ်။ သူတို့လည်း ဆက်ကြိုးစားချင်စိတ်ပေါ်မယ်"ဟု အသင်း၏ ဘဏ္ဍာရေးမှူး ဦးခင်မောင်ချိုက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်ပတ်သက်၍ ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ - ထင်ပေါ်ဝင်း(ကမာရွတ်)**

*ကျောဖုံးမှ*

သစ္စာအားမာန်အသင်းတွင် လက်ရွေးစင်ကစားသမားများဖြစ်သည့် ခင်မိုးမေ၊ နော်အားလိုဝါးဖော၊ ဂျူလိုင်ကျော်၊ ခင်ဖိုဖိုထွန်းတို့က ဦးဆောင်ခဲ့ပြီး အား/ကာ သိပ္ပံအသင်းမှာ လူငယ်ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ ခုနစ်မိနစ်မှာပင် အား/ကာ သိပ္ပံအသင်း ဦးဆောင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး နုနုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် သစ္စာအားမာန်အသင်း ချေပဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း အား/ကာ သိပ္ပံဂိုးသမား ဇာဇာမြင့်နှင့် နောက်ခံလူများ အမှားမရှိခဲ့သလို တိုက်စစ်မှူးများမှာလည်း တစ်ကိုယ်တော်ထိုးဖောက်မှုများနေသောကြောင့် အရာမထင်ခဲ့ပေ။ ဒုတိယပိုင်းတွင်လည်း သစ္စာအားမာန်အသင်းကသာ ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သော်လည်း အား/ကာ သိပ္ပံဂိုးသမား ဇာဇာမြင့် ကာကွယ်နိုင်ခဲ့သည်။ သစ္စာအားမာန်အတွက် ချေပဂိုးကို ပွဲပြီးခါနီးတွင် အသင်းခေါင်းဆောင် ခင်မိုးဝေက သွင်းယူခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းခုနစ်သင်းဝင်ရောက်ယှဉ်ပြိုင်နေပြီး ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်ကျင်းပခဲ့သော်လည်း မြန်မာအမျိုးသမီးအသင်း၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် လေးလကျော် ရပ်နားထားခြင်းဖြစ်သည်။ ပွဲစဉ်(၁)တွင် သစ္စာအားမာန်၊ မြဝတီနှင့် အာကစား/ပညာရေး အသင်းတို့ ဂိုးပြတ်အနိုင်ရထားသည်။

ပွဲစဉ်(၂)ဒုတိယနေ့ကို မေ ၂၆ ရက် (ယနေ့) ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂန္ဓာမာအသင်းနှင့် အားကစား/ပညာရေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

## ကော့သောင်း-ရနောင်းခရီးသည်တင် ကူးတို့လှေတစ်စင်း နစ်မြုပ်

**ကော့သောင်း မေ ၂၅**

ထိုင်း-မြန်မာနယ်စပ် ကော့သောင်းမြို့ ဓမ္မာရုံ ကူးတို့ဆိပ်အရှေ့ပါချန်မြစ်အတွင်း မေ ၂၅ ရက် မွန်းလွဲပိုင်းက ကော့သောင်း- ရနောင်း ခရီးသည်တင် ကူးတို့လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ ခရီးသည် အမျိုးသားတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ မွန်းလွဲပိုင်းက ဦးထွန်းဝေ မောင်းနှင်သည့် ကော့သောင်း-ရနောင်း ခရီးသည်တင်ကူးတို့ လှေအမှတ် KT/---- သည် ခရီးသည် ၁၅ ဦးနှင့်အတူ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ပို့ဆောင်ပေးရန် ထွက်ခွာလာစဉ် ကူးတို့ဆိပ်အရှေ့ မြစ်အတွင်း တောင်မှ မြောက်ဘက်သို့ စက်ရှိန်မြင့် ခုတ်မောင်းလာသည့် ငါးကဲ့လှေကြီးတစ်စင်း၏ လှိုင်းဒဏ်ကြောင့် ရေဝင်နစ်မြုပ်မှုဖြစ်ပွားရာ အနီးရှိ ပဲ့ချိတ်လှေများ၏ ဝိုင်းဝန်းကယ်ဆယ်မှုကြောင့် ခရီးသည် ၁၄ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ကယ်ဆယ်ရရှိသူများထဲမှ အမျိုးသမီးနှစ်ဦးကို ကော့သောင်းပြည်သူ့ဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ကုသပေးထားသည်။ ဘီလူးကျွန်းချောင်းဆုံမြို့နယ်တွင် နေထိုင်သည့် အောင်ထိန်လင်း(၃၄နှစ်)မှာ ပျောက်ဆုံးလျက်ရှိရာ ကော့သောင်း ခရိုင်ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်မှုဖြင့် တာဝန်ရှိအဖွဲ့အစည်းများမှ ဆက်လက်ရှာဖွေကယ်ဆယ်မှုပြုလုပ်လျက်ရှိသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကူးတို့လှေ မောင်းနှင်သူနှင့် စက်ရှိန်မြင့်ခုတ်မောင်းသည့် ငါးကဲ့လှေမှ တာဝန်ရှိသူများကို ကော့သောင်းမြို့နယ် ရဲစခန်းက ရေယာဉ်များ မဆင်မခြင်မောင်းနှင်မှုဖြင့် စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Diamond Aircraft Industry ထုတ်လေယာဉ်များ ကြည့်ရှု

**နေပြည်တော် မေ ၂၅**

သြစတြီးယားနိုင်ငံ၌ အလုပ်သဘော ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် မေ ၂၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် Diamond Aircraft Industry သို့ သွားရောက်ကြည့်ရှုလေ့လာသည်။


Diamond Aircraft Industry ထုတ် လေယာဉ်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြသရာ မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Diamond Aircraft Industry မှ ထုတ်လုပ်သည့် DA-62 လေယာဉ်ဖြင့်လည်းကောင်း၊ အခြားအဖွဲ့ဝင်များသည် ကုမ္ပဏီထုတ် လေယာဉ်များဖြင့်လည်းကောင်း ဗီယင်နာမြို့တစ်ဝိုက် လှည့်လည်ပျံသန်းကြည့်ရှု၍ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် Diamond Aircraft Industry ၏ CEO ဖြစ်သူ Mr. Christian Dries နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Diamond Aircraft Industry ထုတ်လေယာဉ်များ ကြည့်ရှုလေ့လာစဉ်**

# နိုင်ငံခြားအဖွဲ့အစည်းများ ပြည်တွင်းခရီးသွားလာခွင့်ရရှိရေး ဆောင်ရွက်ပေးမှုဆွေးနွေး



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမေရိကန်နိုင်ငံ နိုင်ငံရပ်ခြားဘေးအန္တရာယ်အကူအညီပေးရေးရုံးမှ ခေတ္တညွှန်ကြားရေးမှူး Ms. Carol Chan ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်**

**နေပြည်တော် မေ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် အမေရိကန်နိုင်ငံ နိုင်ငံရပ်ခြားဘေးအန္တရာယ်အကူအညီပေးရေးရုံးမှ ခေတ္တညွှန်ကြားရေးမှူး Ms. Carol Chan ဦးဆောင်သည့် OCHA Donor Support Group မှ ကိုယ်စားလှယ်များအား မေ ၂၄ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနမှဆောင်ရွက်နေသည့် နိုင်ငံခြားအဖွဲ့အစည်းများအတွက် ပြည်တွင်းခရီးသွားလာခွင့်ရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေ၊ ဘေးဒဏ်လျော့ပါးရေးနှင့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး ဆောင်ရွက်နေမှုအခြေအနေများ ယခုဘဏ္ဍာရေးနှစ်တွင် စတင်ထောက်ပံ့မည့် တစ်နိုင်ငံလုံးရှိ အသက်(၉၀)နှင့်အထက် သက်ကြီးရွယ်အို ပင်စင်ထောက်ပံ့ရေးနှင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော ကလေးအသက်နှစ်နှစ်အထိ တစ်လလျှင် ငွေကျပ် ၁၅၀၀၀ ထောက်ပံ့မည့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် JICA Myanmar ရုံး၌ ဌာနကိုယ်စားလှယ်ချုပ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Masayuki KARASAWA အား အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(မြန်မာ)တို့ အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူကုန်ကူးခံရသူများအား အကူအညီပေးမည့်သူများ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကွန်ရက်ချိတ်ဆက်မြှင့်တင်ဆောင်ရွက်မှုဆိုင်ရာ စီမံချက်၊ လက်သင်္ကေတပြ ဘာသာစကားနည်းပြများ လေ့ကျင့်ပေးရေးစီမံချက်များနှင့် အရေးပေါ်စီမံခန့်ခွဲမှုဌာန (Emergency Operation Centre) အတွက် နည်းပညာပိုင်းဆိုင်ရာနှင့် အထောက်အကူပြုပစ္စည်းကိရိယာများ ဆက်လက်ကူညီထောက်ပံ့ပေးနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# The 60th Bangkok Gems & Jewelry Fair ကုန်စည်ပြပွဲ ဗန်ကောက်မြို့၌ ကျင်းပမည်

**ဗန်ကောက် မေ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတကာကုန်စည်ပြပွဲများကို သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ The 60th Bangkok Gems & Jewelry Fair ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ IMPACT Muang Thong Thani, Challenger Hall 1-3 တွင် စက်တင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် စိန်များ၊ ပုလဲများ၊ သတ္တုများ၊ ဖက်ရှင်ဒီဇိုင်း အလှဝတ်ရတနာများ၊ ရွှေ၊ ငွေတို့နှင့်ပြုလုပ်ထားသော ကျောက်မျက်လက်ဝတ်ရတနာ အချောထည်များ၊ ကျောက်မျက်လက်ဝတ်ရတနာအစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများစသည်ဖြင့် အမျိုးအစားစုံလင်စွာပြသမည်ဖြစ်သည်။ ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ နေပြည်တော် ဖုန်း ၀၆၇-၄၃၀၄၄၇၊ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ Email: moctradefair @ gmail.com နှင့် ရန်ကုန် ဖုန်း ၀၁-၂၅၄၀၂၄၊ Email: itpic.moc@gmail.com၊ website: www.trade.gov.mm နှင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ထူးခြားသည့်နေ့အပူချိန်များ

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့်ဘော်လခဲမြို့တို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ စစ်ကိုင်းမြို့တွင် ၁ ဒသမ ၆၈ လက်မ၊ ဟားခါးမြို့တွင် ၁ ဒသမ ၁၄လက်မ၊မော်လိုက်မြို့နှင့်လွန်ကျော်မြို့တို့တွင် ၀ ဒသမ ၈၂ လက်မစီ၊တံတားဦး(လေဆိပ်)တွင် ၀ ဒသမ ၇၉ လက်မ၊ တီးတိန်မြို့တွင် ၀ ဒသမ ၇၁ လက်မ၊ ဖလမ်းမြို့၊ မုံရွာမြို့၊ကျောက်ဆည်မြို့နှင့်ဂန့်ဂေါမြို့တို့တွင် ၀ ဒသမ ၅၈ လက်မစီ၊ မိတ္ထီလာမြို့နှင့် လှိုင်းတက်မြို့တို့တွင် ၀ ဒသမ ၅၅ လက်မစီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ကမ္ဘာလှည့်ခရီးသွားများ နယ်စပ်ဖြတ်ကျော်ယာဉ်တန်းခရီးစဉ်များဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လျက်ရှိ

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်ရန် ခရီးစဉ်ဒေသများဖြစ်သည့် ပုဂံ၊ အင်းလေး၊ မန္တလေး၊ မြောက်ဦး၊ ပင်းတယဒေသများ၊ ငွေဆောင်၊ ချောင်းသာ၊ ငပလီ၊ မောင်းမကန်၊ ကျိုက်ထီးရိုး၊ စက်စဲအပန်းဖြေကမ်းခြေများနှင့် ပျူ၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ရှေးဟောင်းမြို့တော်များသို့ ခရီးသွားများအနေဖြင့် အပြည်ပြည်ဆိုင်ရာရေကြောင်း၊ လေကြောင်းခရီးစဉ်များအပြင် အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် နယ်စပ် ဝင်ပေါက်များမှ ကိုယ်ပိုင်မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စီးနင်း၍ ဗဟုသုတစုံလင်စွာလေ့လာစရာများ၊ ရှေးဟောင်းယဉ်ကျေးမှုမြင့်မားစွာ နေထိုင်သွားလာခဲ့မှုတို့အား လေ့လာရန်အတွက် လာရောက်လည်ပတ်လျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Bright View Travels & Tour Co.,Ltd ၏ စီစဉ်မှုဖြင့် အိန္ဒိယနိုင်ငံသားဧည့်သည် ၂၇ ဦးတို့သည် မေ ၁၇ ရက်က ၎င်းတို့၏ မော်တော်ယာဉ် ၁၃ စီးဖြင့် တမူးနယ်စပ်ဂိတ်မှ ဝင်ရောက်လာပြီး တမူး-ကလေး-ပခုက္ကူ-ပုဂံ-ကျိုက်ထို-မြဝတီမြို့များသို့ လှည့်လည်လေ့လာကာ မေ ၂၁ ရက်၌ မြဝတီနယ်စပ်ဂိတ်မှတဆင့် ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ သာယာလှပသော ရေမြေတောတောင် သဘာဝအလှအပများနှင့် သမိုင်းကြောင်း ခိုင်မာသော ယဉ်ကျေးမှု အနုပညာလက်ရာများ၊ ဧည့်ဝတ်ပျူငှာမှုများ၊ တိုင်းရင်းသားမျိုးစုံတို့၏ စိတ်ဝင်စားဖွယ်ရာ ဓလေ့စရိုက်များကြောင့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ နယ်စပ်ဖြတ်ကျော် ယာဉ်တန်းခရီးစဉ်များဖြင့် စိတ်ဝင်တစား လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေး



**နေပြည်တော် မေ ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Dr. Luan Thuy Duong အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးမင်းဦးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး H.E. Dr. Luan Thuy Duong အား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

# ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိလာသည့်အဆိုပြုချက်နှင့် အကြံပြုချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံတွင် ဆွေးနွေးဆုံးဖြတ်မှုများပြုလုပ်နိုင်ရန် တင်ပြသွားမည်

တောင်ကြီး မေ ၂၅

**ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲမှ ရရှိလာသည့် အဆိုပြုချက်နှင့် အကြံပြုချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံတွင် ဆွေးနွေးဆုံးဖြတ်မှုများ ပြုလုပ်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက တင်ပြသွားကြမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ယနေ့ကျင်းပသည့်ဆွေးနွေးပွဲ တတိယနေ့တွင် ပြောကြားသည်။**

ဆွေးနွေးပွဲမှ ရရှိလာသည့် အဆိုပြုချက်နှင့် အကြံပြုချက်များအား ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ၏ နိုင်ငံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီ၊ စီးပွားရေးကိစ္စရပ်များဆွေးနွေးမှု လုပ်ငန်းကော်မတီနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီများသို့ တင်သွင်းကာ လုပ်ငန်းကော်မတီများက ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)မှ တစ်ဆင့် (၂၁)ရာစုပင်လုံညီလာခံတွင် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် တင်ပြသွားကြမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

"အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေဟာ အခုတစ်ကြိမ်တည်းနဲ့ ပြီးသွားမှာမဟုတ်ဘဲ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမယ့်လုပ်ငန်းစဉ်တွေ ဖြစ်တာကြောင့် နောင်ကျင်းပမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေမှာလည်း ပြည့်ပြည့်စုံစုံ တင်ပြဆွေးနွေးနိုင်ဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြဖို့ အကြံပြုလိုပါတယ်"ဟု ၎င်းကဆိုသည်။

ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပခဲ့သည့် သုံးရက်တာကာလအတွင်း နိုင်ငံရေးပါတီနှင့် နိုင်ငံရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသမှ ကိုယ်စားလှယ်များ၊ ခရိုင်အသီးသီးမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက စုစုပေါင်း စာတမ်းပေါင်း ၅၇ စောင်ကို ဖတ်ကြားဆွေးနွေးခဲ့ကြသည်။

တင်သွင်းဆွေးနွေးခဲ့သည့် စာတမ်းများကို သတ်မှတ်မှုဘောင်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီစိစစ်စုစည်းပေါင်းစပ်ပြီး စာတမ်းပြုစုရေးကော်မတီများမှ ပြည်နယ်အဆင့် နိုင်ငံရေးဆိုင်ရာ စာတမ်းတစ်စောင်၊ စီးပွားရေးဆိုင်ရာ စာတမ်းတစ်စောင်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းတစ်စောင် စုစုပေါင်း အနှစ်ချုပ် စာတမ်းသုံးစောင်ကို ဖတ်ကြားခဲ့ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် သက်ဆိုင်ရာကဏ္ဍအလိုက် စာတမ်းများ ဖတ်ကြားကြပြီး ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်က Business for Peace နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌအား စာတမ်းများပေးအပ်သည်။



အဆိုပါ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရန်အတွက် တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကိုအခြေခံပြီး ပါဝင်သင့်သူအားလုံး ပါဝင်သည့် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ အမြင်သဘောထားများကိုစုစည်းကာ (၂၁)ရာစုပင်လုံညီလာခံသို့ တင်ပြသွားရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲကျင်းပ

**တောင်ကြီး မေ ၂၅**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သော ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအပြီးတွင် ဆွေးနွေးပွဲနှင့် သက်ဆိုင်သည့် သတင်းစာရှင်းလင်းပွဲကို ပြုလုပ်သည်။

သတင်းစာရှင်းလင်းပွဲတွင် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအဖွဲ့ဝင် ဦးထွန်းထွန်းဟိန်၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်တို့က တက်ရောက်လာကြသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ဖြေကြားခဲ့ကြသည်။



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအဖွဲ့ဝင် ဦးထွန်းထွန်းဟိန်က ယခုဆွေးနွေးပွဲမှ ဖတ်ကြားတင်ပြလာသည့် စာတမ်းပေါင်း ၅၇ စောင်ကို အမျိုးအစားတူညီသည်များကို စုစည်းသည့်အပြင် မတူညီသည့် စာတမ်းများကိုလည်း ချန်လှပ်ထားခြင်း မရှိဘဲ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှတစ်ဆင့် (၂၁) ရာစုပင်လုံညီလာခံတွင် ဆွေးနွေးမှုများပြုလုပ်နိုင်ရန် တင်ပြသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင် တနင်္သာရီ၊ ပဲခူးနှင့် ရှမ်းပြည်နယ်တို့တွင် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် UPDJC မှ သဘောတူညီချက်ဖြင့် ကိုယ်စားလှယ်များကို ရှမ်းပြည်နယ်အစိုးရက ဖိတ်ကြားခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို လုံးဝလက်ခံမည်မဟုတ်ပါကြောင်း၊ ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုထက် ပြည်တွင်းစည်းလုံးမှုရှိရန် လိုအပ်ကြောင်း၊ အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို အကြိမ်များစွာ ထပ်တလဲလဲ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုရှမ်းပြည်နယ်မှ တင်ပြထားသည့် စာတမ်းများအား ပြည်ထောင်စုအဆင့်မှသဘောတူညီပါက တစ်နိုင်ငံလုံး သိရှိစေရန် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ယခုတင်ပြသည့် စာတမ်းများသည် အချိန်တိုတောင်းသော်လည်း ပြည့်စုံကောင်းမွန်သည့် စာတမ်းများအဖြစ် တွေ့မြင်ရကြောင်း၊ ဘက်ပေါင်းစုံ ရှုထောင့်အမျိုးမျိုးမှ တင်ပြဆွေးနွေးထားသည်ကို ဖတ်ရှုရသည့်အတွက် နောက်ထပ်အချိန်ထပ်တိုး၍ ကျင်းပပေးရန် မလိုတော့လောက်အောင် ပြည့်စုံမှုရှိသည့်အတွက် အချိန်တိုတောင်းမှုအတွက် စိုးရိမ်စိတ်မထားကြစေလိုကြောင်း ဖြေကြားသည်။

အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်က ယခုဆွေးနွေးပွဲသည် ပြည်သူတို့၏ဆန္ဒကို ကိုယ်စားပြုရယူခြင်း ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲသို့ အဓိကကျသော နိုင်ငံရေးပါတီများမှလည်း ပြည့်ပြည့်စုံစုံ တက်ရောက်လာသည်ကို တွေ့ရကြောင်း၊ ယခုဆွေးနွေးပွဲရလဒ်များသည် ရှမ်းပြည်နယ်ကို ကိုယ်စားပြုသည်ဟု ပြောလိုကြောင်း၊ နိုင်ငံရေးအဖွဲ့အစည်းအားလုံးသည် ယခင်ကတည်းက နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို နှစ်စဉ်ရှုဝစဉ်းစားတွေးတောကြံဆနေသူများ ဖြစ်သည့်အတွက် နာရီပိုင်းအတွင်း မိမိတို့၏ မူဝါဒကို တင်ပြနိုင်စွမ်းရှိသူများ ဖြစ်သည့်အတွက် အချိန်ပိုပေးရန် မလိုတော့လောက်အောင် ဒေသအလိုက် ပြည့်စုံမှုရှိသည့် စာတမ်းများ ဖြစ်သည်ဟု ယုံကြည်ကြောင်း ဖြေကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ယခင်မကွေးတိုင်းဒေသကြီးအစိုးရ၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၇ ဘီလီယံကျော် စုံစမ်းဖော်ထုတ်တွေ့ရှိမှုနှင့်ပတ်သက်ပြီး ရှင်းလင်း



**မကွေး ဧပြီ ၂၅**

ယခင်မကွေးတိုင်းဒေသကြီးအစိုးရလက်ထက်က ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးရေးအတွက် ထည့်ဝင်ခဲ့သော ငွေကျပ် ၇ ဒသမ ၄၅၉ ဘီလီယံကျော်နှင့် ပတ်သက်၍ စုံစမ်းတွေ့ရှိချက်များနှင့် ဥပဒေအကြံပြုတင်ပြချက်များအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသို့ လှူဒါန်းခဲ့သည့် မကွေးတိုင်းဒေသကြီးဖွံ့ဖြိုးရေးဖောင်ဒေးရှင်းပိုင် ငွေကျပ် ၁ ဒသမ ၇ ဘီလီယံ၊ မကွေးတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသို့ လှူဒါန်းခဲ့သော မော်တော်ယာဉ်လေးစီး၊ ဘက်ဟိုးတစ်စီး၊ ပွဲထောင်ရေယာဉ်နှစ်စင်း၊ ရွှေသုခအသေးစားငွေရေးကြေးရေးလုပ်ငန်းသို့ လွှဲပြောင်းပေးခဲ့သည့် ငွေကျပ် ၁ ဒသမ ၅၇ ဘီလီယံကျော်တို့အား လက်ရှိမကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန်ကိစ္စ သုံးခုအား ယခင်မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဘုန်းမော်ရွှေ၊ ဖျက်သိမ်းပြီးဖြစ်သော မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် ရွှေသုခ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥက္ကဋ္ဌဖြစ်သူ ဦးကြည်ထွန်းတို့ထံ အသိပေးဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ပြီး တောင်းခံချက်များအား လွှဲပြောင်းပေးအပ်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် ညွှန်ကြားထားကြောင်း ယနေ့ နံနက်ပိုင်းက အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သော ဒေသအစိုးရအဖွဲ့နှင့် သတင်းဌာနအသီးသီးမှ ဒေသအခြေပြုမီဒီယာများ တွေ့ဆုံရှင်းလင်းပွဲတွင် လက်ရှိမကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက ပြောသည်။

"ငွေကျပ်သန်းပေါင်း ၇၄၅၉သန်းအနက် ငွေကျပ်သန်းပေါင်း ၃၀၀၀ ကျော်ကိုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်ပြီးတော့ တောင်းခိုင်းတယ်။ မပေးဘူးဆိုရင် ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်ဖို့ ညွှန်ကြားထားတယ်။ ကျန်တဲ့ ငွေကျပ်သန်း ၄၀၀၀ နဲ့ပတ်သက်လို့ စုံစမ်းစစ်ဆေးဖို့လိုရင် စုံစမ်းစစ်ဆေးမယ်။ တွေ့ရှိချက်တွေကိုပြည်ထောင်စုအစိုးရထံ အစီရင်ခံဖို့လိုရင်ဆက်ပြီးအစီရင်ခံမယ်။ ရှေ့ဆက် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးထိုင်ပြီးတော့ ဆက်လက်ဆုံးဖြတ်မှာပါ"ဟု ဝန်ကြီးချုပ်က ဆိုသည်။

ညွှန်ကြားရေးမှူးချုပ် လက်မှတ်ရေးထိုးထားသော နိုင်ငံတော်သမ္မတရုံးမှပေးပို့သည့် "ရေနံလက်ယက်တွင်းတိမ်လုပ်ငန်းရှင်များက ထည့်ဝင်ပေးသော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများနှင့် ပတ်သက်၍ ဆောင်ရွက်သွားရန်ကိစ္စ"အကြောင်းအရာပါ စာကို ဧပြီ၂၄ ရက်တွင် လက်ခံရရှိပြီး ညွှန်ကြားချက်များနှင့် ရှေ့ဆက်လုပ်ဆောင်မည့်ကိစ္စများကို ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

ဖျက်သိမ်းပြီးဖြစ်သော မကွေးတိုင်းဒေသကြီးဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌဟောင်းမှာ ဦးစိန်ဌေးဖြစ်ပြီး ရွေးကောက်ပွဲအပြီး ပြန်လည်ဖွဲ့စည်းသော ဖောင်ဒေးရှင်းအသစ်ဥက္ကဋ္ဌမှာ ဦးကြည်ထွန်းဖြစ်ကြောင်း၊ မည်သည့်အဖွဲ့တွင် တာဝန်ရှိသည်ကို မေးမြန်းစုံစမ်းရဦးမည်ဖြစ်ကြောင်း မီဒီယာများ၏ မေးမြန်းချက်ကို ဝန်ကြီးချုပ်က ဖြေကြားသည်။

"ဥပဒေအရ ဆိုရင်တော့ အများပိုင်တဲ့ပစ္စည်းကို သုံးတယ်ဆိုလို့ရှိရင် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သည့် ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေနဲ့ ငြိစွန်းနေတယ်။ အရေးယူလို့ရတဲ့အပိုင်းတွေကိုလည်းတွေ့ရပါတယ်။ တချို့မသဲကွဲသေးဘူး။ ဥပဒေအကြံတောင်းလာတဲ့အခါမှာ တိုင်းဒေသကြီးအဆင့်ဆိုရင် ပြန်ကြားပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အဆင့်နဲ့ ဖြေရှင်းဖို့ခက်ခဲနက်နဲတယ်ဆိုရင် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို တင်ပြပြီး အကြံဉာဏ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မကွေးတိုင်းဒေသကြီးဥပဒေချုပ် ဦးဆန်းလင်း က ပြောကြားသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရဆိုလျှင် ပြည်သူပိုင်ပစ္စည်းကို သုံးခွင့်မရှိကြောင်း၊ သုံးသည်ဆိုလျှင် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိစေရဟု ပါရှိကြောင်း ဥပဒေချုပ်က ဆက်လက်ပြောကြားသည်။

ညွှန်ကြားချက်ကို အမြန်ဆုံးအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ကျန်ရှိသည့် ငွေကျပ်သန်း ၄၀၀၀ ကိစ္စနှင့်ပတ်သက်၍ ပြည်သူများ၏ အထင်အမြင်လွဲမှားမှုကို မခံနိုင်သောကြောင့် လုပ်သင့်လုပ်ထိုက်သည်များကို ဆက်လုပ်သွားမည်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်များသည် တရားဝင်စစ်ဆေးထားခြင်းဖြစ်သည့်အတွက် ငြင်းချက်ထုတ်၍ ရသည့်အခြေအနေမဟုတ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေများပြန်ရမည်ဆိုလျှင် ဘဏ်တိုးကပင်တစ်လလျှင် ငွေကျပ်သိန်း ၂၀၀ ကျော်ရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုလုပ်နိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။

**ဇေယျာတု(မကွေး)**

# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထူထောင်ခြင်း ပညာပေးဆွေးနွေး

**လွိုင်ကော် ဧပြီ ၂၅**

ကယားပြည်နယ်အတွင်း မြို့နယ်များရှိ ကျေးရွာများမှ တစ်ပိုင်တစ်နိုင် အိမ်သုံးသစ်ခုတ်ယူနိုင်ရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထူထောင်ခြင်းကိစ္စ ပညာပေးဆွေးနွေးပွဲကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြုလုပ်သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားရာတွင် ယခုလို ဆွေးနွေးပွဲကျင်းပရခြင်းသည် ကယားပြည်နယ်အတွင်းရှိ အဖိုးတန် သဘာဝသစ်တောများကို ရေရှည်တည်တံ့စေရေးအတွက်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း မြို့နယ်များကို သွားရောက်သည့်ခရီးစဉ်များတွင် ဒေသခံများက လမ်းဘေးဝဲယာနှင့် အတွင်းပိုင်းနေရာများတွင် သစ်၊ တိုင်၊ မျောခုတ်ခြင်း၊ တောကိုခုတ်ပြီး လယ်မြေယာမြေချဲ့ထွင်ခြင်းများ ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မိမိပြည်နယ်အတွင်းရှိ သစ်တောသယံဇာတများကို မဆင်မခြင် ခုတ်ယူသုံးစွဲမည်ဆိုလျှင် သစ်တောများ ပျက်စီးပြုန်းတီး၍ ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ပျက်စီးပြီး ရာသီဥတု ဆိုးရွားလာမှုကို ရင်ဆိုင်ခံစားရမည် ဖြစ်ကြောင်း၊ ယင်းပြဿနာကို ဖြေရှင်းရာတွင် သစ်တောဦးစီးဌာနနှင့် ဒေသခံလူထု ပူးပေါင်းဆောင်ရွက်သည့် စနစ်တစ်ခုဖြစ်သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်ခြင်းစနစ်ဖြင့် ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်နှင့် ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ကယားပြည်နယ်အတွင်း မြို့နယ်များရှိ ကျေးရွာများမှ တစ်ပိုင်တစ်နိုင် အိမ်သုံးသစ်ခုတ်ယူနိုင်ရေးနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထူထောင်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက သိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



# ဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအကြား လုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

**စစ်တွေ ဧပြီ ၂၅**

ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအကြား ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးမှုကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင်က ဌာန၏ လုပ်ငန်းဆောင်တာများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအကြား ချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် လုပ်ထုံးလုပ်နည်းများ လွယ်ကူရှင်းလင်းမှုရှိစေရန် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးနေဝင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်နှင့် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးတို့က သက်ဆိုင်ရာဝန်ကြီးဌာနများ၏ မူဝါဒပိုင်းဆိုင်ရာလုပ်ဆောင်ချက်များနှင့် ပြည်နယ်အစိုးရကြား ချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ အတွင်းရေးမှူး ဦးတင်မောင်ဆွေက ဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရများအကြား ဖြစ်ပေါ်လေ့ရှိသော လုပ်ငန်းဆိုင်ရာအခက်အခဲများမှာ ပြည်နယ်အစိုးရမှ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးရုံးများသို့ တင်ပြချက်များအပေါ် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး၊ ပြည်နယ်အစိုးရ၏ အရေးကြီးကိစ္စရပ်များ တင်ပြချက်များအပေါ် အချိန်နှင့်တစ်ပြေးညီ ပြည်ထောင်စုဝန်ကြီးဌာနများမှ လျင်လျင်မြန်မြန်လမ်းညွှန်ဆောင်ရွက်မှုပေးနိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း မွေးဖွားစာရင်း၊ အိမ်ထောင်စုစာရင်းကိစ္စရပ်များအပါအဝင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းဆောင်တာများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် တက်ရောက်လာသည့် သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ရခိုင်ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေ၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ယဉ်လှ၊ တာဝန်ရှိသူများနှင့်သတင်းမီဒီယာများ တက်ရောက်ကြသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

# သာယာဝတီမြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရှေးဟောင်းသုတေသနမှ လာရောက်ကြည့်ရှုစစ်ဆေး

**ကြို့ပင်ကောက် ဧပြီ ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပဲခူးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့အရှေ့ဘက် သာယာဝတီမြို့ဟောင်းရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဧပြီ ၂၃ ရက်က မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်း၊ သာယာဝတီမြို့ဟောင်းရှေးဟောင်းပြတိုက်ဖြစ်မြောက်ရေး အကျိုးဆောင်ရှေးဟောင်းသမိုင်းသုတေသီ ဦးမြင့်ဝေ၊ ရပ်မိရပ်ဖများနှင့်အတူ ရှေးဟောင်းအဆောက်အအုံများ၊ သာယာဝတီမင်း၏ နန်းဦးစေတီတော်၊ ရှေးဟောင်းသာသနိက ပစ္စည်းထားရှိရာနေများ၊ ရှေးခေတ်စေတီပုထိုးနေရာများအား လေ့လာကြည့်ရှုခဲ့သည်။

ယင်းနောက် ဒေသခံများက ရှေးဟောင်းပြတိုက်တစ်ခု ထားရှိရန် ဝန်ကြီးဌာနသို့ တင်ပြချက်နှင့်ပတ်သက်၍ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက သာယာဝတီမြို့ဟောင်းတစ်ဝိုက်မှ တွေ့ရှိထိန်းသိမ်းထားသော ရှေးဟောင်းပစ္စည်းများကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရန် ပြတိုက်ထားရှိရေးအစီအစဉ်အား အသေးစိတ်သိရှိရန် မိမိတို့ လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုအခါ ပြတိုက်ဥပဒေရေးဆွဲဆောင်ရွက်ဆဲဖြစ်၍ ရပ်မိရပ်ဖများထံ သိမ်းဆည်းထားသော ပစ္စည်းများကို ပြတိုက်ဥပဒေ ရေးဆွဲအတည်ပြုပြီးမှသာ ဥပဒေနှင့်အညီ မှတ်တမ်းတင်ပြသနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

သာယာဝတီ မြို့ဟောင်းသည် ကြို့ပင်ကောက်မြို့၏ အရှေ့ဘက် ရှစ်မိုင်အကွာ၌ တည်ရှိပြီး ခရစ်နှစ် ၁၂၄၄ မှ ၁၃၁၉ အထိ သာယာဝတီမင်းနေပြည်တော် အား ကျစွာမင်းကြီး၏ အနွယ်တော် သာယာဝတီမင်း(ဝါ)သတိုးနော်ရထာမင်း ထီးနန်းစိုးစံအုပ်ချုပ်ခဲ့သည်။ ယနေ့တိုင် အမြင့်ကိုးပေ၊ အလျားပေ ၁၀၀၀ ရှည်လျားသော မြို့ရိုးဟောင်းများ၊ ဉာဏ်တော်အမြင့်ပေ ၃၀ ခန့်ရှိသော ရှေးဟောင်းစေတီတော်ကြီးများစွာတို့ ကျန်ရှိနေသည်။ မြို့ဟောင်းသို့သွားလျှင် ကြို့ပင်ကောက်မြို့မှ ထွက်၍ အရှေ့ဘက်သို့ ကားလမ်းအတိုင်းကျောင်းကုန်း၊ သပြေရုံ၊ ကံကလေး၊ တောင်ပို့ပြောင်၊ အလယ်ကုန်း၊ ရွှေပန်းတော ရွာများကျော်ဖြတ်လျှင် မြို့ဟောင်းနှင့်အနီးကပ်ဆုံး တည်ရှိသည့်မြို့တွင်းရွာသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒဖော်ထုတ်

**မိတ္ထီလာ ဧပြီ ၂၅**

မိတ္ထီလာမြို့နယ်၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၁၀နာရီက ချီတက်ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ချီတက်ဆန္ဒဖော်ထုတ်ပွဲသို့ ပြည်သာယာမြောက်ရပ်ကွက် မိတ္ထီလာမြို့နေဦးနန်းဝင်းမောင်(ခ)ဦးနန်းဝင်းက ဦးဆောင်ပြီး ပြည်သူ ၇၀ ခန့်သည် "မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးပူးပေါင်းပါဝင်ကြပါစို့ (မိတ္ထီလာ)" စာတန်းပါ အင်္ကျီများတူညီစွာ ဝတ်ဆင်၍ နန်းတော်ကုန်းရပ်ကွက် ဗိုလ်ချုပ်ကြေးရုပ်ရှေ့မှစတင်၍ ပထမလမ်းမတော်၊ ဇွဲရုံတို့မှတစ်ဆင့် ရတနာမာရ်အောင်ရပ်ကွက်၊ ဒိုဘီကုန်းလမ်းဆုံမှ တော်ဝန်နန်းမီးပွိုင့်အထိချီတက်ခဲ့သည်။

ယင်းမှတစ်ဆင့် နာရီစင်၊ ဈေးအနောက်ဘက် လမ်းမအတိုင်း လှည့်လည်၍ နန်းတော်ကုန်းရပ်ကွက် ဗိုလ်ချုပ်ကြေးရုပ်ရှေ့အထိ ငြိမ်းချမ်းစွာစီတန်းလှည့်လည် ချီတက်ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**သတင်း - တင်လှိုင်(မိတ္ထီလာ)၊**
**ဓာတ်ပုံ - သိန်းမြင့်ကျော်**





ကောလင်းမြို့နယ် လာကာကျေးရွာအနီး၌ တွေ့ရှိသည့် ရွှေများပါရှိသော ကျောက်တုံးတစ်လုံးကို တွေ့ရစဉ်

# လာကာကျေးရွာအနီး ကျောက်ရွှေကြောတွေ့ရှိ

**ကောလင်း ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် လာကာကျေးရွာအုပ်စု လာကာကျေးရွာအနီး ဘိုးမင်းတောင်တွင် ဧပြီ ၂၃ ရက်က လာကာကျေးရွာ ဒေသခံတစ်ဦးမှ ရွှေပါရှိသည့် ကျောက်တုံးကို တွေ့ရှိ၍ ဆက်လက်တူးဖော်ရာမှ ကျောက်ရွှေကြောဖြစ်နေကြောင်း သိရသည်။ အဆိုပါ ရွှေကြောအား ဒေသခံပြည်သူ ၃၀၀ ကျော်ခန့်က လာရောက်တူးဖော်ကြသဖြင့် မလိုလားအပ်သောအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သောကြောင့် တူးဖော်မှုအား သက်ဆိုင်ရာအဖွဲ့အစည်းများက တားမြစ်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သံတောင်ကြီး၌ ကရင်(ဘွဲ့စာပေ)ဆရာဖြစ် မွမ်းမံသင်တန်းဖွင့်

**သံတောင်ကြီး ဧပြီ ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့၌ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများအား ကရင်(ဘွဲ့စာပေ)ဆင့်ပွားသင်ကြားနိုင်ရေးအတွက် ဘွဲ့စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ ကြီးမှူးသင်ကြားမည့် ဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲကို ဧပြီ ၂၄ ရက်က သံတောင်ကြီးအထက ကျောင်းဝင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံအတွင်း၌ ကျင်းပခဲ့သည်။

ကရင်(ဘွဲ့စာပေ)ကို ယခုနှစ် ပညာသင်နှစ်မှစတင်ကာ book(1)အဖြစ် သင်ကြားပို့ချပေးမည်ဖြစ်သောကြောင့် ဆင့်ပွားပို့ချသင်ကြားပေးမည့် ဆရာ၊ ဆရာမများ အခက်အခဲမရှိစေရေးနှင့် စနစ်တကျသင်ကြားပေးနိုင်ရန်အတွက် မွမ်းမံသင်တန်းများကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်းနှင့် ဘွဲ့စာပေကို အင်္ဂလိပ်စာဗျည်းများဖြင့် အခြေခံအသုံးပြုထားပြီး အသံထွက်ဖြင့် ဘွဲ့လိုအသံထွက်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ဘွဲ့စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောယုဒက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းတွင် သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၂၃ ကျောင်းမှ ဆရာ ဆရာမ စုစုပေါင်း ၄၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် ဘွဲ့စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ဘွဲ့စာပေ book(2/3/4) ထုတ်ဝေနိုင်ရန်အတွက် ဘာသာရေးခေါင်းဆောင်ဘုန်းတော်ကြီးများ၊ ဘွဲ့စာပေဝါသနာရှင်လူကြီးများက ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်ဖော်ထုတ်ကာ ခေတ်ကာလနှင့် လျော်ညီသော စာအုပ်များအဖြစ်သို့ ရေးသားထုတ်ဝေသွားနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အောင်မြင်သာစံပြကျေးရွာနေပြည်သူများအား စားနပ်ရိက္ခာ ဆန်ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား ဧပြီ ၂၅**

မြစ်ဆုံစီမံကိန်းကြောင့် ရေပြင်ဧရိယာနှင့် မလွတ်ကင်းသော ကျေးရွာများမှ ပြောင်းရွှေ့လာကြသော အောင်မြင်သာစံပြကျေးရွာ၊ မလိယန်ကျေးရွာနေ ပြည်သူများအား ဧရာဝတီအထက်ပိုင်း မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ် ကုမ္ပဏီလီမိတက်မှစားနပ်ရိက္ခာ ဆန်ထောက်ပံ့ပေးအပ်ပွဲကို မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာ ဈေးမြေနေရာ၌ ဧပြီ ၂၅ ရက်က ကျင်းပသည်။

ဆန်ထောက်ပံ့ပေးအပ်ရာတွင် ဧရာဝတီဒေသကြီးအထက်ပိုင်း မြစ်ညှာမြစ်ဝှမ်း ရေအားလျှပ်စစ်ကုမ္ပဏီလီမိတက် မြစ်ကြီးနား ရုံးခွဲ ဝန်ထမ်း Ms. Gao Bin က မိမိတို့အနေဖြင့် ယခုလိုဆန်ထောက်ပံ့မှုကို ၂၀၁၀ ပြည့်နှစ်ကစပြီး ယနေ့အထိ ထောက်ပံ့ပေးလျက်ရှိရာ အိမ်ထောင်စု ၄၅၀ လူဦးရေ ၂၀၀၀ ကျော်တို့အား သိန်းပေါင်း ၈ ဒသမ ၁၁၁ တို့ကို ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျေးရွာနှစ်ရွာရှိ ပြည်သူများအတွက် ဆန်ထောက်ပံ့ပေးအပ်ရာတွင် ကုမ္ပဏီဝန်ထမ်းများ၏ လစာငွေထဲမှ လစဉ်စုပေါင်းထည့်ဝင်ခဲ့သည့် ငွေများဖြင့် ဆန်များဝယ်ယူပြီး ယခု ထောက်ပံ့ပေးနေခြင်းဖြစ်ကြောင်း၊ မိမိတို့ ဧရာဝတီဒေသကြီး မြစ်ညှာ မြစ်ဝှမ်းရေအားလျှပ်စစ်ကုမ္ပဏီရှိနေသမျှ ကာလပတ်လုံး ကျေးရွာနေပြည်သူများကို ဆက်လက်ပြီး ရိက္ခာဆန်ထောက်ပံ့ပေးသွားမှာဖြစ်ကြောင်း ပြောသည်။



အဆိုပါအောင်မြင်သာစံပြကျေးရွာနေ အိမ်ထောင်စု ၃၂၄ စု လူဦးရေ ၁၈၂၄ ဦးအတွက် လူတစ်ဦးလျှင် တစ်လလေးပြည်နှုန်း လေးလစာအတွက် ဆန်အိမ်စုစုပေါင်း ၁၁၇၃ အိတ်၊ မလိယန်ကျေးရွာ အိမ်ထောင်စု ၁၄၁ စု လူဦးရေ ၆၀၀ အတွက် ဆန် ၂၇၁ အိတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ ကာလတန်ဖိုးငွေကျပ်သိန်း ၄၇၆၅၂၀၀၀ ရှိကြောင်း သိရသည်

**မင်းရာဇာ(မြစ်ကြီးနား)**

# မိုင်းဆတ်မြို့နယ်၌လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**မိုင်းဆတ် ဧပြီ ၂၅**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်၌ ဧပြီ ၂၂ ရက်နှင့် ၂၃ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာ ခုနစ်ရွာမှ လေဘေးသင့် ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် အိမ်ခြေ ၆၅ အိမ်အား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဒါဝိတ်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင်နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့က တစ်အိမ်ထောင်လျှင် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် တစ်သိန်းစီ စုစုပေါင်းငွေကျပ် ၆၆ သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်း လေးမျိုးဖြစ်သော အမျိုးသားလုံချည်၊ အမျိုးသမီးလုံချည်၊ မျက်နှာသုတ်ပဝါနှင့် ကာဘော်လစ်ဆပ်ပြာတို့ကို ဧပြီ ၂၅ ရက် ညနေ ၅ နာရီက သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဧပြီ ၂၂ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် မဟုန်ကန်ကျေးရွာမှ အိမ်ထောင်စုတစ်စု၊ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ မဟုန်လွယ်ကျေးရွာမှ အိမ်ထောင်စု တစ်စု၊ ဧပြီ ၂၃ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် မယ်ကြုတ်ကျေးရွာမှ အိမ်ထောင်စု ၃၅ စု၊ လွယ်ပါရင် (၂)ကျေးရွာမှ အိမ်ထောင်စု ၁၀ စု၊ ဖားမိုက်ကျေးရွာမှ အိမ်ထောင်စု ခုနစ်စုနှင့် ဟွေမော်ကျေးရွာမှ အိမ်ထောင်စု ၁၁ စုတို့ နေအိမ်များ အမိုးလန်ပျက်စီးပြီး လေဘေးသင့်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) ၏ OCHA Donor Support Group (ODSG) အဖွဲ့သည် ဧပြီ ၂၄ ရက်က ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ ပူးပေါင်း၍ နယ်စပ်ဒေသများရှိ IDPs များအား လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေမှု အခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်တုံ့ပြန်မှုဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်း ရေရှည်သဟဇာတဖြစ်စွာ နေထိုင်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နေမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် (OCHA) တို့ ပူးပေါင်း၍ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာကဏ္ဍများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

**သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

# အမေရိကန်စစ်သင်္ဘော တောင်ကိုရီးယားသို့ဆိုက်ရောက်လာချိန်တွင် မြောက်ကိုရီးယားက လက်နက်ကြီးပစ်ခတ်မှုအမြောက်အမြားဖြင့် စစ်ရေးလေ့ကျင့်



USS Michigan နျူကလီးယား စွမ်းအားမြင့် ရေငုပ်သင်္ဘော တောင်ကိုရီးယားနိုင်ငံ ဘူဆန် ရေတပ်အခြေစိုက်စခန်းသို့ ရောက်ရှိလာသည်ကိုတွေ့ရစဉ်

**ဆိုးလ် မေ ၂၅**

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များအပေါ် စိုးရိမ်မှုများ မြင့်တက်လာချိန်တွင် နိုင်ငံ၏ စစ်အင်အားကို ထုတ်ဖော်ပြသသည့် အနေဖြင့် အမေရိကန်ရေငုပ်သင်္ဘောသည် တောင်ကိုရီးယားရေပိုင်နက် အတွင်းသို့ ဝင်ရောက်လာခဲ့ပြီဖြစ်ရာ မြောက်ကိုရီးယားသည် အင်္ဂါနေ့တွင် နိုင်ငံ၏ တပ်မတော်အင်အားခိုင်မာ တောင့်တင်းမှုကို သတိပြုမိစေမည့် လက်နက်ကြီး ပစ်ခတ်လေ့ကျင့်မှုများ အကြီးအကျယ် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အမေရိကန် လေယာဉ်တင်သင်္ဘော ပါဝင်သည့် တိုက်ခိုက်ရေးအုပ်စုသည် ကိုရီးယားရေပိုင်နက်အတွင်းသို့ ဦးတည် ဝင်ရောက်လာခဲ့သလို တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်တို့မှ မြောက်ကိုရီးယားနိုင်ငံ၏ မူဝါဒဆိုင်ရာ ထိပ်တန်း သံတမန်များသည် တိုကျိုမြို့၌ တွေ့ဆုံမှု ပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အနည်းငယ်အတွင်းက မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်က ချမှတ်လိုက်သည့် ပိတ်ဆို့အရေးယူမှုများကို လိုက်နာခြင်း မရှိသည့် နောက်ထပ်တာဝေးပစ်ဒုံးကျည် စမ်းသပ်မှုတစ်ခုကို ထပ်မံပြုလုပ်တော့မည့်အခြေအနေအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။

သို့သော် နိုင်ငံတကာကစိုးရိမ်ထားသကဲ့သို့ မြောက်ကိုရီးယားသည် ဒုံးကျည်စမ်းသပ်မှု ပြုလုပ်မည့်အစား အရှေ့ဘက်ကမ်းရိုးတန်းရှိ ဝန်ဆမ်ဒေသအတွင်း၌ လက်နက်ကြီးပစ်ခတ်သည့် စစ်ရေးလေ့ကျင့်မှုအတွက် တာဝေးပစ်အမြောက်တပ်ဖွဲ့ဝင် အမြောက်အမြားကို ဖြန့်ကြက်ထားခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က ပြောကြားခဲ့သည်။

ဝန်ဆမ်၌ မြောက်ကိုရီးယားလေတပ်အခြေစိုက်စခန်း တစ်ခုရှိပြီး အဆိုပါနေရာ၌ ဒုံးကျည်စမ်းသပ်မှုများကိုလည်း ပြုလုပ်ခဲ့ဖူးကြောင်း သိရသည်။

အင်္ဂါနေ့ညနေပိုင်းက မြောက်ကိုရီးယားသည် ဝန်ဆမ်၌အမြောက်ပစ်ခတ်လေ့ကျင့်မှုများကို အကြီးအကျယ် ပြုလုပ်လျက်ရှိကြောင်းနှင့် တောင်ကိုရီးယားတပ်မတော်က အခြေအနေများကိုစောင့်ကြည့်ကာ အသင့်ရင်ဆိုင်ရန် စီမံထိန်းချုပ်မှုများလုပ်ဆောင်လျက်ရှိကြောင်း၊ တောင်ကိုရီးယားပူးတွဲကာကွယ်ရေးဦးစီးချုပ်ရုံးမှ ပြောကြားခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

## ပါကစ္စတန်တွင် ခရီးသည်တင်ယာဉ်တစ်စီး မြေမြှုပ်မိုင်းနင်းမိသောကြောင့် လူ ၁၀ ဦး သေဆုံး

**အစ္စလာမ်မာဘတ် မေ ၂၅**

ပါကစ္စတန်တွင် ခရီးသည်တင် ဗင်ကားတစ်စီး မြေမြှုပ်မိုင်းနင်းမိသောကြောင့် အနည်းဆုံးလူ ၁၀ ဦး သေဆုံးခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံတွင် ဖော်ပြခဲ့သည်။

ခရီးသည်တင်ယာဉ်သည် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ကာရန်အေဂျင်စီပိုင် နယ်မြေကိုဖြတ်သန်းစဉ် ထိုသို့ မြေမြှုပ်မိုင်းနင်းမိခဲ့ခြင်းဖြစ်သည်။ ကာရန်အေဂျင်စီတွင် သန်းခေါင်စာရင်းကောက်ယူရန်သွားသော ဝန်ထမ်းနှစ်ဦးလည်း ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာများရရှိခဲ့သလို အမျိုးသမီးများနှင့် ကလေးများလည်း ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ကြသည်။

ဒဏ်ရာရရှိခဲ့သည့် ခရီးသည်များကို နီးစပ်ရာဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်းသိရပြီး ပြင်းထန်ဒဏ်ရာရရှိသူများကို ပတ်ရှ်ဝါမြို့ဆေးရုံသို့ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မြေမြှုပ်မိုင်းကြောင့်ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုကို မည်သည့်အဖွဲ့က ပြုလုပ်ခဲ့သည်ဆိုသည်ကို မသိရသေးချေ။ သက်ဆိုင်ရာတာဝန်ရှိသူများက အဆိုပါကိစ္စကို စုံစမ်းလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဂျပန်နိုင်ငံမြောက်ပိုင်းတွင် သံမဏိစက်ရုံ မီးလောင်ပေါက်ကွဲ

**တိုကျို မေ ၂၅**

မေ ၂၅ ရက်က ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်းဒိုးစီရင်စုရှိ သံမဏိစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့ သည်။

ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် အဆာဟီကာဝါမြို့ရှိ သံမဏိစက်ရုံ၌ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး တစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း မီးသတ်သမားများက ပြောသည်။

ပေါက်ကွဲမှုများဆက်လက်ဖြစ်ပွားနိုင်သဖြင့် သံမဏိစက်ရုံကို ပိတ်ထားခဲ့ပြီး အနီးဝန်းကျင်ဒေသရှိ ဒေသခံများကိုလည်း ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် အကြံပြုထားကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ယီမင်ငြိမ်းချမ်းရေးအဖြေရှာရန် ငြိမ်းချမ်းစွာဆွေးနွေးမှုဖြင့် ချဉ်းကပ်သင့်ကြောင်း ဂူတာရက်စ်ပြောကြား




**ဂျီနီဗာ မေ ၂၅**

ယီမင် အပစ်အခတ်ရပ်စဲရေးအတွက် တစ်ခုတည်းသော နည်းလမ်းမှာ နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာခြင်းပင် ဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်မှသာလျှင် ယီမင်ပြည်သူများခံစားနေရသော ဘေးဒုက္ခအပေါင်းမှ လွတ်မြောက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က မေ ၂၅ ရက်က ပြောကြားခဲ့သည်။

ယနေ့ခေတ်အချိန်အခါသည် ယီမင်နိုင်ငံအနေဖြင့် ဝမ်းနည်းဖွယ်ကိစ္စရပ်များ အမြောက်အမြားရင်ဆိုင်ခံစားနေရသည့် အချိန်အခါဖြစ်ကြောင်း၊ နှစ်နှစ်ကြာဖြစ်ပွားခဲ့သော စစ်ပွဲများကြောင့် ယီမင်ပြည်သူများ အသက်အိုးအိမ်စည်းစိမ်များပျက်စီးခဲ့ရကြောင်း စသည်ဖြင့် ယီမင်နိုင်ငံဆိုင်ရာ လူသားချင်းစာနာနားလည်မှုအဆင့်မြင့် အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ပြောကြားခဲ့သည်။

စစ်ပွဲသည် နိုင်ငံ့စီးပွားရေးကို ပျက်စီးစေရုံသာမက ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကိုပါ ဆုတ်ယုတ်စေကြောင်း၊ ထို့ပြင် လူ သုံးသန်းကိုလည်း အိုးမဲ့အိမ်မဲ့ဖြစ်စေကြောင်း၊ နိုင်ငံရေးမတည်ငြိမ်သဖြင့် စိုက်စားပျိုးစား၍ မရနိုင်သလို အခြေချနေထိုင်၍လည်းမဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အခြေခံဝန်ဆောင်မှုများအားလုံး ပျက်စီးသွားပြီဖြစ်ကြောင်း၊ လူသန်းပေါင်းများစွာ ရောဂါဘယများနှင့် စိုးရိမ်ထိတ်လန့်မှုများကို ခံစားနေရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂစာရင်းဇယားများအရ လူဦးရေ၏ သုံးပုံနှစ်ပုံ သို့မဟုတ် ၁၉ သန်းနီးပါးခန့်သည် အရေးပေါ် အကူအညီများ လိုအပ်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် လူဦးရေ ၁၇ သန်းခန့်သည် အစားအစာလုံလောက်မှုမရှိသည့် ပြဿနာများအပြင် ကမ္ဘာ့အဆိုးရွားဆုံး အစာရေစာငတ်မွတ်မှုကို ခံစားနေရကြောင်း သိရသည်။

ယီမင်နိုင်ငံဆိုင်ရာ အထူးသံတမန်အား ပါတီများအချင်းချင်း ငြိမ်းချမ်းရေးဆွေးနွေးမှုဖြင့် ဆီးရီးယားအကျပ်အတည်းကို အဖြေရှာရေး ဝိုင်းဝန်းကူညီပေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်တွန်းလိုက်သည်။ ယီမင်နိုင်ငံကို မြေပေါ်၊ မြေအောက်မကျန် အဘက်ဘက်မှ ကူညီပေးရန် လူတိုင်းကို တိုက်တွန်းကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ရုရှားစာသင်ကျောင်းတစ်ကျောင်းတွင် လက်ပစ်ဗုံးပေါက်ကွဲ၊ တစ်ဦးသေဆုံး

**မော်စကို မေ ၂၅**

ယမန်နေ့က ရုရှားနိုင်ငံရှိ စာသင်ကျောင်းတစ်ကျောင်းတွင် လက်ပစ်ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကျောင်းသားတစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ဝန်ကြီးတစ်ဦးက ပြောခဲ့သည်။

ကျောင်းသားတစ်ဦးသည် အဆိုပါလက်ပစ်ဗုံးအား ကိုင်တွယ်ပြီးနောက် စာသင်ခန်းသို့ ယူဆောင်လာစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စာသင်ကျောင်းအတွင်းသို့ အကြောင်းမဲ့သက်သက် လက်ပစ်ဗုံးယူလာသည့် ကျောင်းသားကို ထိန်းသိမ်းထားပြီး စစ်မေးလျက်ရှိကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုသည် ရုရှားနိုင်ငံတောင်ပိုင်း ဒါဂီစတန် ဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ယင်းဒေသတွင် သောင်းကျန်းသူများ ကျင်လည်ကျက်စားနေသည့် ဒေသတစ်ခုဖြစ်ပြီး ပဋိပက္ခဖြစ်ပွားရာ အရှေ့အလယ်ပိုင်းဒေသနှင့် နီးကပ်စွာရှိနေကြောင်း သိရသည်။

အဆိုပါဒေသတွင် အကြမ်းဖက်မှုများဖြစ်ပွားနေသည်မှာ နှစ်ကာလအတော်ကြာပြီဖြစ်ကြောင်း သိရသည်။ လက်ပစ်ဗုံးပေါက်ကွဲမှုသည် အကြမ်းဖက်မှု ဟုတ်မဟုတ် လတ်တလောတွင်မသိရသေးချေ။

**(ဆင်ဟွာ)**



# သုဇနကာရီ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးပရဟိတကျောင်း၌ နွားများဘေးမဲ့လွှတ်ဒါန်း



**နေပြည်တော် ဧပြီ ၂၅**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာရှိ သုဇနကာရီ နယ်စပ်ဒေသတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ ကျောင်း၌ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) ထူးကုမ္ပဏီများ အုပ်စု၏ နွား ၁၃ ကောင် ဘေးမဲ့လွှတ်ဒါန်းပွဲကို ဧပြီ ၂၅ ရက်က အဆိုပါကျောင်းရှိ နွားဘေးမဲ့ခြံ၌ ကျင်းပသည်။

ဆာဖာရီဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဦးက " ကျွန်တော်တို့ဆီမှာ အရင်တုန်းက နွားဘေးမဲ့လှူချင်တဲ့သူတွေက လာလှူထားတဲ့ နွားတွေပါ၊ အခုအချိန်မှာတော့ နွားတွေကလည်း များလာပြီး တိရစ္ဆာန်တွေနဲ့ မအပ်စပ်တော့ ဥယျာဉ်ထဲမှာ ထိန်းသိမ်းဖို့ ခက်လာပါတယ်။ အဲဒါကြောင့် လှူဒါန်းဖို့ စုံစမ်းကြည့်တော့ မန္တလေးကို ဆက်သွယ်ကြည့်တော့ ဒီခေတ်အေးကျေးရွာရှိ သုဇနကာရီ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတကျောင်းမှာ လှူဒါန်းလို့ရတယ်ဆိုတော့ လာလှူတာပါ" ဟု ပြောသည်။

အဆိုပါ ဘုန်းတော်ကြီးကျောင်းတွင် ယခင်က ဘေးမဲ့လှူဒါန်းထားသော နွား ၄၃ ကောင်ကိုလည်း နွားဘေးမဲ့ဥယျာဉ်ခြံအတွင်း၌ ထိန်းသိမ်းထားရှိရာ ယခုအခါ အဆိုပါ ဥယျာဉ်ခြံအတွင်း၌ ဘေးမဲ့နွားကောင်ရေ စုစုပေါင်း ၆၃ ကောင် ရှိပြီဖြစ်ကာ နွားကောင်ရေ ၁၀၀ အထိ ထိန်းသိမ်း ပြုစုစောင့်ရှောက်သွားမည်ဖြစ်ကြောင်း ခေတ်အေးဆရာတော် ဘဒ္ဒန္တသုဇနက မိန့်ကြားသည်။

ခေတ်အေးပရဟိတကျောင်းတွင် ထိန်းသိမ်းစောင့်ရှောက်ထားသော ဘေးမဲ့နွားများအနက် ခြေငါးချောင်းရှိသော ထူးဆန်းသည့် နွားတစ်ကောင်ကိုလည်း တွေ့မြင်ခဲ့ရသည်။ "သူ့ကိုတော့ ပွားလေးလို့ပဲ ချစ်စနိုးနဲ့နာမည်ပေးထားတယ်။ တစ်ခါတစ်ရံကျရင် ရွာထဲသွားလည်ပြီးတော့ ရွာထဲမှာပဲအိပ်တယ်။ အစကတော့ ရွာသားတွေက ပြန်ပြန်မောင်းထုတ်သေးတယ်။ နောက်တော့ သူတို့လည်း သံယောဇဉ်ရှိလို့ထင်တယ်၊ ပြန်မမောင်းကြတော့ဘူး။ စိုက်ခင်းထဲဝင်လို့ ခြောက်ရင် စိုက်ခင်းထဲမွှေပြီး ပျက်စီးအောင်လုပ်တတ်တယ်။ သူ့ကို အသာတကြည် ပွားလေးသွားတော့ဆိုရင်တော့ ပြန်သွားတတ်တယ်လို့ ပြောကြတယ်" ဟု ဆရာတော်က မိန့်ကြားသည်။

ယခုလက်ရှိတွင် နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားရေးအသင်းချုပ် (မန္တလေး)၏ နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တတိက္ခ ဦးဆောင်မှုဖြင့် ၂၀၁၃ ခုနှစ် မေ ၃၀ရက် တွင် တိရစ္ဆာန်ဘေးမဲ့ဥယျာဉ်ကြီးအား မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဆည်တော်လေးကျေးရွာ၌ နွားအကောင် ၈၀၊ ယုန်အကောင် ၁၀၀၊ ကြက်ဆင်၊ ကြက်၊ ဘဲ၊ မန်ဒါလီ၊ ငန်းတို့ကိုလည်းကောင်း၊ အမရပူရမြို့နယ် မြတ်စွယ်တော် ဥယျာဉ်တော်အရှေ့ဘက်၌ နွား ၄၇ ကောင်၊ ကျွဲသုံးကောင်၊ ယုန်အကောင် ၅၀ ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ်၌ နွားအကောင် ၂၀၀၊ ဆိတ်အကောင် ၁၅၀ နှင့် မြင်းနှစ်ကောင်တို့ကို ပြုစုစောင့်ရှောက်ထားကြောင်း သိရသည်။

ဆက်လက်၍ တိရစ္ဆာန်ဘေးမဲ့ဥယျာဉ်တော်များ တိုးချဲ့တည်ထောင်၍ တိရစ္ဆာန်များ ဘေးမဲ့စောင့်ရှောက်ခြင်းကို ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တကောင်းမြို့နယ် တကောင်းရွှေပြည်ကျေးရွာ၌ ဆရာတော် ဦးသောဘိတ ဦးဆောင်၍ နွားအကောင် ၁၀၀ကိုလည်းကောင်း၊ သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းကျေးရွာဆရာတော် ဦးပညာနန္ဒ ဦးဆောင်၍ နွားအကောင် ၁၀၀ ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကသစ်ဝိုင်းကျေးရွာ ဆရာတော်ဦးနန္ဒမာလာ ဦးဆောင်၍ နွားအကောင် ၁၀၀ နှင့် ဆိတ်များကိုလည်းကောင်း နှစ်စဉ်စောင့်ရှောက်မွေးမြူအသက်ကယ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဘေးမဲ့ဥယျာဉ်များအတွက် လှူဒါန်းလိုပါက နွား ၅၀ ထားရန် ပေ (၉၀×၃၀)၊ တစ်တဲလျှင် ငွေကျပ် ၃၅ သိန်း နွားစာတဲ ပေ(၃၀×၂၀) အလုံကာ တဲတစ်လုံးလျှင် ငွေကျပ် ၂၅ သိန်းနှင့် ရေဂါလန် ၅၀၀ ဆံ့တစ်ကန်လျှင် ငွေကျပ် ၃ သိန်းနှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

ဘေးမဲ့လှူဒါန်းထားသောနွားများ၊ ဆိတ်များကို နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ စားကျက်သို့လွှတ်ကျောင်းသောစနစ်ကို ကျင့်သုံးကာ နွေရာသီသုံးလတွင် မြက်များခြောက်သွေ့သဖြင့် ကောက်ရိုးများ နွားအရေအတွက်နှင့် တွက်ချက်ကာ ဝယ်ယူစုဆောင်း၍ ကျွေးမွေးသောစနစ်ကို ကျင့်သုံးလျက်ရှိရာ ကောက်ရိုးဖိုးများလည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

ဘေးမဲ့ဥယျာဉ်များအတွက် လှူဒါန်းလိုပါက ဆရာတော်ဘဒ္ဒန္တသုဇနခေတ်အေးပရဟိတ ဇေယျာသီရိမြို့နယ် နေပြည်တော် ဖုန်း ၀၉-၄၉၂၀၁၉၆၃၊ ၀၉-၄၄၅၄၆၂၅၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်း -ဝေသူနွယ်၊**
**ဓာတ်ပုံ- သီဟစည်သူ**



# မြောက်ဦး လေယာဉ်ကွင်းတည်ဆောက်နေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ကြည့်ရှုစစ်ဆေး

**မြောက်ဦး ဧပြီ ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့အတွင်း ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့မှ ၂၀၁၇ ခုနှစ် ဧပြီ ၂၃ ရက်က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု၊ မြို့နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ လူမှုရေးဝန်ကြီး ဒေါက်တာ ဦးချမ်းသာ၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် တာဝန်ရှိသူများ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်တို့ မြောက်ဦးမြို့နန်းကျားကျေးရွာတွင် အကောင်အထည်ဖော် ဆောက်လုပ်လျက်ရှိသော မြောက်ဦးလေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းခွင် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ တည်ဆောက်ရေးတာဝန်ခံ မန်နေဂျာက လေယာဉ်ပြေးလမ်း တည်ဆောက်နေမှုများနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြောက်ဦးလေယာဉ်ကွင်း တည်ဆောက်နေမှုနှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြောက်ဦးမြို့ပေါ်၌ တည်ဆောက်လျက်ရှိသော ကန်လှချောင်း တူးဖော်ပြီးစီးမှု အခြေအနေ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ သီးသန့်ရန်ပုံငွေဖြင့် အသစ်တည်ဆောက်လျက်ရှိသော ဝါဈေးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် မဟိန်ကျီတံတား တည်ဆောက်နေမှုတို့နှင့် ဘားဘူတောင်မြေထိန်းနံရံ တည်ဆောက်မည့်နေရာတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းသုံးသပ်ဆွေးနွေး

**ဗန်းမော် ဧပြီ ၂၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၄ ရက်က ရွှေကူမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်တို့က အမှာစကား ပြောကြားသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးသိန်းလင်းက ၂၀၁၄-၂၀၁၅ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်စီမံကိန်းကျေးရွာများ၏ စီမံကိန်းဖော်ဆောင်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းဆွေးနွေးပြီး စံပြကျေးရွာဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကြွေပုဂံချောင်းအုပ်စု လယ်ဧက ၁၀၀၀၀ ကျော် ရေနစ်မြုပ်ခြင်းကို ကာကွယ်ရေးအဖွဲ့အား လယ်သမားများဆန္ဒပြဖော်ထုတ်

**တိုက်ကြီး ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကြွေပုဂံချောင်းကျေးရွာအုပ်စုမှ ဦးစန်းမောင်ဦးဆောင်၍ လယ်သမား ၁၀၀ ခန့်က ဧပြီ ၂၄ ရက် က ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ပွဲတွင် လယ်ဧကပေါင်း ၁၀၀၀၀ ကျော် ရေနစ်မြုပ်မှုမှ အချိန်မီကာကွယ်တားဆီးပေးရေး ၊ ဒါးပွဲအင်းဂရမ်ဖောက်ဖျက်ထားခြင်းအား ပြန်လည်ဖော်ထုတ်ပေးရေး၊ ဒါးပွဲအင်းအတွင်း ငါးမွေးကန်တူးဖော်ခြင်းအား ချက်ချင်းရပ်ဆိုင်းပေးရေးပိုစတာများကိုင်ပြီး ကြွေးကြော်ကာ တိုက်ကြီးမြို့ ရှမ်းစုရပ်ကွက် ငါးလုပ်ငန်းဦးစီးဌာနရုံးမှ တစ်မိုင်လမ်းအတိုင်း ပြည်လမ်း မြို့နယ်မြေစာရင်းဦးစီးဌာနရုံးရှေ့ ယင်းမှ ပြည်လမ်း၊ စုပေါင်းရုံးလမ်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအထိ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

"ကျွန်တော်တို့ ကြွေပုဂံချောင်းအုပ်စုမှာ နှစ်စဉ်လယ်တွေရေနစ်ပျက်စီးတယ်။ မြေစာရင်းကလည်း မြေပုံတွေဆွဲပေးပြီး ငါးကန်တူးခွင့်လိုင်စင်ရအောင် ပုံဆွဲပေးတယ်။ ငါးကန်တူးခြင်းကြောင့် ကျွန်တော်တို့ ဧကလယ် ၁၀၀၀၀ ကျော် ရေနစ်လို့ လယ်သမားတွေ စားဝတ်နေရေး ခက်ခဲနေတယ်" ဟု လယ်သမား ဦးသောင်းတင်က ပြောသည်။

လယ်ယာမြေဧကပေါင်း ၁၀၀၀၀ ကျော်အား ရေနစ်မြုပ်မှုကာကွယ်ရေးကိစ္စနှင့်ပတ်သက်၍ တိုက်ကြီးမြို့နယ် မြေစာရင်းဦးစီးဌာန တာဝန်ရှိသူထံသို့ သွားရောက်မေးမြန်းရာ ကြွေပုဂံချောင်းအုပ်စုတစ်ခုလုံး (ရွာမြေ၊ လယ်မြေ၊ အင်းမြေ၊ စိုက်ပျိုးမြေ အပါအဝင်) မြေဧကပေါင်း ၇၄၉၈ ဧကရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မိုးစပါး ၁၇၂၃ ဧက၊ နွေစပါး ဧက ၂၈၀၊ ဆောင်းသီးနှံ ၁၇၂၄ ဧက စိုက်ပျိုးခဲ့ကြောင်း သိရှိရပြီး အဖျောက်တိုက်နယ်တစ်ခုလုံး မိုးတွင်း တွင် ရေကြီးရေလျှံ ဖြစ်ပေါ်သည်ဟု တိုက်နယ်တာဝန်ခံက ပြောကြားသည်။



ဒါးပွဲအင်းဂရမ် ဖျောက်ဖျက်ထားခြင်းဆိုသည့်ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနသို့သွားရောက်မေးမြန်းရာ ဒါးပွဲအင်းဂရမ် ဖျောက်ဖျက်ထားခြင်း မရှိကြောင်း။ ဒါးပွဲအင်းကို ၂၀၀၇-၂၀၀၈ ခုနှစ်တွင် အမှတ် ၄ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်မှ လေလံအောင်ပြီး ယခုကြေးတိုင်အင်းအဖြစ် ပထမသုံးနှစ်၊ ဒုတိယသုံးနှစ်၊ တတိယသုံးနှစ်၊ ကိုးနှစ်ဆက်တိုက် ကြေးတိုင်လိုင်စင်ရထားခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် လိုင်စင်သက်တမ်းကုန်၍ ထပ်မံ၍ လေလံပစ်မည်ဖြစ်ကြောင်း၊ ဒါးပွဲအင်းကို ကြေးတိုင်ရထားသူက လိုင်စင်ငွေကျပ် ၃၅၈ သိန်း ကျော်ဖြင့် ဧပြီ ၃ ရက်တွင် ပေးသွင်း ပြီးဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန၊ ဦးစီးအရာရှိက ပြောသည်။

ဒါးပွဲအင်းအတွင်း ငါးကန်တူးခြင်း ရပ်ဆိုင်းပေးရေးဆိုသည့်ကိစ္စနှင့်ပတ်သက်၍ ငါးကန်တူး ခွင့်ရရှိသူ အဖျောက်မြို့ ဦးခင်မောင်ဝင်းကို ဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာ ငါးကန် တူးခွင့်ကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီက မွေးမြူရေးလုပ်ရန်အတွက် အသုံးပြုခွင့်ပေးထားသော ခွင့်ပြုမိန့်မှာ ၄-၃-၂၀၁၆ ခုနှစ် အစည်းအဝေးဆုံးဖြတ်ချက် ဃ/၂၈ ဖြင့် ဧက (၂၉၀) ၊ ဃ/၃၀ ဖြင့် (၅၁) ဧက၊ ဃ/၃၁ ဖြင့် (၄၆) ဧက၊ ဃ/၃၂ ဖြင့် (၄၈) ဧက၊ ဃ/၃၃ ဖြင့် (၅၆) ဧက၊ စုစုပေါင်း ၄၉၁ ဧကကို ဦးခင်မောင်ဝင်းပါ ငါးဦးခွင့်ပြုမိန့်ဖြင့် ငါးကန်တူးဖော်ထားကြောင်းနှင့် ငါးကန် လိုင်စင်များ ယခုနှစ်တွင် တရားဝင် ပေးဆောင်ထားကြောင်း ၎င်းကပြောသည်။ **ထွန်းလှိုင်(မြိုင်)**

# ဈေးဆိုင်ခန်း အခွန်အခများတိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်ပြီး ဒုတိယအကြိမ် ဆန္ဒထုတ်ဖော်

**မြင်းခြံ မေ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ မေ ၂၄ ရက် ညနေ ၄ နာရီခန့်တွင် ဈေးဆိုင်ခန်းများ အခွန်အခများ တိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်ပြီး ဈေးသူ၊ ဈေးသားနှင့် မြို့ခံပြည်သူ ၃၀၀၀ ကျော်ခန့်က ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။



"ကျွန်တော်တို့က အစိုးရကိုဆန့်ကျင်ပြီး အခုလို ဆန္ဒထုတ်ဖော်တာမဟုတ်ပါဘူး။ တခြားမြို့နယ်တွေနည်းတူ အခွန်အခတွေ တန်းတူဖြစ်စေချင်လို့ပါ။ မြင်းခြံမြို့ရှိ ဈေးဆိုင်ခန်းနှုန်းထားတွေဟာ အခုဆိုရင် အခွန်အခတွေ တိုးမြှင့်ကောက်ခံနေတာကြောင့် အခြေခံစားကုန်၊ လူသုံးကုန်ရောင်းဝယ်နေကြတဲ့ အောက်ခြေလူတန်းစားတွေ၊ လက်လုပ်လက်စား ဈေးသူ၊ ဈေးသားတွေအတွက် အခွန်အခတွေ တိုးမြှင့်ကောက်ခံတာကြောင့် မိသားစုစားဝတ်နေရေးအတွက် အခက်အခဲတွေ ဖြစ်နေရပါတယ်။ အမှန်ဆိုရင် သက်ဆိုင်ရာဈေးကော်မတီနဲ့ ဌာနအဖွဲ့အစည်းတွေက ဈေးသူ ဈေးသားတွေရဲ့ အခက်အခဲကို ပြေလည်အောင် ညှိနှိုင်းတိုင်ပင်သင့်ပါတယ်။ မြင်းခြံမြို့မှာ မြို့မဈေး၊ အေးမြသီတာဈေးနဲ့ စံပြဈေးဆိုပြီး ဈေးသုံးဈေးရှိရာမှာ မြို့မဈေးက တစ်လ ဆိုင်ခန်းငှားရမ်းခအနေနဲ့ အရင်ဈေးနှုန်းတွေထက် တိုးမြှင့်ကောက်ခံမယ့် အခွန်အခတွေအတိုင်း အခု မေ ၁ ရက်က စတင်ပေးဆောင်ရမယ်လို့ မြို့နယ်စည်ပင်သာယာရေးကော်မတီက တရားဝင်ထုတ်ပြန်ကြေညာထားတာနဲ့ ပတ်သက်လို့ အခုလို သက်ဆိုင်ရာဌာနတွေရဲ့ ခွင့်ပြုမိန့်ရယူကာ ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒထုတ်ဖော်နေတာပါ။ ဒီအကြိမ်နဲ့ဆိုရင် ဈေးဆိုင်ခန်းအခွန်တွေ တိုးမြှင့်ကောက်ခံတာနဲ့ ပတ်သက်လို့ ဒုတိယအကြိမ်ရှိပါပြီ"ဟု ဦးဆောင်ပါဝင် ဆန္ဒထုတ်ဖော်သူတစ်ဦးက ဆိုသည်။

**ကျော်ကျော်(မလှိုင်)**

# ကျိုင်းတုံ၌ အေးခဲအသားများနှင့် စားသုံးရန်မသင့်သည့်ပစ္စည်းများသိမ်းဆည်း၍ မီးရှို့ဖျက်ဆီး

**ကျိုင်းတုံ မေ ၂၅**

ကျိုင်းတုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက်အတွင်းရှိ နေအိမ်နှစ်အိမ်မှ အေးခဲအသားများနှင့် စားသုံးရန် မသင့်သည့်ပစ္စည်းများကို သိမ်းဆည်း၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။



"ဒီမနက်ပိုင်းက ကျွန်တော်တို့အဖွဲ့ကို သတင်းပေးတိုင်ကြားမှုရှိလို့ သွားရောက်စစ်ဆေးတော့ အမှတ်(၂) ရပ်ကွက်ထဲက တင်ပါရပ်မှာ တစ်အိမ်၊ ဆောင်ပျက်ရပ်မှာတစ်အိမ် ဒီပစ္စည်းတွေ သိုလှောင်ထားတာတွေ့တယ်။ ဒီနှစ်အိမ်လုံး လွန်ခဲ့တဲ့နှစ်လလောက်က ဒါတွေစစ်ဆေးတွေ့ရှိလို့ ကျွန်တော်တို့က ပညာပေးဆွေးနွေးတော့ သိုလှောင်ရောင်းချခြင်း မပြုပါဘူးလို့ သူတို့ဝန်ခံကတိ လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။ ဒီတစ်ခါတော့ ကျွန်တော်တို့ သိမ်းဆည်းအရေးယူမှု ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခုတစ်ခါတည်း မီးရှို့ဖျက်ဆီးမှာပါ"ဟု မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းစိုးက ပြောသည်။

သိမ်းဆည်းပစ္စည်းများတွင် ပလတ်စတစ်ဖြင့် ထုပ်ပိုးထားသည့် အေးခဲအသားများ၊ ဆိုင်ကော်အချောင်း၊ ပုစွန်၊ ကဏန်း၊ ငါးဖယ်ချောင်းနှင့် အသားလုံးထုပ် စသည်တို့ ပါဝင်သည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ဒီပစ္စည်းတွေနဲ့ ပတ်သက်လို့ အသိပညာပေးလုပ်ငန်းတွေ စဉ်ဆက်မပြတ် ဆောင်ရွက်နေတဲ့အပြင် တင်သွင်း၊ သိုလှောင်၊ ရောင်းချတာတွေ မပြုဖို့ကိုလည်း ဆွေးနွေးတာ၊ ကွင်းဆင်းစစ်ဆေး သတိပေးတာတွေ လုပ်ထားပြီးဖြစ်ပါတယ်"ဟု စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှစိုးက ပြောသည်။

အဆိုပါအေးခဲအသားနှင့် စားသုံးရန်မသင့်သည့် ပစ္စည်းမျိုးစုံကို ကျိုင်းတုံမြို့အမှတ်(၂)ရပ်ကွက် တင်ပါရပ်တွင်ရှိသည့် နေအိမ်တစ်အိမ်မှ ၃၃၈ ထုပ် တန်ဖိုး ငွေကျပ် ၇၇၉၂၀၀၊ ဆောင်ပျက်ရပ်ရှိ နေအိမ်တစ်အိမ်မှ ၅၂၆ ထုပ် တန်ဖိုးငွေကျပ် ၂၃၆၄၂၀၀ စုစုပေါင်း ၈၆၄ ထုပ် တန်ဖိုးငွေကျပ် ၃၁၄၃၄၀၀ ဖြစ်ပြီး ယနေ့ ညနေ ၄ နာရီတွင် ကျိုင်းတုံမြို့ ကျိုင်းဖောင်ရပ် မီးရထား ဘူတာရုံဟောင်းအနီးတွင် သက်သေများရှေ့၌ မီးရှို့ဖျက်ဆီး ခဲ့ကြောင်း သိရသည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

# ငါးသရောက်မြို့နယ်၌ လေပြင်းတိုက်ခတ်၍ စက်စက်ယို - ညောင်ဦး ဓာတ်အားလိုင်းများရှိ ကြွေသီးအချို့ပျက်စီး

**ငါးသရောက် မေ ၂၅**

မန္တလေးတိုင်းဒေသကြီး ငါးသရောက်မြို့နယ်တွင် မေ ၂၄ ရက် ည ၇ နာရီက မိုးအနည်းငယ်ရွာသွန်းပြီး လေပြင်းများတိုက်ခတ်မှုကြောင့် စက်စက်ယိုကျေးရွာမှ ညောင်ဦးမြို့နယ်အထိ တပ်ဆင်ထားရှိသည့် လျှပ်စစ်ဓာတ်အားလိုင်းများအချို့မှ ကြွေသီးများ ကွဲအက်သွားခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ရာ မေ ၂၅ ရက် နံနက်ပိုင်းက မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန်နှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လျှပ်စစ်မီးပြန်လည်အသုံးပြုနိုင်ရေးအတွက် ကြွေသီးများ ကွဲအက်သွားခဲ့သည့် စက်စက်ယို-ညောင်ဦး ဓာတ်အားလိုင်းများသို့ သွားရောက်ပြီး ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ကြွေသီးများ ကွဲအက်နေသည့် လျှပ်စစ်ဓာတ်အားလိုင်းသုံးခုကို ကြွေသီးအသစ်များ ပြန်လည်တပ်ဆင် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ငါးသရောက်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန် ဦးဆောင်၍ ဝန်ထမ်းများက လေပြင်းတိုက်ခတ်မှုကြောင့် စက်စက်ယို- ညောင်ဦး ဓာတ်အားလိုင်းတစ်လျှောက်ရှိ ကွဲအက်နေသည့်ကြွေသီးများကို အချိန်နှင့်တစ်ပြေးညီ အသစ်ပြန်လည်တပ်ဆင် ဆောင်ရွက်ပေးမှုကြောင့် မေ ၂၅ ရက် မွန်းလွဲပိုင်းတွင် ပြည်သူများ လျှပ်စစ်မီးပြန်လည်အသုံးပြုခွင့်ရရှိကာ အဆင်ပြေလျက် ရှိနေကြကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန်က ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင်စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၄ စီး၊ သွင်းကုန် ၄၆၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၅၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉ ဒသမ ၉၂၄ သန်းခန့် စုစုပေါင်း တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၉၂၄ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၄ ရက်တွင် မော်လမြိုင်နှင့် ရေးမြို့တို့မှ ရန်ကုန်မြို့သို့ ဝင်ရောက်လာသည့် အမှတ်(၃၆) နှင့်အမှတ်(၁၇၆) အစုန်ရထားတို့အား အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ အထူးကင်းအဖွဲ့က ရန်ကုန်ဘူတာကြီး၌ ရှောင်တခင်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃ ဒသမ ၅၁၅ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ

# ကာလိမြို့၌ လေပြင်းတိုက်ခတ်မှုဖြစ်ပွား

**လွိုင်လင် မေ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် ကာလိမြို့တွင် မေ ၂၅ ရက် မွန်းလွဲပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကာလိမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဦးစိုင်းပန်းအောင်၏ နှစ်ထပ်တိုက်အိမ်မှ သွပ်ပြားလန်ခြင်း၊ ဦးစိုင်းလုံ၏ နှစ်ထပ်တိုက်အိမ်မှ သွပ်ပြားလန်ခြင်း၊ ဦးလုံးရွှေအောင်၏ မြေစိုက်တစ်ထပ်အိမ်မှ သွပ်ပြားလန်ခြင်းနှင့် ဦးဆိုင်ချို၏ တိုက်အိမ်မှ သွပ်ပြား၊ သွပ်မိုးများ ပျက်စီးဆုံးရှုံးမှု ဖြစ်ခဲ့ရသည်။ စုစုပေါင်းပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးမှာ ငွေကျပ် ၄၀၉၉၂၀ ဖြစ်ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုမရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# တစ်သောင်းတန် မြန်မာငွေစက္ကူအတု ကိုင်ဆောင်သုံးစွဲသူအား ဖမ်းဆီးရမိ

**သဃ်န်းညီနောင် မေ ၂၅**

မေ ၂၄ ရက် မွန်းတည့် ၁၂ နာရီက ကရင်ပြည်နယ် မြဝတီမြို့နယ် မဲကနယ်ကျေးရွာ၌ အမျိုးသားတစ်ဦးက ငွေစက္ကူအတုများ ကိုင်ဆောင်သုံးစွဲနေကြောင်း သတင်းရရှိသဖြင့် သဃ်န်းညီနောင်နယ်မြေရဲစခန်းမှူး ရဲအုပ်မြဝင်းနှင့်အဖွဲ့က သွားရောက်ဖမ်းဆီးရာ ခင်မောင်ဝင်း(၃၄ နှစ်) ခရားအတွင်းကျေးရွာ ဘားအံမြို့နယ် ကရင်ပြည်နယ်နေသူအား မဲကနယ်ကျေးရွာ ဘုန်းကြီးကျောင်းရှေ့လမ်းမပေါ်၌ ဖမ်းဆီးရမိခဲ့ပြီး သက်သေများရှေ့ရှာဖွေရာ ၎င်းထံမှ ကျပ်တစ်သောင်းတန် မြန်မာ ငွေစက္ကူအတု ၁၀ ရွက်ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိခဲ့သော မြန်မာငွေစက္ကူ တစ်သောင်းတန်အတုများနှင့် ပတ်သက်၍ မေးမြန်းစစ်ဆေးရာ အဆိုပါ ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများမှာ မေ ၂၂ ရက် ည ၉ နာရီခန့်က မြဝတီမြို့၌ လွန်ခဲ့သောအနှစ် (၂၀)ခန့်က ခင်မင်ရင်းနှီးခဲ့ဖူးသူ ညွန့်ဝင်း(နေရပ် လိပ်စာစိစစ်ဆဲ)ထံမှ ထိုင်းဘတ်ငွေ ၁၀၀၀ ဘတ်အား မြန်မာငွေစက္ကူ ကျပ်တစ်သောင်းတန် အရွက် ၂၀ နှင့် လဲလှယ်ရရှိခဲ့ပြီး မြဝတီမြို့နယ် မဲကနယ်ကျေးရွာတွင် သုံးစွဲရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ခင်မောင်ဝင်းကို သဃ်န်းညီနောင်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



ဖြစ်မှုကျူးလွန်သူ ခင်မောင်ဝင်း

# မိုးညှင်းမြို့နယ်တွင် ဘိန်းဖြူများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၅**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၄ ရက်က မိုးညှင်းမြို့နယ် မော်လူးမှော်နေ တင့်ဇော်ဦး၏ နေအိမ်တဲကို ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၃၆၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃၂ ပြားနှင့် မြန်မာငွေကျပ် ၇ ဒသမ ၆ သိန်း တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့က မိုးညှင်းမြို့နယ် မော်ဟန်-နမ္မချီမှော်သွားလမ်း မော်လူးလမ်းခွဲတွင် တင်ဇော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ နှင့် မြန်မာငွေကျပ် ၄ ဒသမ ၉ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အချုပ်ယာဉ်ပေါ်မှ ထွက်ပြေးသည့် ပြစ်မှုကျူးလွန်သူ နှစ်ဦးအနက် တစ်ဦးပြန်မိ

**တပ်ကုန်း မေ ၂၅**

ပျဉ်းမနားမြို့အချုပ်ထောင်မှ ရမည်းသင်းအကျဉ်းထောင်သို့ တရားရုံးထုတ်တရားခံများ ပြန်လည်ပို့ဆောင်စဉ် မေ ၁၀ ရက် ညက တပ်ကုန်းမြို့ဝင် ရန်ကုန်-မန္တလေး လမ်းဟောင်း တိုးဂိတ်အနီး သံလမ်းကူးတွင် အချုပ်ယာဉ်ပေါ်မှ ပြစ်မှုကျူးလွန်သူနှစ်ဦး ထွက်ပြေးလွတ်မြောက်သွားရာ ၎င်းနေ့ညက တစ်ဦးအား ပြန်လည်ဖမ်းဆီးမိခဲ့ပြီး ကျန်ရှိနေသော တရားခံတစ်ဦးအား မေ ၂၄ ရက် နံနက်က ဖမ်းဆီးမိပြီဖြစ်ကြောင်း သိရသည်။

ထွက်ပြေးသည့် ပြစ်မှုကျူးလွန်သူ ဇော်မျိုး(ခ)ကုလား(ခ)ဘသက်သည် နေအိမ်ကြို့ပင်သာကျေးရွာဘက်သို့ ချဉ်းကပ်နေကြောင်း သတင်းအရ တပ်ကုန်းမြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်မျိုးဝင်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန့်ဇင်ဖြိုးနှင့် အဖွဲ့သည် သတင်းရယူစုံစမ်းရာ ယင်းနေ့ နံနက်က တပ်ကုန်းမြို့မြောက်ဘက် ဥတ္တရသီရိလမ်းခွဲ(ရန်ကုန်-မန္တလေး)လမ်းဆုံတွင် ဇော်မျိုး ကြို့ပင်သာကျေးရွာနေသူအား လက်ရဖမ်းဆီးခဲ့သည်။ ဇော်မျိုးသည် ၂၀၁၆ ခုနှစ် စက်တင်ဘာလက ကြို့ပင်သာကျေးရွာတွင် လူလေးဦးအား ဓားဖြင့်ထိုးခဲ့ရာ တစ်ဦးသေဆုံး၍ ဒက္ခိဏခရိုင်တရားရုံးတွင် အမှုရင်ဆိုင်နေသူတစ်ဦးဖြစ်ကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# ထင်းတင်ဆောင်လာသည့်ယာဉ် အရှိန်မထိန်းနိုင်၍ တိမ်းမှောက် ယာဉ်ပေါ်ပါလာသူ သုံးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

**ဖြူး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာဒေသ ရဲစခန်းအပိုင်း ကျီးမနိုးကျေးရွာအုပ်စု စိမ့်ကြီးကျေးရွာအနောက်ဘက် ချောက်မြောင်(ကွင်းချောင်းတမံ ရေမြုပ်ရေယာ အနီး) တွင်ထင်းများတင်ဆောင် မောင်းနှင်လာသည့် ယာဉ်တစ်စီး မေ ၂၄ ရက်က အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်ပါ လူသုံးဦး အခင်းဖြစ်ရာနေရာတွင် သေဆုံးသွားခဲ့ပြီး လူငါးဦး ဒဏ်ရာရရှိသွားသဖြင့် ညောင်ပင်သာ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အခင်းဖြစ်နေရာသို့ ညောင်ပင်သာနယ်မြေရဲစခန်းမှူး ရဲအုပ်စိုးလွင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ယာဉ်မောင်း ဝင်းသူ (၃၀နှစ်) ရွာမ(၄)လမ်း ညောင်ပင်သာမြို့နေ မောင်းနှင်လာသော ထင်းများသယ်ဆောင်လာသည့် ယာဉ်အမှတ် 7J/----ဖော်ကား အမျိုးအစားယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ထိုးကျတိမ်းမှောက်သွားသဖြင့် ယာဉ်ပေါ်ပါလာသူ ဦးထွန်းနိုင်(၅၀နှစ်) ညောင်ပင်သာမြို့၊ တစ်မြို့တည်းနေ ဦးကရင်(၃၀နှစ်)၊ ဖိုးသေး(၃၂နှစ်)တို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး မောင်နိုင် (ခ) သန်းနိုင်ဦး (၄၂နှစ်) ရွာမ(၃)လမ်း ညောင်ပင်သာမြို့၊ ဝေယံဖြိုး(၁၉နှစ်) ရွာမ(၅)လမ်း ညောင်ပင်သာမြို့၊ ဦးကျော်ထွန်း(၅၇နှစ်)၊ အောင်သက်ဖြိုး(၂၄နှစ်)တို့မှာ ဒဏ်ရာများရရှိခဲ့သဖြင့် ညောင်ပင်သာ တိုက်နယ်ဆေးရုံသို့ အတွင်းလူနာ(မစိုးရိမ်ရ)ဖြင့် ပို့ဆောင်ပေးခဲ့သည်။ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဝင်းသူအား ညောင်ပင်သာနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# မိတ္ထီလာ ဝမ်းတော်ပြည့်ဘုရားအနီး မော်တော်ယာဉ်တစ်စီး ဓာတ်တိုင်အား ဝင်တိုက်မှုဖြစ်



**မိတ္ထီလာ မေ ၂၅**

မိတ္ထီလာမြို့ ဝမ်းတော်ပြည့်ဘုရားအနီးတွင် မေ ၂၅ ရက် က မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်ရှိ ကွန်ကရစ်ဓာတ်တိုင်အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၅ ရက်က ဒုရဲအုပ် လှမျိုးသူနှင့်အဖွဲ့သည် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၃၄၀/၂)နှင့်(၃၄၀/၃) ကြား ဝမ်းတော်ပြည့်ဘုရားအနီး မိတ္ထီလာဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ကျော်မျိုးအောင် (၃၅နှစ်)မောင်းနှင်ပြီး ဘေးတွင် ဇင်မျိုး၊ ယာဉ်နောက်ခန်းတွင် သန်းထွန်းအောင်နှင့် ဆန်းဝင်း တို့လိုက်ပါလာသော YGN-2G/----လိုက်ထရပ် ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ရှိ ကွန်ကရစ်ဓာတ်တိုင်အား ဝင်ရောက်တိုက်မိခဲ့သည်။ ၎င်းယာဉ်တိုက်မှုကြောင့် ယာဉ်မောင်းကျော်မျိုးအောင်၊ ဇင်မျိုး(၂၈နှစ်)၊ သန်းထွန်းအောင်(၃၀နှစ် )(အတွင်း လူနာ၊မစိုးရိမ်ရ)၊ဆန်းဝင်း(၄၃နှစ်) တို့ ဒဏ်ရာများရရှိခဲ့ပြီး မိတ္ထီလာပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဧရာဝတီမြစ်အတွင်း ရေချိုးဆင်းသည့် ကျောင်းသားသုံးဦး ရေနစ်ပျောက်ဆုံးမှုဖြစ်

**ပန်းတောင်း မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာအုပ်စု တမာကုန်းကျေးရွာတွင် မေ ၂၅ ရက် နံနက်ပိုင်းက ဧရာဝတီမြစ်အတွင်း ရေဆင်းချိုးသည့် နဝမတန်းကျောင်းသား သုံးဦးရေနစ်ပျောက်ဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆင်တဲ အ.ထ.က မှ နဝမတန်းကျောင်းသားများဖြစ်သော မောင်ခန့်မှူးပိုင် (၁၅ နှစ်)၊ မောင်ပိုင်မင်းသန့် (၁၅ နှစ်) နှင့် မောင်မျိုးမောင်မောင် (၁၅ နှစ်) တို့သုံးဦးသည် ယင်းနေ့ နံနက် ၉ နာရီက တမာကုန်းကျေးရွာအနီးရှိ ဧရာဝတီမြစ်အတွင်းသို့ ရေဆင်းချိုးရာမှ ရေနစ်မြုပ်ပျောက်ဆုံးခဲ့ကြောင်းသိရပြီး တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများက ဝိုင်းဝန်းရှာဖွေလျက်ရှိရာ မွန်းလွဲ ၂ နာရီတွင် မောင်ပိုင်မင်းသန့်ကို ရေနစ်သေဆုံးလျက်တွေ့ရှိခဲ့ပြီး ကျန်နှစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**


**Marketing Executive ခန့်ထားရန်**

- Marketing Executive (ကျား/မ)
- Fluent in English
- Good in Communication

ဆက်သွယ်ရန် - 09-4202-74496

**Office Staff ခန့်ထားရန်**

- အခြေခံ အင်္ဂလိပ်စာနားလည်ရမည်။
- Microsoft Office သုံးနိုင်ရမည်။
- အခြေခံ စာရင်းအင်း နားလည်ရမည်။

ဆက်သွယ်ရန် - 09-4202-74496

**အများသိစေရန်ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေး ရွာအုပ်စု၊ ကွင်းအမှတ် ၆၂၂-အေ၊ ခရချောင်းကွင်း၊ ဦးပိုင်အမှတ် ၅၀၊ လယ်မြေဧရိယာ ၂ဒသမ၀၁ရှိမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် မြေစာရင်းပုံစံ(၁၀၅)၌ ဦးသန်းလှိုင် ၁၂/ကတန(နိုင်)၀၇၃၄၉၇ အမည်ပေါက်ပိုင်ဆိုင်သောပစ္စည်းဖြစ်ပါသည်။ အဆိုပါပစ္စည်းအား လယ်မြေပိုင်ရှင် ဦးသန်းလှိုင်မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုနှင်းဝေ ၁၂/ဗဟန(နိုင်)၀၈၉၃၃၄အား အပေါင်အနှံအရှုပ်အရှင်းကင်းကြောင်းဝန်ခံလျက် ၂၃-၁၂-၂၀၁၅ ရက်တွင် အပြီးအပိုင် ရောင်းချပြီးဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင်(LL.B)

တရားလွှတ်တော်ရှေ့နေ

အမှတ် ၄၀(သုံးလွှာ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၉-၉၆၄၄၇၁၇၉၂

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7A/5863၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2D/3248၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

**အမြန်ရောင်းမည်**

ကျောက်မြောင်း၊ သြဘာလမ်းအလယ်၊ မြေညီထပ်(၂)ခန်းတွဲ အကျယ်ပေ(၃၀×၆၀) ကြွေပြားအပြည့် ကပ်ထား၊ အဲကွန်း(၄)လုံး မီတာ(၂)လုံး၊ ဘိုထိုင်(၁)၊ရိုးရိုး(၁)၊ Mini Mart, ဆေးခန်း၊ ရုံးခန်း၊ စားသောက်ဆိုင်ဖွင့်ရန် နေရာကောင်း လမ်းကျယ်။

ရောင်းမည်။ သိန်း(၂၈၀၀)ညှိနှိုင်း

ဖုန်း-၀၉-၅၀၄၆၅၄၉၊ ၀၉-၇၇၇၇၈၁၉၁၅

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သီဂီ(၃)လမ်း(တောင်)၊ အမှတ် ၂၃ဂဟုခေါ်တွင်သည့် ခြောက်ထပ်တိုက်မှ ခြောက်ထပ်(ပဉ္စမထပ်)အခန်း(ထပ်ခိုးပါ) အခန်းကို ကြိုပ္ပိုင့်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေ ဦးဖြိုးကျော်သူနှင့် ဒေါ်ဆုမွန်ထိုက်တို့မှ မြေရှင်ဦးကျင်ဟုတ်၏သဘောတူညီချက်ဖြင့် စရန်ငွေတချို့ကို ရောင်းသူဦးသန်းကျော်ထိုက် ၁၄/ငပတ(နိုင်)၀၃၄၉၃၆သို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား အကျိုးသက်ဆိုင်မှုရှိ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော် ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားပါမည့်အကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးအောင်နိုင်

LL.B,D.B.L,D.I.L

တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၂၆)

အမှတ်-၁၀/၁၂၊ မြေညီထပ်၊ ၃၅ လမ်း(အောက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၇၃၀၄၈၁၅၈

**Condoတိုက်ခန်းငှားမည် For Rent**

(28x48) လေးလွှာ၊ (52x48)ငါးလွှာ 99 (Condo) ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊ CB Bankအနီး၊ ပါကေးခင်း၊ Hall Type, Aircon၊ ဓာတ်လှေကားနှင့်ကားပါကင် ပါဝင်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၄၅၁၈၁၈၄

**အိမ်ရောင်းမည်**

FMI City(40x60)2RC အဆင့်မြင့်ပြင်ဆင်ပြီး City Mart၊ ရိုးမ Bank၊ ဝင်ပေါက်ဂိတ်အနီး (နေရာကောင်းအရှေ့လှည့်) ပိတောက်ဝါ(၂)လမ်း FMI City လှိုင်သာယာမြို့နယ်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၄၅၁၈၁၈၄

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

မွန်ပြည်နယ်၊ ဇင်းကျိုက်မြို့၊ (၂)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်-၅၉၊ ဦးပိုင်အမှတ်-N/243၊ ဧရိယာပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၃)ပင်၊ နှစ်ခန်းသွပ်မိုး အုတ်ကာတစ်ထပ်နေအိမ်၊ ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ပိုင်ဆိုင်သော ဒေါ်စောမြနွယ်ထံမှ ဒေါ်ငွေစိန်က ဝယ်ယူမည်ဖြစ်ကြောင်း၊ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုနှင့် ပတ်သက်သော စာရွက်စာတမ်းမူရင်းများ ယူဆောင်ပြီး ကျွန်မဒေါ်စောမြနွယ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စောမြနွယ်

ဖုန်း-၀၉-၄၂၀၀၇၃၅၀၈

**အမည်မှန်**

ပြင်ဦးလွင်မြို့၊ အထက(၅)၊ အဌမတန်းမှ ဖြေဆိုအောင်မြင်ခဲ့သော (ဦးရှောသျှို)-ဒေါ်တုံးဖင် ၁/မမန(နိုင်)၀၀၀၇၃၅ တို့၏သမီးအမည်မှန်မှာ မစုမြတ်လင်းဖြစ်ပါသည်။

မစုမြတ်လင်း

**အမည်ပြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့၊ (၁)ရပ်ကွက်နေ ဦးမျိုးခိုင်၏ သမီး တက္ကသိုလ်ဝင်တန်းကျောင်းသူ မနိုးနိုးသိမ့်အား ယနေ့မှစ၍ မထက်လက်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

မထက်လက်ဝင်း

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8F/6035၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် T/4379, Toyota Dyna Bu 60 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေးကြည် ၅/ရဘန(နိုင်)၀၃၄၃၀၄က ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့

# မြောက်ဦးမြို့ရတနာမာရ်အောင်စေတီတော်မြတ်ကြီးစိန်ဖူးတော်တင်မင်္ဂလာအခမ်းအနားကျင်းပ

**မြောက်ဦး ဧပြီ ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့၌ ၂၀၁၆ခုနှစ် ဩဂုတ် ၂၄ ရက်ညနေပိုင်းက လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဒဏ်ကြောင့် ရှေးဟောင်းယဉ်ကျေးမှုမြောက်ဦးဒေသအတွင်းရှိ မာရ်ငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ရှေးဟောင်းသမိုင်းဝင်ရတနာမာရ်အောင် စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးတော်ပြိုကျကာ ထီးတော်မြေခဲ့မှုအား ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်၍ စိန်ဖူးတော်တင်လှူပွဲ အခမ်းအနားကို ဧပြီ ၂၃ရက်က ရတနာမာရ်အောင် စေတီတော်ဘုရားရင်ပြင်တော်ရှိ သိမ်တော်အတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရတနာမာရ်အောင်တောရကျောင်းတိုက်မှ မြောက်ဦးဆရာတော်ဝနဝါသီအရှင်ဝါယာမိန္ဒ (မဟာကမ္မဋ္ဌာနစရိယ)၊ ဆရာတော်အရှင်သူမြတ်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်သံပြိုင်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က ရတနာမာရ်အောင်ဘုရားသမိုင်းကို ဆရာတော် အရှင်သူမြတ်များထံလျှောက်ထားတင်ပြသည်။ ဆက်လက်၍ ဆရာတော်အရှင်သူမြတ်အား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အနောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် အရာရှိကြီးများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်နယ်မန်နေဂျာနှင့် အဖွဲ့မှ လှူဖွယ်ပစ္စည်းများအား ကြွရောက်တော်မူလာကြသော



ဆရာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် ဆရာတော်အရှင်သူမြတ်တို့က စိန်ဖူးတော်မြတ်ကြီးနှင့် တကွ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီး ရတနာမာရ်အောင်ဆရာတော်က စိန်ဖူးတော်အား မင်္ဂလာရထားပျံသို့ ပင့်ဆောင်ကာ စေတီတော်မြတ်ကြီးပေါ်သို့ တင်လှူပူဇော်ခဲ့ကြောင်း သိရသည်။

အဆိုပါ စေတီတော်မြတ်ကြီးအား ရတနာမာရ်အောင် ဓမ္မရိပ်သာများ၏ အဓိပတိပြည်တွင်းပြည်ပ သာသနာပြု မြောက်ဦးဆရာတော်အမှူးပြုသော အများပြည်သူ ထည့်ဝင်လှူဒါန်းငွေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထည့်ဝင်လှူဒါန်းငွေ၊ MPT အများပြည်သူများ၏ SMS ဖြင့်ထည့်ဝင်လှူဒါန်း ငွေများနှင့် စေတီတော်ကြီး၏ ကြာစုံ၊ ငှက်ပျောဖူးတော်၊ ထီးတော်များ ပြန်လည်ပြုပြင်ပြီးစီးခဲ့ပြီဖြစ်၍ ယခုကဲ့သို့ စိန်ဖူးတော်အသစ်တင်လှူပူဇော်ပွဲကို ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သက်လျှင်နွေစပါးများစတင်ရိတ်သိမ်း၊ ပွဲစားများဈေးကစားမည်ကိုတောင်သူများစိုးရိမ်

**ရေတာရှည် ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ယခုရက်ပိုင်းအတွင်း သက်လျှင်နွေစပါးများ စတင်ရိတ်သိမ်းနေကြပြီဖြစ်ရာ စပါးအစိုတင်း ၁၀၀ လျှင် ငွေကျပ်သုံးသိန်းခုနစ်သောင်း၊ အခြောက်စပါးတင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းဝန်းကျင်ပေါက်ဈေးနှင့် ဝယ်ယူလျက်ရှိပြီး တောင်သူများ၏ ငွေကြေးလိုအပ်ချက်အရ မဖြစ်မနေရောင်းချရမည်ကိုသိရှိနေသော ပွဲစားများဈေးကစားမည်ကို တောင်သူများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။

ငွေကြေး အရင်းအနှီးမရှိသည့် တောင်သူများမှာ နွေစပါး စိုက်ပျိုးရာတွင် သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအမျိုးမျိုးတို့အား အတိုးပါ အကြွေးစနစ်ဖြင့် ဝယ်ယူထားကြရခြင်းဖြစ်ပြီး နွေစပါးပေါ်သည်နှင့် အဆိုပါ အကြွေးများကို အရင်ဆုံး ပေးဆပ်ကြရသည်ကို တွေ့ရသည်။



"စပါးဈေးကတော့ အားရစရာမရှိပါဘူး၊ မရောင်းလို့လဲမရဘူး။ လူသာအိပ်တာ အတိုးက အိပ်နေတာမဟုတ်တော့ အကြွေးဆပ်နိုင်အောင် ရောင်းကြရတာ။ တောင်သူတွေအနေနဲ့ ဈေးကွက်အနေအထားကိုကျွမ်းကျင်မှုမရှိကြတော့ ပွဲစားတွေပါးစပ်ပြောတဲ့အတိုင်း ရောင်းချရတာပဲ။ ကျန်တဲ့ကုန်ဈေးနှုန်းကအမြင့်ချည်းပဲ။ တောင်သူတွေထွက်တဲ့ စပါးကျတော့ဈေးကောင်းမရကြတော့ ကြာရင်တောင်သူတွေအနေနဲ့ အခက်အခဲတွေ အများကြီးကြုံတွေ့နိုင်ပါတယ်"ဟု ကုန်းကြီးကျေးရွာအုပ်စု ပြီစုတ်ကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

လယ်ယာလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခြင်းကြောင့် ပြည်ပထွက်ခွာ၍ အလုပ်အကိုင်ရှာဖွေသူပိုမိုများပြားလျက်ရှိပြီး တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးစရိတ်ချေးငွေ၊ သမဝါယမချေးငွေနှင့် အခြားသော ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကုန်ကျစရိတ်အကြွေးများ ပြန်လည်ပေးဆပ်နိုင်ရန် စပါးဈေးကွက်ကောင်းမွန်ရန်အတွက် အားလုံးကမျှော်လင့်နေကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# မြို့နယ်အခြေပြုမူလတန်း ဆရာအတတ်သင်ပညာသင်တန်းလှိုင်သာယာ၌ဖွင့်

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင်ပညာ သင်တန်းဖွင့်ပွဲကို ဧပြီ၂၄ ရက်က အမှတ်(၂)အထက်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်ပညာရေးမှူး ဦးခိုင်ဝင်းက အမှာစကားပြောကြားသည်။

မြောက်ပိုင်းခရိုင်တွင် မြို့နယ်အခြေပြုမူလတန်း ဆရာအတတ်သင်ပညာ သင်တန်းအား တိုက်ကြီးမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် တစ်နေ့တည်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ဒဂုံအရှေ့ကြည့်မြင်တိုင်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ထန်းတပင်မြို့နယ်တို့မှ ဆရာမ ၆၇ ဦး၊ ဆရာသုံးဦးတို့အား ရန်ကင်းပညာရေးကောလိပ်မှသင်တန်းနည်းပြများနှင့် အထက်တန်းပြ ၁၃ ဦးတို့က ဘာသာရပ် ၁၃ ခုကို လေ့ကျင့်သင်ကြားသွားမည် ဖြစ်သည်။ သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ မေ ၂၃ ရက် အထိ တစ်လသင်တန်းဖြစ်ပြီး လှိုင်သာယာမြို့နယ်တွင်ပထမဆုံးအကြိမ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**



# အန္တရာယ်ကင်းပရိတ်တရားတော် လှည့်လည်ရွတ်ဖတ်ပူဇော်

**ကျောင်းကုန်း ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပွားနေသောကြောင့် အန္တရာယ်ကင်း ပရိတ်တရားတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၂၃ ရက်က ပန်းတနော်မြို့နယ်အဆုံး ကျောင်းကုန်းမြို့နယ်အစမှစတင်၍ ကျောင်းကုန်းမြို့ပေါ်ကျောင်းတိုက် ၁၀ ကျောင်းမှ ကျောင်းထိုင်ဆရာတော်များက ရွတ်ဖတ်ပူဇော် ပေးခဲ့ကြသည်။

အဆိုပါအန္တရာယ်ကင်းပရိတ်တရားတော်မြတ်ရွတ်ဖတ်ပူဇော်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့မိမြို့ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျောင်းကုန်းမြို့နယ်အဆုံး ကန်ကြီးထောင့်မြို့နယ်အစပ်အထိ ရွတ်ဖတ်ပေးခဲ့ကြကာ အပြန်တွင် ကျောင်းကုန်းမြို့တွင်းသို့ လှည့်လည်ရွတ်ဖတ်ပူဇော်ပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မင်္ဂလာမေယိမ်းအဖွဲ့အားဂုဏ်ပြုလွှာပေးအပ်

**ရန်ကုန် ဧပြီ ၂၅**

မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု၏ မင်္ဂလာမေယိမ်းအဖွဲ့မှ ၁၃၇၈ ခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမ(ဗဟို)မဏ္ဍပ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်မဏ္ဍပ်တို့၌ ဝင်ရောက်ယှဉ်ပြိုင်ဖျော်ဖြေခဲ့ရာ ရန်ကုန်မြို့တော်ခန်းမ(ဗဟို)မဏ္ဍပ်တွင် တတိယဆု၊ ရန်ကုန်အရှေ့ပိုင်းခရိုင်မဏ္ဍပ်တွင် တတိယဆုတို့ ဆွတ်ခူးရရှိခဲ့ပြီး ဧပြီလတတိယပတ်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မင်္ဂလာမေယိမ်းအဖွဲ့နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာဝင်း၊ ယိမ်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်အေး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ နှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး**



အများပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် ဧပြီ ၂၄ ရက်က မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက်ကော်ရပ်ကွက် မြို့မဈေးရှေ့၌ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်နှင့် အမှတ်(၉)ခြေမြန်တပ်ရင်းမှ စစ်သည်ရဲမေများသည် မော်တော်ယာဉ်ဖြင့် တန်ဖိုးနည်း အာဟာရထမင်းဟင်းများကိုတစ်ပွဲငွေကျပ် ၃၀၀ နှုန်းဖြင့် ပြည်သူများအား ဈေးနှုန်းချိုသာစွာ လှည့်လည်ရောင်းချပေးနေသည်ကို တွေ့ရစဉ်
ခွန်(ဝင်းပ)

# သုတစာကြည့်တိုက်ဖွင့်ပွဲကျင်းပ

**သံတွဲ ဧပြီ ၂၅**

ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားရေး၊ စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတ တိုးပွားကာ ယဉ်ကျေးလိမ္မာပြီး နိုင်ငံတော်ကို အကျိုးပြုမည့် သားကောင်းရတနာများပေါ်ထွန်းလာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် သံတွဲမြို့နယ် ကွေ့ချောင်းကျေးရွာ သုတစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ရွှေ၊ စာကြည့်တိုက်အလှူရှင်ကိုယ်စား ဦးကျော်မြင့်နှင့် စာကြည့်တိုက်မှူး ဦးစံဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ ဦးစီးအရာရှိက သုတ/ရသ စာအုပ် ၅၀ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ကလက်ခံယူခဲ့သည်။ အဆိုပါ စာကြည့်တိုက်မှာ အလျားပေ ၂၀၊ အနံ ၁၆ပေရှိ အုတ်ညှပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း အဆောက်အအုံဖြစ်ကာ (THUTA Engineering & Trading) မှငွေကျပ် ၃၅ သိန်းအကုန်အကျခံကာ တည်ဆောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

နိုင်ငံသာယာဝပြောဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့။



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေ့စီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေ့မဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# စိန်ပန်းပွင့်၊ အသားကင်ညှော်နှင့် မိတ္တူလမ်းမတော်

## ဆူးငှက်

ငယ်ငယ်ကတော့ ယဉ်ပျံ့ရွှာ အနောက်နားက ရေနီမြောင်းရောက်သည်ဆိုလျှင်ပင် ကွင်းပေါ်ကလေ၊ ကောက်သင်းရနံ့၊ ချောင်းပေါ်က ပတပ်နှင့် ရှမ်းရိုးမညို့ညို့ကို လွမ်းမောစွာ ခံစားနေရတော့သည်။ သူငယ်ချင်းတွေစုပြီး ပျော်ပွဲစားထွက်လျှင် သို့မဟုတ် ကျောင်းပြေးကြလျှင်သို့မဟုတ် ရည်းစားနှင့်ချိန်းချက်စကားပြောလျှင် ထိုနေရာများကား မြို့ပြနှင့်ဝေးလှချေပြီ။ လူသူကင်းဝေးလှပြီ။ တောနှင့်တောင်ရိပ်များ မှိုင်းထုံလှချေပြီ။

ရေနီမြောင်း အနောက်ဘက်က ငါးစို့တိုက်ဆိုတာ မြို့ရဲ့အစွန်အဖျား။ ဘီဘီအိုအေ မိဘမဲ့ကျောင်း(အခု အမ်ဘီအိုအေ) ဆိုတာ မြို့ရဲ့ကလနား။ တကယ်တော့ မန္တလေး ဘူတာကြီး မျက်နှာမူရာတည့်တည့် လမ်း ၃၀ သည် ထိုထိုအစွန်အဖျားကလနား ဘုန်းကြီးကျောင်းကြီးများ အုတ်တံတိုင်းအစပ်မှ စတင်ခဲ့သည် မဟုတ်ပါလား။

၆၂လမ်းဆိုတာ လွန်ခဲ့တဲ့ နှစ်ဆယ့်လေးငါးနှစ်ကမှ အသွားအလာများလာခြင်း ဖြစ်၏။ အခုတော့ လမ်း ၃၀သည် ၆၂လမ်းမှ စတင်သည်ဟု ပြောလို့ရပေပြီ။ နောင်ဆိုရင်တော့ ဘုန်းကြီးကျောင်းကြီးတွေ အရှေ့ဘက်မှာ ရေနီမြောင်းကိုဖြတ်၊ နဂါးကွက်သစ်ကိုဖြတ်၊ ဝါခင်းကုန်းကိုဖြတ်ပြီးလည်း ဟိုအရှေ့ကန်ကောက် အောင်ပင်လယ်အထိ လမ်း ၃၀ဆိုတာ ရှိလာဦးမှာပေါ့။ ဒီလိုနဲ့အောင်ပင်လယ် အရှေ့ဘက် ရန်ကင်းတောင်ခြေ အထိလည်း လမ်း၃၀ဆိုတာ ရှိလာနိုင်သေးတာပေါ့။ သို့သော် လမ်း၃၀သည် အခုတော့ ၆၂လမ်းကပဲ စသည်ဟု ဆိုရပေမည်။ လမ်း ၃၀ထိပ်က ၆၂လမ်းနှင့် ဘုန်းကြီးကျောင်းတွေကိုကျော်ပြီး မျှော်ကြည့်လိုက်လျှင် ရိုးပြတ်၊ ထန်းတော၊ ရိုးမပုံရိပ် အစွန်းအစတွေ မြင်နေရသေးသည်။ အဲဒီနားက ဘီဘီအိုအေ မိဘမဲ့ ကျောင်းကတော့ သက်တမ်းရှည်ကြာပေပြီ။ မန္တလေးသူ၊ မန္တလေးသားတို့ အစဉ်အဆက် ကုသိုလ်ပြုလှူဒါန်းခဲ့ကြရာ နေရာဌာနလည်းဖြစ်၏။ လွတ်လပ်ရေးရပြီးကာလ၊ ပြည်တွင်းစစ်မီးက မိဘမဲ့ကလေး အမြောက်အမြားကို အမွေအဖြစ်ထားရစ်ခဲ့ပေပြီ။ ပြည်တွင်းစစ်မီးကလည်း တလောကမှငြိမ်းသည်ဟု ဆိုရမှာမို့ မိဘမဲ့ကလေးဆိုတာ အလျှင်မပြတ်တော့။

ကလေးတွေ ဘဝကို စုစည်းစောင့်ရှောက်၊ မြေတောင်မြှောက်ပျိုးထောင်ကာ 'လူတစ်လုံး'များအဖြစ် လူ့လောကထဲ ပြန်ပို့ပေးသည့် အလုပ်လောက်မွန်မြတ်တာ မရှိ။ ထိုအလုပ်ကို လမ်း ၃၀ ထိပ်၊ ငါးစို့တိုက်ထဲက ဘီဘီအိုအေကျောင်းက နှစ်ရှည်လများ ထမ်းဆောင်တာဝန်ကျေခဲ့သည်။ လမ်း ၃၀ ကား ဤသို့ အစကောင်းခဲ့ပေသည်။ လမ်း ၃၀ ထိပ်မှာ တစ်ချိန်က နာမည်ကျော်ခဲ့သော ကောက်ညှင်းပေါင်းနှင့် အကြော်ဆိုင်ရှိ၏။

ကောက်ညှင်းပေါင်းနှင့် အကြော်ကား မြန်မာ့အစားအစာစစ် ဖြစ်ပေသည်။ ဘယ်အချိန်ဘယ်ကာလရောက်ရောက် ကောက်ညှင်းပေါင်းအကြော်ကို မြန်မာ့ခံတွင်းက တောင့်တပေဦးမည်။ မန္တလေးမှာက အနောက်ပဲဝင်း၊ အရိုးအိုးလေးပဲဝင်းနှင့် ဇောခိကုန်း၊ ပုဏ္ဏားအစုများက ကောက်ညှင်းပေါင်း ငချိပ်ပေါင်းကို ရောင်းချ၏။

နံနက်အရုဏ်တက်ချိန်ကတည်းက နှီးတောင်းထဲမှာ ကောက်ညှင်းပေါင်း၊ ငချိပ်ပေါင်းနှင့် စားတော်ပဲ ပူပူနွေးနွေးထည့်၊ ဟင်္သပဒါးသုတ်ယွန်းဗျပ်နီနီမှာ နှီးတောင်းထည့်ကာ တောင်းပေါ်မှာ သစ်စေးသုတ် ဆန်ကောနှင့် ဖုံးပြီး ဆန်ကောပေါ်မှာ ကြေးချိန်ခွင်တစ်လက်၊ နှမ်းထောင်းနှင့်ဆားဘူး၊ ကြက်သွန်ဖြူဆီချက်ပုလင်းနှင့် အရပ်တကာ လှည့်လည်ရောင်းချကြသည်။ ကောက်ညှင်းပေါင်းကို ချိန်ခွင်မှာအချိန်နှင့် ရောင်းချခြင်းဖြစ်၏။

ကျွန်တော်တို့ငယ်ငယ်က ၊ ဒေါင်းရိုးမှာ နေစဉ်ကတော့ အနောက်ပဲဝင်းက ပဲသည် မရီသည် ဖောက်သည်ဖြစ်၏။ နံနက်လင်းလျှင် မရီကတကြော်ကြော်ဟစ်ရင်း အိမ်ပေါက် ရောက်လာတော့ ဇလုံလေးကိုင်ပြီး ကောက်ညှင်းပေါင်းဝယ်ရသည်။ တစ်ခါတစ်ရံ ငချိပ်ပေါင်းမွှေးမွှေးကလေး ပဲဆီစစ်စစ်ကလေးနစ်နေအောင် ဆမ်းကာ စားတော်ပဲနှင့် စေးပိုင်နေအောင်နယ်ကာ စားရသည်။ မရီ၏ ပဲတောင်းပေါ်က ဗန်းထဲမှာ အကြော်တွေလည်းပါသည်။ မတ်ပဲဗယာကြော်၊ ကုလားပဲဗယာကြော်၊ ကြက်သွန်ကြော်၊ ပဲစိမ်းကြော်တွေလည်းပါသည်။ ကောက်ညှင်းပေါင်း ငါးမူးဖိုးနှင့် တစ်မတ်တန် အကြော်တစ်ခုဆိုဝပြီ။ အကြော်တစ်ခုကလည်း လက်နှစ်ဖက်ကွင်းစာ နီးပါးလောက်ကြီးတာပေါ့။

မရီကလည်း နံနက်ငချိပ်ပေါင်းရောင်းအပြီး နေ့လယ်မွန်းလွဲ နှစ်နာရီလောက် ရောက်ပြန်တော့ အုန်းပေါင်း ငှက်ပျောသီးကြော်ဟု ဟစ်ကာ တစ်ခေါက်ရောက်လာပြန်၏။ အုန်းပေါင်းက အုန်းသီးနိုင်းချင်းဖြစ်၏။ ငှက်ပျောသီးကြော်က အိစက်ချိုနစ်နေသည်။ ပဲဝင်းမှာ မီးလောင်တော့ သူတို့တစ်တွေ ရှင်ပင်အုန်းအင်းသို့ ပြောင်းသွားသည်။ ထိုအခါ ကောက်ညှင်းပေါင်းအကြော် စားချင်လျှင် ဆင်တံတားဘက် စက်ဘီးကလေးနှင့် ပြေးဝယ်ရ၏။

နောက်တော့ မန္တလေးမြို့ထဲမှာ ခေါင်းရွက်ကောက်ညှင်းပေါင်းသည်၊ အကြော်သည်များ မရှိသလောက် ရှားသွားသည်။ အားလုံးနီးပါး မြို့သစ်ရောက်ကုန်ကြတာပေါ့။ ထိုအခါ ကောက်ညှင်းပေါင်း၊ အကြော်စားချင်ရင် လမ်းထောင့်တွေမှာ ရှိတတ်တဲ့ ဆိုင်လေးတွေဆီ ဝယ်ရသည်။ ထိုဆိုင်လေးတွေမှာ နံနက်လင်းလျှင် ကားတွေ၊ ဆိုင်ကယ်တွေအထိ စုပြုံတိုး။

လွန်ခဲ့တဲ့ လေးငါးနှစ်ကတော့ ကောက်ညှင်းပေါင်းငါးကျပ်ဖိုးဝယ်လို့ ရသေးသည်။ အခုတော့ တစ်ဆယ်ဖိုးအနည်းဆုံး ရောင်းသည်။ ကလေးလက်သီးဆုပ်လောက်ရှိသည်။ အကြော်က လောက်စလုံးလောက်ကို နှစ်ကျပ်၊ လမ်းတွေတိုးချဲ့ ပလက်ဖောင်းတွေ တိုးချဲ့ပြန်တော့ ထိုအကြော်ဆိုင်လေးတွေ တချို့ပျောက်သွားပြန်သည်။

တချို့တော့ အရင်အိမ်ရှင်က နောက်လူရောင်းသွားတော့ နောက်လူပဝတ္တိသားက အိမ်ရှေ့ရှိအကြော်ဆိုင်ကို ထွက်ခွင့်မပေးတော့။ သူ့အိမ်မှာကုန်ချမည့်ကား အဝင်အထွက်တွေ များလာသည်။ သို့မဟုတ် ရှမ်းခေါက်ဆွဲဆိုင်ဖြစ်ချင်ဖြစ်လာမည်။

ထိုအခါ မန္တလေးမှာ ကောက်ညှင်းပေါင်းသည်က ရှားပါးကုန် ဖြစ်သွားတော့၏။ လမ်း ၃၀ ထိပ်၊ ၆၂ လမ်းပေါ်က ဆိုင်ကတော့ အကြော်နာမည်ကြီးသည်။ အကြော်မျိုးစုံရသည်။ ခရမ်းသီးကြော်၊ ဂေါ်ရခါးသီးကြော်၊ ဘူးသီးကြော်၊ မုန့်လုံးကြီးကြော်၊ ဂျုံးမြစ်ကြော်၊ ဆူးပုပ်ကြီးကြော်၊ ငှက်ပျောသီးဂျုံမံကြော်များ ရသည်။ နောက်တော့ ရဲသိပ္ပံအရှေ့ဘက်မှာ အကြော်နှင့် ကောက်ညှင်းပေါင်းဆိုင်များ စည်ကားလာပြန်၏။ အခုမရှိတော့။

လမ်း ၃၀ ထိပ်က လမ်းတောင်ဘက် ခြံဝင်းတစ်ဝင်းထဲကနေ မန္တလေး၏ စတီရီယို မျိုးဆက်သစ်များအား မွေးထုတ်ပေးဖူး၏။ တစ်ချိန်က လျှပ်စစ်ဂီတာသံ၊ ဒရမ်ဆက်သံ၊ အော်ဂင်သံများဖြင့် သီချင်းဆိုကျင့်နေသံကို လမ်းမပေါ်မှ အတိုင်းသားကြားနေရပါသည်။

စီဗီလိုင်းကား တစ်ချိန်က ခြံဝင်းကျယ်ကြီးများနှင့် လူနေကျဲကာ တိတ်ဆိတ်ငြိမ်သက်လှသည်။ လမ်းပေါ်ဝင်းပေါက်က အော်ခေါ် လျှင်ပင် ခြံထဲမှ အိမ်ဆီကမကြား၊ အများစုက အသားအိမ်ကြီးများ၊ သို့မဟုတ် နံကပ်တစ်ထပ်တိုက်လေးများသာ ဖြစ်သည်။ အောင်တော်မူရပ်ထဲမှ အောင်တော်မူဘုရားရှိ၏။ ယခုသည်ဘက် ဆယ်စုနှစ်ပိုင်းတွင် အောင်တော်မူဘုရားဝင်းအတွင်း၌ ပုတီးစိပ်သူ၊ တရားဘာဝနာပွားများသူများဖြင့် ညတိုင်းတွင် စည်ကားနေလေသည်။ အရိပ်ကောင်းသော လုပသည့် ဘုရားဝင်းကျယ်ကြီး ဖြစ်လေသည်။

အမှတ် ၁ ကားပြာ ဘတ်စ်ကားကြီးများက ဘုရားကြီးရှမ်းစုဘူတာမှ တအိအိ ထွက်လာကာ ဈေးချို၊ ကြေးနန်းရုံး၊ ဓာတ်စက်ရုံ၊ ဘူတာကြီး၊ ဆေးရုံကြီး၊ ရုံကြီးများကိုဖြတ်ပြီး အောင်တော်မူဘုရားဘက်ကွေ့ကာ မြောက်နားရေအိုးစင်ဂိတ်မှာ ဂိတ်ဆုံးဖြစ်ခဲ့ဖူး၏။ ထိုစဉ်ကတော့ မန္တလေးမြို့တွင်း၏ အချက်အချာအကျဆုံး ဘတ်စ်ကားခရီးစဉ်၊ အခုတော့ အောင်တော်မူသည် ဝင်ခလုတ်၊ ထွက်ခလုတ်မြို့၏ အသည်းနှလုံးနေရာများ။

လမ်း ၃၀ အတိုင်း အနောက်ဆက်ဆင်းလာတော့ လမ်းဘယ်ဘက်မှာ လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးပြုစုစောင့်ရှောက်ရေးဌာနရှိ၏။ ထိုအဆောက်အအုံတွေ မျက်နှာစာ၌ မှန်စီပန်းချီကားကြီးရှိသည်။ မန္တလေးမှာက ထိုကဲ့သို့သော အဆောက်အအုံမျက်နှာစာ မှန်စီပန်းချီကားက နှစ်ချပ်သာရှိသည်။ တစ်ချပ်က တိုင်းရင်းဆေးသိပ္ပံကျောင်းမှာရှိသည်။

ကလေးပြုစုရေးဌာန၏ အနောက်ဘက်မှာတော့ အမျိုးသမီးသက်ကြီး သင်တန်းကျောင်းရှိပါသည်။ မတော်တဆ လမ်းလွဲရောက်သွားသည့် မြန်မာအမျိုးသမီးလေးများအား ပြုပြင်ထိန်းသိမ်းပေးသည့် ကျောင်းဖြစ်၏။ ဘဲအုပ်က တစ်ရာနှစ်ရာ၊ မဗေဒါက တစ်ပင်တည်းဟု ဆိုရမလိုပင်။ ပြုပြင်ထိန်းသိမ်းသည့် သင်တန်းကျောင်းများကား သည့်ထက်မက အများကြီးရှိသင့်နေပါသည်။ ကျွန်တော်တို့ကား ဈေးကွက်စီးပွားရေးနှင့် မြန်မာအမျိုးသမီးတို့၏ အခန်းကဏ္ဍကိုသည့်ထက်မက တစ်ခန်း၊ တစ်ကဏ္ဍ၊ တခုတ်တရ ဆွေးနွေးကြရပေဦးမည်။

ဈေးကွက်စီးပွားရေးတွင် နယ်နိမိတ် ကျဉ်းကုန်၏။ ကုန်စည်ကူးလူးရောယှက်ကုန်၏။ ယဉ်ကျေးမှုတွေ စီးမျောကုန်၏။ အရင်က မဝတ်ဖူး၊ မမြင်ဖူး၊ မစားဖူး၊ မသိဖူးတာတွေ ဝတ်စား၊ မြင်တွေ့သိရှိကြကုန်၏။ ထိုအခါ လောဘတပ်မက်လာကြသည်။ ရောင့်ရဲတင်းတိမ်မှုကို ချိုးနှိမ်မရ၊ ဝတ်ချင်၊ စားချင်၊ မြင်ချင်၊ သိချင်တော့ ဝတ်ဖို့၊ စားဖို့၊ မြင်ဖို့၊ သိဖို့၊ ဟီရိဩတ္တပ္ပကို မငဲ့၊ သိက္ခာကိုမထောက်၊ ဣန္ဒြေကိုမစောင့်နိုင်ကြတော့။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

**ကလေးပြုစုရေးဌာန၏ အနောက်ဘက်မှာတော့ အမျိုးသမီးသက်ကြီး သင်တန်းကျောင်းရှိပါသည်။ မတော်တဆလမ်းလွဲရောက်သွားသည့် မြန်မာအမျိုးသမီးလေးများအား ပြုပြင်ထိန်းသိမ်းပေးသည့် ကျောင်းဖြစ်၏။ ဘဲအုပ်က တစ်ရာနှစ်ရာ၊ မဗေဒါက တစ်ပင်တည်းဟု ဆိုရမလိုပင်။ ပြုပြင်ထိန်းသိမ်းသည့် သင်တန်းကျောင်းများကား သည့်ထက်မက အများကြီး ရှိသင့်**




တစ်ချိန်က ခရီးသည်သယ်ယူပို့ဆောင်ပေးနေသည့် မန္တလေး ဘတ်စ်ကား

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်

**မန္တလေး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက်က မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာ ဇော်မြင့်မောင် တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာရဲလွင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာစိုးသန်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအားကစား ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခရိုင်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ရည်ရွယ်ချက် ငါးရပ်ချမှတ်ပြီး ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထူးချွန်သည့် လူငယ်အားကစားသမားများ ပေါ်ထွန်းလာစေရန်၊ ဒေသတွင်းအားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ အားကစားကိုလူအများစိတ်ပါဝင်စားကာ လေ့လာလိုက်စားကြပြီး လူတိုင်းကျန်းမာသန်စွမ်းလျက် နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်စေရန်၊ ပြောင်းလဲတိုးတက်နေသည့် အားကစားနည်းစနစ်များကို အမြင်ချင်းဖလှယ်ရယူရန်၊ လူတစ်စုအားကစားမှ လူထုအားကစားသို့ ဟူသော ရည်ရွယ်ချက်များကို အထောက်အကူပြုစေရန်အတွက်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဝင်များ၊ ဘော်လီဘောအားကစား ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အဖွဲ့ဝင်များနှင့် ပြိုင်ပွဲစီမံချက်ပါ ဖွဲ့စည်းပေးထားသော ဆပ်ကော်မတီ အသီးသီးမှအဖွဲ့ဝင်များ မိမိတို့တာဝန်ယူ ဆောင်ရွက်ရသည့် လုပ်ငန်းကော်မတီ၏ တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။



အဆိုပါ ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ အသင်းခုနစ်သင်း၊ အမျိုးသမီးပြိုင်ပွဲ၌ အသင်းလေးသင်း ပါဝင်ပြီး မေ ၂၄ ရက်မှ ၂၈ ရက်အထိ ဗထူးအားကစားခန်းမ၌ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသင်တန်းဖွင့်ပွဲကျင်းပ

**တွန်းဇံ မေ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ချင်းပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် မိုးရာသီ၌ ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ချင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ခန်းမ၌ မေ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (စက်မှုသီးနှံပညာပေးရေး)၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး၊ ပြည်နယ်/ ခရိုင် မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကော်ဖီစိုက်ပျိုးရန်စိတ်ပါဝင်စားသော ဒေသခံများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ တောင်သူများထံသို့ ကော်ဖီပျိုးပင် ၂၀၀၀၀ အား အခမဲ့ပေးဝေပေးပြီး ကော်ဖီမျိုးစေ့နှင့် နည်းပညာပေးစာအုပ်စာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဒေသခံ ပြည်သူများ၏ စားဝတ်နေရေးအဆင်ပြေစေရေးအတွက် ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် ကော်ဖီပင်များအား ပြည်နယ်အနှံ့အပြားတွင် တိုးချဲ့စိုက်ပျိုးသွားနိုင်ရန်အတွက် ကော်ဖီပျိုးပင် တစ်သိန်းအား စိုက်ပျိုးရေးဦးစီးဌာနမှ ချင်းပြည်နယ်အတွင်းရှိ ခြံများ၌ ၂၀၁၈ ခုနှစ် စိုက်ပျိုးရာသီတွင် ပျိုးပင်အခမဲ့ဖြန့်ဝေခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# မိုးကုတ်ဝိပဿနာ ပဋ္ဌိစ္စသမုပ္ပါဒ်ဓမ္မကထိကသင်တန်း ဖွင့်လှစ်မည်

**မန္တလေး မေ ၂၅**

မန္တလေးမြို့ သာသနဟိတဓရဓမ္မကထိက မိုးကုတ်ဝိပဿနာ ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းကျောင်းနည်းပြဆရာတော် ဒေါက်တာအရှင်သုဝဏ္ဏ(ရွှေသုဝဏ်-မန္တလေး) သာသနဓဇဓမ္မာစရိယ Ph.D(O.I.U.C.M Colombo) အရှင်မြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကို ခံယူကာ ဝါတွင်းကာလသင်တန်းအဖြစ် မြန်မာပြည်အရပ်ရပ်မှ ကျောင်းထိုင်သံဃာတော်များ၊ စာသင်သားသံဃာတော်များ အလွယ်တကူ တက်ရောက်သင်ကြား၍ သာသနာပြုနိုင်ရန် မေ ၁၈ ရက် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ခုနစ်ရက် အထူးသင်တန်းပို့ချ၍ သာသနာပြုမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသော သံဃာတော်များအနေဖြင့် သာသနာဝင်ကတ်နှင့် ပတ်စ်ပို့ဓာတ်ပုံ လေးပုံယူဆောင်ကာ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်-တမာတန်းအရှေ့ဘက် မဟာကိုးဆူတိုက်မြသရဖူကျောင်း ဖုန်း-၀၉-၄၀၂၇၀၄၅၂၀ သို့ဆက်သွယ်၍ ကြိုတင်လျှောက်လွှာတင်သွင်းနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ပြင်ဦးလွင်မြို့၌ လုံခြုံရေးနှင့်သတင်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပြင်ဦးလွင် မေ ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ လုံခြုံရေးနှင့်သတင်းညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက်က ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်စီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် နယ်မြေဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းထူးခြားဖြစ်စဉ်သတင်းများစသည်တို့ကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဦးလွင်မြို့ပေါ်ရပ်ကွက်များမှ မြေငှားဂရန်များနှင့်ပတ်သက်၍ ဆုံးဖြတ်ဆောင်ရွက်ရန်လိုသည့် ကိစ္စရပ်များကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင်များအား ချပြဆွေးနွေးပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးသဘောထားရယူဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**

# ရဲလုပ်ငန်းခွင်သင်တန်းအမှတ်စဉ် (၁/၂၀၁၇)ဖွင့်

**မြစ်ကြီးနား မေ ၂၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ညွှန်ကြားချက်ဖြင့် ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးက ဦးစီးဖွင့်လှစ်သော ရဲလုပ်ငန်းခွင်သင်တန်းအမှတ်စဉ် (၁/၂၀၁၇)သင်တန်းဖွင့်ပွဲကို မေ ၂၄ ရက်က မြစ်ကြီးနားမြို့ပြည်နယ်အရန်ရဲအကူတပ်ဖွဲ့ခွဲရုံး သင်တန်းခန်းမ၌ ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်အရန်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မြင့်ထူးက အမှာစကားပြောကြားပြီး ယင်းသင်တန်းကို ရဲမှူး ငွေဆိုင်ဦးစီး၍ နည်းပြအဖွဲ့ဝင်များဖြင့် မေ ၂၄ ရက်မှ မေ ၂၃ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ရဲစခန်းများမှ ဒုတိယရဲအုပ်အဆင့်သင်တန်းသား သင်တန်းသူ ၂၃ ဦး တက်ရောက်မည်ဖြစ်ပြီး ရဲလုပ်ငန်းစဉ်များ အမှုစစ်နယ်ထိန်းလုပ်ငန်းစဉ်များကို သင်ကြားပို့ချပေးသွားမည် ဖြစ်သည်။

**မင်းရာဇာ(မြစ်ကြီးနား)**

**ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသော သရက်လိန်အုပ်စု ကသည်းကုန်း ကျေးရွာသို့ မေ ၂၄ ရက်က ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆန်း ဦးဆောင်ပြီး မြို့မစခန်းမှူး ဒုတိယရဲမှူးအောင်အောင်နှင့် အဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များ၊ ရဲမေများက အိမ်တိုင်ရာရောက်သောက်သုံး ရေဂါလန် ၄၈၀၀ အား လှူဒါန်းစဉ်** (အဆိုပါ ကျေးရွာသို့ နေ့စဉ်ရေဂါလန် ၅၀၀ ကို လည်းလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။)

**အောင်မြင့်(ပန်းတောင်း)**




# ငါးသရောက်မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးသည့် နွေပဲတီစိမ်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ညောင်ဦး မေ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စု ဖက်တန်း(မြောက်) ကျေးရွာ၌ ဒေသခံတောင်သူများ ငါးသရောက်မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးထားရှိသည့် နွေပဲတီစိမ်းသီးနှံစိုက်ခင်းများ စိုက်ပျိုးရေအပြည့်အဝရရှိ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ယခုအခါ နွေပဲတီစိမ်းသီးနှံစိုက်ခင်းများမှာ အသီးများရင့်မှည့်ကာ ရောင်းချရန်အတွက် တောင်သူများ စတင်ဆွတ်ခူးနေကြပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စု ဖက်တန်း(မြောက်) ကျေးရွာမှ နွေပဲတီစိမ်းစိုက်ပျိုးသည့် ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စု ဖက်တန်း(မြောက်) ကျေးရွာက ဒေသခံတောင်သူတွေဟာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက စီးပွားရေးလုပ်ငန်းအနေနဲ့ စိုက်ပျိုးလုပ်ကိုင်ကြတာပါ။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်တဲ့ နေရာမှာလည်း ငါးသရောက်မြစ်ရေတင်စနစ်ကို မှီခိုအားထားလို့ရတဲ့အတွက် နွေ၊ မိုး၊ ဆောင်းရာသီမရွေး စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ပဲတီစိမ်းသီးနှံအပြင် ကျွန်တော်တို့ဆီမှာ စပါး၊ ပြောင်း၊ ကုလားပဲ၊ နေကြာ၊ ငရုတ်၊ ကြက်သွန်နီ၊ ခရမ်းနဲ့ ငှက်ပျောစိုက်ခင်းတွေကို တောင်သူတွေ အများဆုံး စိုက်ပျိုးကြပါတယ်။ အခုလို နွေပဲတီစိမ်းသီးနှံစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းတော့ တောင်သူတွေအတွက် ဈေးနှုန်းကောင်းဖို့ပဲ မျှော်လင့်ပါတယ်" ဟု ဒေသခံတောင်သူ ဦးရင်မောင်ကပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။

၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။

၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။

၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။

၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# မြန်မာ့စက်မှုဖွံ့ဖြိုးမှုအတွက် အခွင့်အလမ်းကောင်း စီးပွားရေးစကြံများ

## မောင်သန်းဝင်းရွှေ

မြန်မာနိုင်ငံသည် အကျယ်အဝန်းအားဖြင့် ကမ္ဘာပေါ်တွင် အဆင့် ၄၀ မြောက်အကြီးဆုံးနိုင်ငံဖြစ်ပြီး ၂၄ နိုင်ငံမြောက် လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်ပါသည်။ ပထဝီအနေအထားအရ အာဆီယံဒေသနှင့် အရှေ့အာရှဒေသတို့ကို ဆက်သွယ်ပေါင်းကူးပေးနိုင်သည့် အချက်အချာကျသောနေရာတွင် တည်ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့်ရှိသော ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ လာအို၊ ထိုင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းထိစပ်နေသဖြင့် ကြီးမားကျယ်ပြန့်သည့် ဈေးကွက်ရှိခြင်း၊ ကြီးမားသည့်လုပ်သားအင်အားရှိခြင်း၊ ပင်လယ်ထွက် ပေါက်ဆိပ်ကမ်းများ၊ ရေနက်ဆိပ်ကမ်းများ ဖော်ထုတ်နိုင်သည့် ပင်လယ်ကမ်းရိုးတန်းများရှိခြင်းနှင့် ပြည်တွင်းမြစ်ကြောင်းလမ်းများရှိနေခြင်းတို့သည်ကပင် သဘာဝက ပေးသောပင်ကို အခြေခံကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း AEC တွင် ပူးပေါင်းပါဝင်မည့် နိုင်ငံဖြစ်သည့်အပြင် ဒေသတွင်းနိုင်ငံများနှင့် ပိုမိုပေါင်းစည်းနိုင်ရေးကို ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများအပေါ် စိန်ခေါ်မှုများပါ တစ်ပါတည်း မြင့်တက်လာနိုင်မည်ဖြစ်၍ စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံမှ စက်မှုထွန်းကားသည့်နိုင်ငံအဖြစ် တက်လှမ်းနိုင်ရေးသည် မလွဲမသွေကြိုးပမ်းဆောင်ရွက်ရပေတော့မည်ဖြစ်သည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍလုပ်ငန်းများတွင် တရားဝင်မှတ်ပုံတင်ထားသည့် စာရင်းအင်း Statistics အရ စက်မှုလုပ်ငန်း(ကြီး၊ လတ်၊ ငယ်) ၄၅၀၀၀ ခန့်နှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၁၉၀၀၀ ကျော်ရှိပေသည်။ ယင်းစက်မှုလက်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်း (Promotion) ဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လာအောင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတပေါများကြွယ်ဝသည်ဖြစ်ရာ ယင်းသဘာဝသယံဇာတအရင်းအမြစ်တစ်ခုတည်းဖြင့်သာ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Long-Term Economic Development) ကို ဆောင်ရွက်နိုင်မည်မဟုတ်ပါသဖြင့် စက်မှုကဏ္ဍကို အခြေပြုသည့် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုစသည့်လုပ်ငန်းများကိုပါ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်သွားရမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ မျှော်မှန်းချက် (Vision) ကို ပြည့်မီအောင်ဆောင်ရွက်ရာတွင် သက္ကရာဇ် ၂၀၂၀ ၌ အောက်ဖော်ပြပါ ရည်မှန်းချက်တာဝန်များ (missions) များ ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

(က) စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန်။
(ခ) အဆင်းရဲဆုံးနိုင်ငံ (L.D.C) အဖြစ်မှလွတ်မြောက်အောင် ဆောင်ရွက်ရန်။
(ဂ) အလယ်အလတ်အဆင့် ဝင်ငွေရရှိသည့် နိုင်ငံဖြစ်အောင် ဆောင်ရွက်ရန်။

သို့ဖြစ်၍ ခေတ်ဟောင်း၊ စနစ်ဟောင်းက လုပ်နည်းလုပ်ဟန်များကို ခေတ်သစ်၊ စနစ်သစ်နှင့်လျော်ညီသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေသစ်သို့ ပြောင်းလဲရန်လိုအပ်လာသဖြင့် အောက်ပါပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်(၄)ရပ်ကို မဟာဗျူဟာလုပ်ငန်းစဉ်များ (strategies) အဖြစ်ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

(က) နိုင်ငံရေးပြုပြင်ပြောင်းလဲမှု
(ခ) စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှု
(ဂ) အစိုးရအုပ်ချုပ်ရေးယန္တရားပြုပြင်ပြောင်းလဲမှု
(ဃ) ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးရေး ပြုပြင်ပြောင်းလဲမှု

ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာများ ဆောင်ရွက်ရာ၌ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင် (Frame work for Economic and Social Refrom-F.E.S.R) ကိုချမှတ်ခဲ့ရာ(က)စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့်ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ (ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ အကြားအချိုးကျ မျှတစွာဖွံ့ဖြိုးတိုးတက်ရေး (ဂ) ပြည်သူလူထု တစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ (ဃ) စာရင်းဇယား၊ ကိန်းဂဏန်းများ တိကျမှန်ကန်ရေးတို့အား အဓိကထား၍ဆောင်ရွက်လျက်ရှိကြရပေသည်။ ဤသည်က မြန်မာ့စက်မှုကဏ္ဍ၏အနာဂတ်မျှော်မှန်းချက်မှာ “ခေတ်မီစက်မှုနိုင်ငံတည်ဆောက်ရန်” ပင်ဖြစ်ပေသည်။ ထို့အတူ စက်မှုဖွံ့ဖြိုးရေး၏အချက်အချာကျသည့်ဒေသကို နိုင်ငံတော်၏ ကြီးပွားရေးဆိုင်ရာအဓိကဝင်ရိုးနှစ်ခုဖြစ်သော ရန်ကုန်နှင့် မန္တလေးကိုအဓိကမူတည်၍ ရွေးချယ်ခြင်းပြုထားပေသည်။

မြန်မာ့စက်မှုကဏ္ဍအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်အရ မဟာဗျူဟာမြောက်သောနေရာတွင် တည်ရှိခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ (International Investors)များ၏ စိတ်ဝင်စားမှု (Expression of interest) ရှိခြင်း၊ ထုတ်လုပ်မှုကဏ္ဍသစ်များအတွက် ခေတ်မီစက်ရုံများတည်ဆောက်နိုင်ရေးအတွက် အားသာချက်ရှိခြင်းတို့သည် နိုင်ငံတကာနှင့်ဆက်သွယ်မှုအတွက် အခွင့်အလမ်းကောင်းများဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် တောင်မြောက်စီးပွားရေးစကြံ၊ အရှေ့-အနောက်စီးပွားရေးစကြံ၊ အရှေ့မြောက်-အနောက်တောင် စီးပွားရေးစကြံ၊ ရန်ကုန်မှမြဝတီသို့ စီးပွားရေးစကြံဟူသော နိုင်ငံတကာနှင့် ဆက်သွယ်နိုင်သော စီးပွားရေးစကြံများဖြင့် ရပ်တည်လျက်ရှိပေသည်။ ဤသည်မှာ အနာဂတ်မြန်မာ့စီးပွားရေးအတွက် အလားအလာကောင်းသော အခွင့်အလမ်းကောင်းများဟူ၍ မှတ်ယူရပေသည်။



### တောင်-မြောက်စီးပွားရေးစကြံ

(သီလဝါ-ပဲခူး-နေပြည်တော်-မိတ္ထီလာ-မန္တလေး-မြစ်ကြီးနား) သည် နိုင်ငံ၏ ဆက်သွယ်မှုကျောရိုးကို တောင်-မြောက်စကြံအနေဖြင့် သတ်မှတ်ထားပါသည်။ တောင်-မြောက်စီးပွားရေးစကြံသည် အဓိကငါးနေရာ ဖြတ်သန်းသွားရာ ယင်းတို့မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ဖြစ်ပြီး GDP ၏ ၅၅ ရာခိုင်နှုန်းကို ပံ့ပိုးလျက်ရှိပါသည်။ ဤစကြံတွင် အမြန်မီးရထားလမ်း၊ ကုန်လှောင်ရုံနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အားသာချက်များပေးစွမ်းနိုင်မည့် စီးပွားရေးဥယျာဉ်များ ပါဝင်လာမည်ဖြစ်ပါသည်။ နိုင်ငံတော်ကြီးပွားရေး၏ အဓိကဝင်ရိုးနှစ်ခု (ရန်ကုန်နှင့် မန္တလေး)ကို ချိတ်ဆက်ပေးထားပါသည်။ စီးပွားရေးနှင့် နည်းပညာဖြန့်ကြက်မှုသည် ဖွံ့ဖြိုးရေးကွန်ရက်ငါးနေရာဖြစ်သည့် ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ မိတ္ထီလာနှင့်မြစ်ကြီးနားမြို့များသို့ အားမြှင့်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတော်လူဦးရေ၏ ၄၈ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး ဒေသတွင်းကျရောက်နေသည့် စီးပွားရေးအဆောက်အအုံများမှာ သီလဝါ အထူးစီးပွားရေးဇုန်၊ စက်မှုဇုန် ၂၄ ခုနှင့် စက်မှုဇုန်ခွဲ ခုနစ်ခုတို့ဖြစ်ကြသည်။

### အရှေ့-အနောက်စီးပွားရေးစကြံ

(တမူး-ကလေး-မုံရွာ-မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-မိုင်းလား / တာချီလိတ်)အရှေ့-အနောက် စီးပွားရေးစကြံသည် ထိုင်းနှင့်လာအိုသို့ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှတစ်ဆင့် အရှေ့မြောက် အိန္ဒိယမဏိပူရ ပြည်နယ်ကို ချိတ်ဆက်ပေးထားသည်။ မန္တလေးမြို့၏ တောင်ပိုင်းကို ဖြတ်ကျော်လျက် စီးပွားရေးစကြံသည် အလားအလာကောင်းမွန်သော ဖွံ့ဖြိုးရေးဒေသခုနစ်ခု (ကျိုင်းတုံ-လွယ်လင်-တောင်ကြီး-မိတ္ထီလာ-ပခုက္ကူ-မုံရွာ-ကလေး)နှင့် ချိတ်ဆက်ထားပြီး မိုင်းလားမှ တရုတ်နိုင်ငံ၊ တာချီလိတ်မှထိုင်းနှင့် တမူးမှ အိန္ဒိယသို့ ချိတ်ဆက်နိုင်မည်ဖြစ်ပါသည်။ ဤစီးပွားရေးစကြံ၏ အရေးပါမှုသည် နိုင်ငံတကာကုန်သွယ်မှုတွင် ကြားခံနယ်မြေအဖြစ် အသုံးပြုနိုင်ခြင်းဖြစ်ပါသည်။ ဒေသအတွင်း လူဦးရေ ၃၂ ရာခိုင်နှုန်း နေထိုင်ပြီး GDP တွင် ၂၈ ရာခိုင်နှုန်းကို အထောက်အကူပြုပေးထားပါသည်။ ဤစီးပွားရေး စကြံပေါ်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုလုပ်ငန်းများမှာ စားသောက်ကုန်၊ အဖျော်ယမကာ၊ တန်ဖိုးမြှင့်သစ်တောထွက်ပစ္စည်းနှင့် ဆောက်လုပ်ရေးပစ္စည်း စက်မှုလုပ်ငန်းများဖြစ်ပြီး ရေရှည်ရှင်သန်နိုင်သော စက်မှုလုပ်ငန်းများမှာ သတ္တုတွင်း၊ စက်မှုကုန်ကြမ်းနှင့် ခရီးသွားလုပ်ငန်းများဖြစ်ကြသည်။ ကျိုင်းတုံသည် စက်မှုဇုန်ကို ထူထောင်ရန် သင့်လျော်သော နေရာတစ်ခုဖြစ်ပြီး တရုတ်နှင့် ထိုင်းတို့မှ အကျိုးကျေးဇူးများကို ယူဆောင်လာနိုင်မည်ဖြစ်ပါသည်။

### အရှေ့မြောက်-အနောက်တောင် စီးပွားရေးစကြံ

(ကျောက်ဖြူ-မကွေး-မိတ္ထီလာ-မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်) သည် ကျောက်ဖြူမှ တရုတ်နိုင်ငံသို့ ဆက်သွယ်ထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းရှိပါသည်။ ဤစီးပွားရေးစကြံသည် ကျောက်ဖြူအထူးစီးပွားရေးဇုန် အပါအဝင် မကွေး၊ မိတ္ထီလာ၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ် စသည့် အလားအလာကောင်းသောဒေသများနှင့် ချိတ်ဆက်ထားသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် GDP ကို ၃၀ ရာခိုင်နှုန်း ပံ့ပိုးပေးနိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်လေးခုကို ဖြတ်သန်းလျက် တရုတ်နိုင်ငံယူနန်အထိ ချိတ်ဆက်ထားပါသည်။ နယ်စပ်ဒေသရှိ စီးပွားရေးဇုန်များအတွက် အရေးပါပြီး လူမျိုးစုကွဲပြားသော ဒေသနှစ်ခုပါဝင်ကာ လူဦးရေ ၃၇ ရာခိုင်နှုန်းဖြင့် ဝန်းရံထားပါသည်။ မူဆယ်သည် စီးကရက်၊ ဆပ်ပြာ၊ ဓာတ်မြေဩဇာများ ထုတ်ပေးသော စီးပွားရေးလုပ်ငန်းများ ထူထောင်ထားသည့် စက်မှုဒေသတစ်ခုဖြစ်ပါသည်။ လားရှိုးသည် ဘိလပ်မြေ၊ သတ္တုထုတ်လုပ်မှုနှင့်အတူ အစားအစာထုတ်လုပ်ရေးလုပ်ငန်းတို့ဖြင့် လွှမ်းခြုံထားရာဒေသဖြစ်ပါသည်။ ပြင်ဦးလွင်သည် ပြည်တွင်းတယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းနှင့် အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိပြီး နည်းပညာဝန်ဆောင်မှုလုပ်ငန်းနှင့် ထုတ်လုပ်မှု တို့မှာ လျင်မြန်စွာ တိုးတက်လျက်ရှိပါသည်။ မကွေးသည် ကုန်းတွင်းရေနံထုတ်လုပ်မှု ၊ သံထည်လုပ်ငန်းအပါအဝင် စက်မှုထုတ်ကုန်များ၏ ဗဟိုအချက်အချာဖြစ်ပါသည်။ ထို့အပြင် ဆီထွက်သီးနှံထုတ်လုပ်မှုလုပ်ငန်း၊ ပဲဆီ၊ ပြည်တွင်းလယ်ယာအခြေခံ ထုတ်ကုန်လုပ်ငန်းများအတွက် အထောက်အကူပြုမှုတို့ လည်း မကွေးတိုင်းဒေသကြီးတွင် ရှိပါသည်။ ကျောက်ဖြူသည် ကမ်းလွန်ဓာတ်ငွေ့(ရွှေစီမံကိန်း)အတွက် ကုန်းတွင်းဝင်ပေါက်ဖြစ်ပါသည်။

### ရန်ကုန်မှ မြဝတီသို့ စီးပွားရေးစကြံ

(သီလဝါ-ပဲခူး-ဘားအံ-မြဝတီ) စီးပွားရေးစကြံသည် ရန်ကုန်၊ ပဲခူးနှင့် ကရင်ပြည်နယ်တို့ကို ဖြတ်သန်းလျက် ထိုင်းနိုင်ငံသို့ ချိတ်ဆက်ပေးထားပါသည်။ ဤစီးပွားရေးစကြံသည် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ GDP သို့ ၃၆ ရာခိုင်နှုန်းထည့်ဝင်ပေးထားမှုနှင့်အတူ မဟာဗျူဟာမြောက် အရေးပါသော ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်းတစ်ခုဖြစ်ပါသည်။ ထိုင်းနိုင်ငံမှ ပို့ကုန်အများစုမှာ မြဝတီ၊ မဲဆောက်နယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ပါသည်။ ထိုင်းနိုင်ငံ မဲဆောက်တွင် အထူးစီးပွားရေးဇုန် ထူထောင်ထားမှုနှင့်အတူ စကြံသည် ကာလတိုဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်သားအခြေပြု ထုတ်လုပ်မှုလုပ်ငန်း တိုးချဲ့ဆောင်ရွက်ရေးတွင် များစွာအရေးပါလျက်ရှိပါသည်။ ဖွံ့ဖြိုးမှုသည် နယ်စပ်မှတစ်ဆင့် ရန်ကုန်နှင့်ပဲခူးတိုင်းဒေသကြီးများသို့ ဖြန့်ကြက်လာမည်ဖြစ်ပါသည်။ နိုင်ငံတော်လူဦးရေ၏ ၃၀ ဒသမ ၁ ရာခိုင်နှုန်းပါဝင်လျက် ရန်ကုန်နယ်မြေအတွင်း တွေ့ကြုံနေရသော မြို့ပြဆင်းရဲမှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံဖွံ့ဖြိုးရေးဗဟိုချက်(ရန်ကုန်)၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် နယ်စပ်စီးပွားရေးဇုန်(မြဝတီ)သို့ ဆိပ်ကမ်းဝန်ဆောင်မှုပေးခြင်းဖြင့် ချိတ်ဆက်ကာ ပဲခူး၊ သထုံ၊ ဖာပွန် ဖွံ့ဖြိုးရေး အလားအလာရှိသော ဒေသသုံးခုကိုလည်း ဆက်သွယ်ပေးထားပါသည်။

ထို့အတူ နိုင်ငံတကာမှ ဆက်သွယ်နိုင်သော ဆိပ်ကမ်းများ တည်ဆောက်ရေးမှာလည်း အားပေးဆောင်ရွက်ရန်ဖြစ်ပြီး စက်မှုလုပ်ငန်းများကို နီးကပ်စွာ နေရာချထားဆောင်ရွက်ရန် လိုအပ်ပါသည်။ မြန်မာ့စီးပွားရေးအတွက် အချက်အချာကျသော နိုင်ငံတကာနှင့် ဆက်သွယ်နိုင်သော ဆိပ်ကမ်းများမှာ-

- ဥရောပ၊ အာဖရိကနှင့် အနောက်အာရှတို့မှ ကုန်သင်္ဘောများ ဆိုက်ကပ်နိုင်သော အထူး စီးပွားရေးဇုန်တည်ထောင်မည့် ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ ရခိုင်ပြည်နယ်။
- ဥရောပ၊ အာဖရိကနှင့် အနောက်အာရှတို့မှ ကုန်သင်္ဘောများ ဆိုက်ကပ်နိုင်မည့် ပုသိမ်ရေနက်ဆိပ်ကမ်း၊ ငရုတ်ကောင်းမြို့နယ် ၊ ဧရာဝတီတိုင်းဒေသကြီး။
- ထားဝယ်၊ ဗန်ကောက်၊ ဗီယန်ကျင်းနှင့် ဒါနန်း စီးပွားရေးစကြံတွင် အဓိကကျပြီး အထူးစီးပွားရေးဇုန်တည်ထောင်မည့် ထားဝယ်ရေနက်ဆိပ်ကမ်း၊ တနင်္သာရီတိုင်းဒေသကြီး။
- မော်လမြိုင်၊ မြဝတီ၊ မဲဆောက်၊ ထိုင်းနိုင်ငံသို့ နိုင်ငံတကာကုန်စည်များ တင်ပို့နိုင်မည့် ရေးမြို့ရေနက်ဆိပ်ကမ်း(ကုလားကုတ်ကျွန်း)၊ မွန်ပြည်နယ်နှင့်
- စီးပွားရေးမြို့တော်၊ ရန်ကုန်အနီး အထူးစီးပွားရေးဇုန်တည်ထောင်လျက်ရှိသော သီလဝါဆိပ်ကမ်း၊ ရန်ကုန်တိုင်းဒေသကြီးတို့ ဖြစ်ပေသည်။

နိုင်ငံတကာနှင့်ဆက်သွယ်နိုင်သော အထက်ပါစီးပွားရေးစကြံများနှင့်ဆိပ်ကမ်းများအပေါ် အမှီပြု၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စက်မှုလုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသများပါဝင်မှု ကြီးမားသောဈေးကွက်ရရှိမှု၊ စုပေါင်းဆောင်ရွက်မှုအကျိုးကျေးဇူးနှင့်ဆက်စပ်ဖြစ်ပေါ်သော အကျိုးအမြတ်များ (benefits) ပြည်တွင်းသုံးနှင့်နိုင်ငံတကာသုံး ကုန်ပစ္စည်းများအပြန်အလှန် တင်ပို့နိုင်သော အဖိုးတန်အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး GDP (Gross Domestic Products) တိုးတက်မှုနှုန်းကို နှစ်စဉ် ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းအကောင်အထည်ဖော်နိုင်ခဲ့ပါလျှင် ၂၀၃၀ ပြည့်နှစ်တွင် စက်မှုကဏ္ဍဖွံ့ဖြိုးမှုမှာ တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းကြားတိုးတက်လာမည့် အလားအလာကို ပြည့်မီစေမည်ဖြစ်သည်။ ဤသို့ရည်မှန်းချက်များ အောင်မြင်ရန် ကြိုးပမ်းနေစဉ်ကာလနှင့်အတူ အခြားသော အဓိကစီးပွားရေးကဏ္ဍများ၏ ဆက်စပ်အကျိုးအမြတ်များကို ပြည့်ထောင်စုဖွား၊ တိုင်းရင်းသားတစ်ရပ်လုံး အချိုးညီခံစားမှုကို ပေါ်ထွန်းစေမည့် “ဖက်ဒရယ်ပြည်ထောင်စု” ပန်းတိုင်သို့ “နှစ်ဆယ့်တစ်ရာစုပင်လုံ” မှသည် မလွဲမသွေ ဦးတည်ဆိုက်ရောက်နိုင်မည်မှာ ကေန်ဖြစ်ပေသည်။ ။

**အာဆီယံစီးပွားရေးအသိုက်အဝန်း AEC တွင် ပူးပေါင်းပါဝင်မည့် နိုင်ငံဖြစ်သည့်အပြင် ဒေသတွင်းနိုင်ငံများနှင့် ပိုမိုပေါင်းစည်းနိုင်ရေးကို ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများအပေါ် စိန်ခေါ်မှုများပါ တစ်ပါတည်း မြင့်တက်လာနိုင်မည်ဖြစ်၍ စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံမှ စက်မှုထွန်းကားသည့်နိုင်ငံအဖြစ် တက်လှမ်းနိုင်ရေးသည် မလွဲမသွေ ကြိုးပမ်းဆောင်ရွက်ရပေတော့မည် ဖြစ်သည်**

# ဘိုင်ယန်မြူးနစ်နဲ့ ဒေါ့မွန်တို့ အကြိတ်အနယ်ဖြတ်ကျော်မယ့် ဂျာမန်ပိုကယ်ဖလား အကြိုဗိုလ်လုပွဲ

ဂျာမန်ပိုကယ်ဖလားဘောလုံးပြိုင်ပွဲရဲ့ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်နဲ့ ဒေါ့မွန်တို့ ဧပြီ ၂၇ ရက်မှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ နှစ်သင်းစလုံးဖလားရယူနိုင်ရေး ပစ်မှတ်ထားနေတာမို့ ဒီပွဲက အကြိတ်အနယ်ရှိလာမှာဖြစ်ပြီး ပရိသတ်တွေအတွက် အကြိုက်တွေ့စရာပွဲတစ်ပွဲဖြစ်လာမှာ သေချာပါတယ်။ ရာသီကုန်ချိန်မှာ ဘွန်ဒက်စ်လီဂါမှာ မျှော်လင့်ချက်တွေ အကောင်အထည်ဖော်နိုင်ဖို့ အပြိုင်ကြိုးစားနေကြတဲ့အသင်းတွေဖြစ်တာကြောင့် နောက်ဆုံးပွဲချိန်အထိ ကစားအားမချဘဲ ဂျာမန်ပိုကယ်ဖလား နောက်ဆုံးဗိုလ်လုပွဲရောက်ရှိရေးအတွက် ကစားအားကို သွန်ကစားပြီးရလဒ်ကောင်းကို ဖော်ဆောင်ပါလိမ့်မယ်။

ဘိုင်ယန်မြူးနစ်တို့က ဘွန်ဒက်စ်လီဂါမှာ ဒုတိယနေရာက လစ်ဇစ်အသင်းကို ပွဲတူကိုးမှတ်ပြတ်ပြီး လွတ်လွတ်ကျွတ်ကျွတ်ဦးဆောင်နေပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ အကောင်းဆုံး တိုက်စစ်နဲ့ အကောင်းဆုံး ခံစစ်ကို ပိုင်ဆိုင်ထားတဲ့အပြင် အိမ်ကွင်းနောက်ဆုံးကစားခဲ့တဲ့ ၁၀ ပွဲမှာ ခြောက်ပွဲက ဂိုးမပေးခဲ့ရပါဘူး။ ဒါပေမယ့် အခုတလော ဘိုင်ယန်မြူးနစ်ရဲ့ ခြေစွမ်းက အနည်းငယ် ယိုင်နေပြီး ရီးရဲမက်ဒရစ်ကို ချန်ပီယံလိဂ်မှာ နှစ်ကျော့စလုံး ရှုံးခဲ့သလို လေဗာကူဆင်ကိုလည်း အဝေးကွင်းမှာ သရေပွဲဖြစ်ခဲ့ပါတယ်။

တိုက်စစ်ပိုင်းမှာလည်း ဂိုးသွင်းစွမ်းရည်ကျဆင်းနေပြီး သုံးပွဲမှာ နှစ်ဂိုးသာသွင်းယူနိုင်ခဲ့တဲ့ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူးတွေအတွက်က အားရစရာတော့ မရှိပါဘူး။ ဒါပေမယ့် ဘိုင်ယန်မြူးနစ်ဟာ အသင်းလိုက်ရော နေရာစုံမှာပါ။ ကစားအားကောင်းတဲ့အသင်းဖြစ်ပြီး ပြိုင်ဘက်ကို ချေမှုန်းနိုင်စွမ်းရှိတဲ့ စိတ်ခံတတ်ရော ခြေစွမ်းပါ ပိုင်ဆိုင်ထားတဲ့အသင်း ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်မှာ အားထားရတဲ့ ဂိုးသမားနူအာက ရီးရဲမက်ဒရစ်ကို ရှုံးခဲ့တဲ့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်မှာ ခြေထောက်ဒဏ်ရာရရှိခဲ့တာမို့ နှစ်လခန့်ကြာအောင် အနားယူဖို့ ရှိနေပြီး ဒီပွဲမှာ ပါဝင်မကစားနိုင်ပါဘူး။ ဘိုင်ယန်မြူးနစ်ဟာ ပြည်တွင်းဖလားတွေရယူဖို့ အာရုံစိုက်လာပြီဖြစ်တာမို့ ဒီပွဲမှာ ဒေါ့မွန်ကို အနိုင်ကစားပြီး ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲအထိ ရောက်ရှိတက်လှမ်းနိုင်အောင် ကြိုးစားပါလိမ့်မယ်။

ဒေါ့မွန်တို့က ဒီနှစ် ဘွန်ဒက်စ်လီဂါမှာ တန်းစီဇယား စတုတ္ထနေရာအတွက် ခိုင်ခိုင်မာမာ ရပ်တည်နိုင်အောင် ကြိုးစားနိုင်တာမို့ အခုရာသီမှာ ဖလားလက်မဲ့မဖြစ်စေဖို့ အခုပွဲကို အားထည့်ပြီး ကစားမှာ သေချာပါတယ်။ ဒေါ့မွန်တို့က အခုဂျာမန်ပိုကယ်ဖလားကိုပဲ မျှော်လင့်ချက်ရှိတော့တာမို့ အခုပွဲကို သေသေချာချာပြင်ဆင်ကစားပါလိမ့်မယ်။ အိမ်ကွင်းမှာ ရလဒ်ကောင်းတွေရယူနိုင်ပေမယ့် အဝေးကွင်းမှာ ကစားအားကျဆင်းတတ်တာကို အလေးထားပြင်ဆင်ရမှာဖြစ်တာကြောင့် ဒေါ့မွန်ဟာ အကောင်းဆုံး စုဖွဲ့မှုနဲ့အတူ ဘိုင်ယန်မြူးနစ်ကို ရင်ဆိုင်ပါလိမ့်မယ်။ ဒေါ့မွန်ရဲ့အားနည်းချက်က ခံစစ်မှူးတွေ အခုနောက်ပိုင်းမှာ အမှားအယွင်းရှိလာတာဖြစ်ပြီး ပြင်ဆင်ဖို့လိုအပ်နေတာဖြစ်ပါတယ်။ ဒေါ့မွန်တို့ရဲ့ အခုတလော နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် တစ်ပွဲသာရှုံးခဲ့ပြီး အဲဒီပွဲကလည်း ဘိုင်ယန်မြူးနစ်ကို လေးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ ဒေါ့မွန်တိုက်စစ်မှူးတွေဟာ အခုတလော ဂိုးသွင်းမှုပိုင်းမှာ အဆုံးသတ်အားနည်းနေပြီး ပြိုင်ဘက်ဂိုးဧရိယာအတွင်းမှာ ဘောလုံးဆုံးရှုံးမှုများနေပါတယ်။ အဝေးကန်ချက်တွေကလည်း ထိရောက်မှုမရှိတာမို့ ဒီအားနည်းချက်တွေကို ဖြည့်ဆည်းရဦးမှာဖြစ်ပါတယ်။ ဒေါ့မွန်နဲ့ ဘိုင်ယန်မြူးနစ်တို့ တွေ့ဆုံခဲ့သမျှပွဲမှတ်တမ်းတွေကို ကြည့်ရင် ဘိုင်ယန်မြူးနစ်တို့က အသာစီးရရှိခဲ့တာများတာမို့ အခုပွဲမှာလည်း ဘိုင်ယန်မြူး နစ်တို့ပဲ နောက်ဆုံးဗိုလ်လုပွဲ တက်ရောက်သွားပါလိမ့်မယ်။ ။




■ မိုးမြင့်လင်းလက် ■

## PFA အကောင်းဆုံး ဘောလုံးသမားဆုရ အင်န်ဂိုလိုကန်တီ



ချယ်လ်ဆီးကွင်းလယ်ကစားသမား အင်န်ဂိုလိုကန်တီဟာ ဒီ ၂၀၁၇ ခုနှစ်အတွက် ကြေးစားဘောလုံးသမားများအသင်း (PFA) က မဲပေးဆန္ဒပြု ရွေးချယ်ပေးတဲ့ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးသွားခဲ့ပါတယ်။ သူဟာ ဇူလိုင်လက လက် စတာအသင်းမှ ပေါင် ၃၂ သန်းနဲ့ ပြောင်းရွှေ့လာသူဖြစ်ပြီး ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်ဇယားထိပ်ရောက်အောင် အဓိက စွမ်းဆောင်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။ အသက် ၂၆ နှစ်ရှိ ပြင်သစ်နိုင်ငံသား ကန်တီဟာ ကစားဖော် ဟာဇတ်၊ စပါးမှ ဟယ်ရီကိန်း၊ မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်၊ အဲဗာတန်မှ လူကာကူနဲ့ အာဆင်နယ်မှ ဆန်းချက်ဇ်တို့ကို ကျော်ဖြတ်ပြီး PFA အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးရရှိခဲ့ပါတယ်။ သူဟာ မတူညီတဲ့ ကလပ်နှစ်ခုနဲ့အတူ ပရီမီယာလိဂ်ဖလားကို နှစ်နှစ်ဆက်တိုက် ကိုင်မြှောက်နိုင်တဲ့ ပထမဆုံး ကစားသမားဖြစ်လာဖို့ ရှိပါတယ်။

## သမိုင်းမှာ အကောင်းဆုံး ဘောလုံးသမားလို့ဆိုတဲ့ မက်ဆီ

လီယွန်နယ်မက်ဆီဟာ ဘောလုံးသမိုင်းမှာ အကောင်းဆုံး ဘောလုံးသမားဖြစ်တယ်လို့ ဘာစီလိုနာ နည်းပြ လူးဝစ်အန်းနရစ်က ကြေညာလိုက်ပါတယ်။ အာဂျင်တီးနားနိုင်ငံသား မက်ဆီဟာ ဘာစီလိုနာက လာလီဂါပြိုင်ဘက် ရီးရဲမက်ဒရစ်ကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရတဲ့ပွဲမှာ လေလွင့်ချိန် အနိုင်ဂိုးသွင်းပြီးတဲ့နောက် နည်းပြ အန်းနရစ်က ကြေညာခဲ့တာဖြစ်ပါတယ်။

ဒီဂိုးဟာ မက်ဆီရဲ့ ဘာစီလိုနာအသင်းအတွက် သွင်းယူခဲ့တဲ့ ဂိုးပေါင်း ၅၀၀ မြောက်ဂိုးလည်း ဖြစ်ပါတယ်။ ဒီပွဲပြီးတဲ့နောက် ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ဟာ ရမှတ်ချင်းတူနေပြီး ရမှတ် ၇၅ မှတ်စီနဲ့ ဦးဆောင်နေပါပြီ။ အခုပွဲအပြီးမှာတော့ ဘာစီလိုနာက အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ သို့ပေမယ့် ဇီဒန်းရဲ့ ရီးရဲမက်ဒရစ်ကတော့ လက်ကျန်ပွဲ ခြောက်ပွဲ ကစားဖို့ရှိနေပြီး ဘာစီလိုနာကတော့ ငါးပွဲသာ ကျန်ရှိပါတော့တယ်။

## အာဆင်နယ်ကို အက်ဖ်အေဗိုလ်လုပွဲအရောက်ပို့ပေးခဲ့တဲ့ ဆန်းချက်ဇ်

အာဆင်နယ် တိုက်စစ်မှူး အဲလက်ဆန်းချက်ဇ်ဟာ အာဆင်နယ်အသင်းကို အက်ဖ်အေဖလား ဗိုလ်လုပွဲအရောက်ပို့ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ အာဆင်နယ်က မန်စီးတီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်တဲ့ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်မှာ ဆန်းချက်ဇ်က အချိန်ပိုမှာ အနိုင်ဂိုးသွင်းယူပေးသွားခဲ့ပါတယ်။

ဒီအနိုင်ပွဲကြောင့် နည်းပြဝင်းဂါးဟာလည်း လာမယ့်ရာသီမှာ အာဆင်နယ်နည်းပြအဖြစ် ဆက်လက်ရှိနေဖို့ အလားအလာကောင်းလာပါတယ်။ မန်စီးတီးအတွက် အဂူရိုက ဦးဆောင်ဂိုးသွင်းခဲ့ပေမယ့် မိနစ် ၂၀ အကြာမှာ မွန်ရီးရဲက ချေပဂိုးသွင်းယူခဲ့တဲ့အတွက် သရေပွဲဖြစ်ပြီးနောက် ဆန်းချက်ဇ်က အနိုင်ဂိုးသွင်းယူပေးခဲ့ပါတယ်။ အာဆင်နယ်အသင်း ဒီပွဲအနိုင်ရတဲ့အတွက် လာမယ့် မေ ၂၇ ရက်မှာ ချယ်လ်ဆီးနဲ့ ဝင်ဘလေကွင်းမှာ ဗိုလ်လုပွဲကစားရတော့မှာ ဖြစ်ပါတယ်။ မန်စီးတီးကတော့ ဒီနှစ်ရာသီမှာ ဖလားလက်မဲ့ အဆုံးသတ်ခဲ့ပြီ ဖြစ်ပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်။**

# ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် ခမီတိုင်းရင်းသားတို့၏ ခုနစ်ကြိမ်မြောက် အမျိုးသားနေ့ ကျင်းပမည်

**စစ်တွေ မေ ၂၅**
ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် ဖြစ်သော ခမီတိုင်းရင်းသားလူမျိုးများ၏ (၇)ကြိမ်မြောက် အမျိုးသားနေ့ကို မေ ၂၇ ရက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိ ဂန္ဓာရီပရဟိတကျောင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ မြောက်ဦးမြို့နယ်တွင် ခမီယဉ်ကျေးမှု ဖော်ထုတ်ရေးညီလာခံကြီးကို ကျင်းပပြုလုပ်ခဲ့ပြီး ယင်းညီလာခံအား အသိအမှတ်ပြုသည့်အနေဖြင့် ခမီအမျိုးသားနေ့ အခမ်းအနား ကျင်းပခြင်းဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် ခမီတိုင်းရင်းသားများ ဖြန့်ကြက်နေထိုင်မှုကိုကြည့်ပြီး မြို့နယ်များတွင် ခမီအမျိုးသားနေ့ကို စုပေါင်းကျင်းပကြခြင်းဖြစ်ကြောင်း သိရသည်။



"ကျွန်တော်တို့ ပထမအကြိမ်မြောက် ခမီအမျိုးသားနေ့ကို ၂၀၁၁ ခုနှစ် ဧပြီလ ၂၇ ရက်နေ့မှာ မြောက်ဦးမြို့နယ် အကြီးတော်မ(၂)ကျေးရွာမှာ စတင်ကျင်းပခဲ့ရာ မြောက်ဦးမြို့နယ်မှာ လေးကြိမ်၊ ပုဏ္ဏားကျွန်းမြို့နယ်မှာ တစ်ကြိမ်နဲ့ ခြောက်ကြိမ်မြောက်ကို ပေါက်တောမြို့နယ် ညောင်ပင်ချိုင်ကျေးရွာမှာ ကျင်းပခဲ့ပြီး အခု (၇)ကြိမ်မြောက်ကို ဘူးသီးတောင်မြို့နယ်မှာ ကျင်းပမှာဖြစ်ပါတယ်"ဟု ခမီတိုင်းရင်းသား ကိုကျော်ဆန်းဝင်းကပြောကြားသည်။

ခမီတိုင်းရင်းသားမျိုးနွယ်စုများသည် ရခိုင်ပြည်နယ်အတွင်း ဖြန့်ကြက်နေထိုင်သော လူနည်းစုများဖြစ်သည့်အတွက် မြို့နယ်အလိုက် အလှည့်ကျအနေဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ခမီတိုင်းရင်းသားလူဦးရေ ၈၀၀၀၀ ကျော် နေထိုင်လျက်ရှိပြီး မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ပေါက်တော၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များတွင် အများဆုံးနေထိုင်ကြကာ ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင်အတွင်းရှိ မြို့နယ်များတွင်လည်း ဖြန့်ကြက်နေထိုင်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# စိုက်ပျိုးရေ၊ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးနေ

**ညောင်ဦး မေ ၂၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ကျောက်ပန်းတောင်းနှင့် ညောင်ဦးမြို့နယ်များတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးရေရရှိရေး၊ ဒေသခံပြည်သူများ သောက်သုံးရေရရှိရေးအတွက် မြစ်ရေတင်စီမံကိန်း၊ စည်ပင်သာယာရေပေးဝေရေးကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒေသခံပြည်သူများ သောက်သုံးရေရရှိရေးအတွက် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀၉ စုမှ ကျေးရွာပေါင်း ၃၃၉ ရွာနှင့် ညောင်ဦးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၇၄ အုပ်စုမှ ကျေးရွာပေါင်း ၂၂၀ အနက် ညောင်ဦးမြို့နယ်ရှိ နတ်သမီးကမ်းပါး ကျေးလက်ရေပေးရေးစီမံကိန်းမှ ရေတင်စနစ်ဖြင့် စက်စက်ယိုရေပေးရေးပိုက်လိုင်းမှတစ်ဆင့် ကျေးရွာ ၃၄ ရွာသို့ ရေတိုက်ရိုက်ပေးဝေထားကာ ထပ်ဆင့်အကျိုးပြုကျေးရွာမှာ ၂၅ ရွာရှိကြောင်း၊ တောင်ဇင်းရေပိုက်လိုင်းမှ ရေတိုက်ရိုက်ရောက်ရှိသည်ကျေးရွာမှာ ၂၄ ရွာရှိပြီး ထပ်ဆင့်အကျိုးပြုကျေးရွာ ၁၅ ရွာရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ကျေးရွာချင်းဆက်လမ်းမကြီးဘေး စွန့်ပစ်အမှိုက်များ ရှင်းလင်းပေးရန်လို

**အင်းတော် မေ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာကျေးရွာနှင့် အလည်ဆိပ်ကျေးရွာကြားရှိ ကျေးရွာချင်းဆက် ကားလမ်းဘေး ဝဲယာတွင် မဲဇာကျေးရွာမှ စွန့်ပစ်အမှိုက်များကြောင့် လမ်းကိုအကျည်းတန်စေပြီး လမ်းသွားလမ်းလာများကို စိတ်အနှောင့်အယှက်ဖြစ်စေသည့်အတွက် ရှင်းလင်းဖယ်ရှားပေးရန် လိုအပ်လျက်ရှိကြောင်း ဒေသခံအချို့က ပြောသည်။

"စွန့်ပစ်အမှိုက်တွေဟာ လမ်းကို အကျည်းတန် ရုပ်ပျက်စေပါတယ်။ ကျန်းမာရေးကိုလည်း ထိခိုက်စေသလို ကြည့်လို့လည်း အမြင်မတော်ပါဘူး"ဟု မဲဇာကျေးရွာ ရပ်ကွက်(၂)တွင် နေထိုင်သူတစ်ဦးက ပြောသည်။ မဲဇာကျေးရွာတွင် ရပ်ကွက်ခြောက်ခုရှိပြီး အိမ်ခြေအားဖြင့် ၇၀၀ ကျော်ခန့် နေထိုင်လျက်ရှိကာ စွန့်ပစ်အမှိုက်များကို အဆိုပါကျေးရွာချင်းဆက်ကားလမ်းဘေး ဝဲယာတွင် လာရောက်စွန့်ပစ်နေကြခြင်းကြောင့် လမ်းကို အကျည်းတန်စေရုံမက ထိုနေရာအနီးတွင် နေထိုင်ကြသူများအတွက် ကျန်းမာရေးလည်း ထိခိုက်စေနိုင်သဖြင့် စွန့်ပစ်အမှိုက်များကို ရှင်းလင်းဖယ်ရှားပေးရန်နှင့် ထပ်မံအမှိုက်စွန့်ပစ်ခြင်းမရှိအောင် တာဝန်ရှိသူများက တားဆီးပေးရန် ဒေသခံများက လိုလားနေကြခြင်းဖြစ်သည်။

**သန်းမောင်လေး(ကချင်မြေ)**



# တန်ဖိုးသင့် ထမင်းဟင်းနှင့် အသား၊ သီးနှံများ သန့်လျင်၌ ရောင်းချ



**ရန်ကုန် မေ ၂၅**
ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၁၃၉) ခြေလျင်တပ်ရင်း တိုင်းရွှေဂုံမှ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်မွေးသည့် သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ အသား၊ ကြက်ဉ၊ နွားနို့များနှင့် တန်ဖိုးသင့် ထမင်းနှင့် ဟင်းလျာများကို သန်လျင်မြို့ဗိုလ်ချုပ်ကျေးရွာ ရွာထိပ်၌ ပြည်သူများထံသို့ မေ ၂၂ ရက်က ရောင်းချပေးနေသည်ကို တွေ့ရသည်။

ဟင်းသီးဟင်းရွက်နှင့် အသားများ ရောင်းချရာတွင် ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်မွေးသည့် သန့်ရှင်းလတ်ဆတ်သော ကြက်သားတစ်ပိဿာလျှင် ၅၀၀၀ ကျပ်၊ ကြက်ဉတစ်လုံးလျှင် ၁၀၀ ကျပ်၊ နွားနို့တစ်ဘူးလျှင် ၁၀၀၀ ကျပ်၊ ဟင်းသီးဟင်းရွက် တစ်စည်းလျှင် ၅၀ ကျပ်နှုန်းများဖြင့် ရောင်းချကာ တန်ဖိုးသင့် ထမင်း၊ ဟင်းလျာများ ရောင်းချရာတွင် ထမင်းနှင့် ကြက်သားဟင်း/ဝက်သားဟင်းကို သီးစုံပဲဟင်း၊ ငါးပိရည်တို့စရာများ အပါအဝင် တစ်ပွဲ ၅၀၀ ကျပ်၊ ကြက်ဉဟင်းဖြင့် တစ်ပွဲလျှင် ၃၀၀ ကျပ်နှုန်းဖြင့် ရောင်းချကြောင်း သိရသည်။

အဆိုပါ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်မွေး သန့်ရှင်းလတ်ဆတ်သော အသား၊ ကြက်ဉ၊ နွားနို့နှင့် ဟင်းသီးဟင်းရွက်များ၊ တန်ဖိုးသင့် ထမင်းနှင့် ဟင်းလျာများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၁၃၉) ခြေလျင်တပ်ရင်း တိုင်းရွှေဂုံအနေဖြင့် သန်လျင်မြို့တွင်းသို့ လေးရက်တစ်ကြိမ် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

## မီးဖိုမီး အသုံးပြုလျှင်

(၁) လူစောင့်ထားပါ။
(၂) လောင်စာမီးအားကို လိုအပ်သည်ထက် ပိုမသုံးပါနှင့်။
(၃) မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပါ။
(၄) မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံ အကာအရံများ ထားပါ။
(၅) ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

# ရေဝတီမြစ်ကမ်းပါးပြို၍ ပြောင်းရွှေ့ရမည့်အိမ်ထောင်စု ၁၆၉ စုအား မြေကွက်များ အခမဲ့ခွဲဝေပေး

**ဗန်းမော် မေ ၂၅**
ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ရေနီကျေးရွာတွင် ရေဝတီမြစ်ကမ်းပါးပြို၍ ရေနီကျေးရွာသစ်သို့ ပြောင်းရွှေ့ရမည့် အိမ်ထောင်စု ၁၆၉ စုအား မေ ၂၃ ရက်က မြေကွက်များ အခမဲ့ခွဲဝေပေးခဲ့ကြောင်း သိရသည်။

ရေနီကျေးရွာရှိ သာသနာ့ဓမ္မမာမက ဘုန်းတော်ကြီး ကျောင်းတိုက်၌ ကျင်းပခဲ့သည့် မြေကွက်များပေးအပ်ပွဲတွင် ရေနီကျေးရွာ ပြောင်းရွှေ့ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းလှိုင်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဦးစံသိန်းက ရေနီကျေးရွာမှ ရေဝတီမြစ်အရှေ့ဘက်ကမ်း ညောင်ပင်သာကျေးရွာအနီး ရေနီသစ်ကျေးရွာသို့ ပြောင်းရွှေ့မည့် အိမ်ထောင်စုများအတွက် ခွဲဝေပေးမည့် မြေကွက်များနှင့်ပတ်သက်၍လည်းကောင်း၊ အဖွဲ့ဝင် ဦးမြင့်ကျော်က ရေနီကျေးရွာသစ်သို့ ပြောင်းရွှေ့ပြီးပါက အသက် ၁၀ နှစ်အထက်ရှိသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးမည့်ကိစ္စနှင့် ပြောင်းရွှေ့မည့် အိမ်ထောင်စု လူဦးရေကိစ္စများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများက သိရှိလိုသည်များ ကိုမေးမြန်းပြီး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကာ ပြောင်းရွှေ့မည့်အိမ်ထောင်စု ၁၆၉ စုအား မဲနှိုက်စေ၍ မြေကွက်များ အခမဲ့ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**



စစ်တွေကမ်းခြေတစ်လျှောက်စည်ကားနေသည်ကိုတွေ့ရစဉ်

# နှစ်ဦးစူပါဆန်းဒေးနေ့ စစ်တွေပင်လယ်ကမ်းခြေစည်ကား

● သတင်းဆောင်းပါး-လေးဝတီထွန်းစောခိုင်၊ ဓာတ်ပုံ-ဓညစော

၁၃၇၉ ခုနှစ်ဦး တနင်္ဂနွေနေ့ (နှစ်ဦးစူပါဆန်းဒေးနေ့) တွင် စစ်တွေပင်လယ်ကမ်းခြေ၌ အပန်းဖြေအနားယူကြသူများ၊ လေ့လာရေးခရီးလာရောက်ကြသူများ၊ အပျော်ခရီးထွက်ကြသူများ၊ ဘောလုံးကစားကြသူများ၊ ပင်လယ်လှိုင်းစီးကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားသည်ကို တွေ့ရသည်။

ဤရက်မကျမီရက်များက စစ်တွေအနီးတစ်ဝိုက်တွင် မိုးအုံ့လိုက်၊ နေသာလိုက်၊ လေထန်လိုက်နှင့် ရာသီဥတုသည် မျက်လှည့်ပြသကဲ့သို့ ဖြစ်နေသည်။ ဧပြီ ၂၃ ရက် အရုဏ်တက် ချိန်မတိုင်မီ စစ်တွေမြို့တွင် လေထန်ကာ မိုးကြီးခဲ့ပြီး နံနက်မိုးလင်းသည်နှင့် ကောင်းကင် တစ်ခွင်မိုးတိမ်များ ကင်းစင်ပြီး ရာသီဥတုသာယာသွားသည်။ ဘူးသီးတောင်မြို့ ပေါက်တောကျေးရွာတွင် ယင်းနေ့အရုဏ်မတက်မီ လေပြင်းတိုက်ခတ်သဖြင့် နေအိမ်အချို့နှင့် စပါးကျီများ ပျက်စီးသွားကြောင်း လူမှုကွန်ရက်သတင်းများအရ သိရသည်။

### စူပါဆန်းဒေးနေ့ (Super Sunday)

သင်္ကြန်အလွန်နှစ်သစ်ဦးတွင် ရက်သတ်မှတ်ပြီး ပျော်ရွှင်ကာ ဆယ်စုနှစ်နှစ်ခုနီးပါးခန့်သာရှိသေးကြောင်း၊ တမင်တကာ ရက်သတ်မှတ်၍ ဖန်တီးထားကြပြီး နောက်ပိုင်းတွင်လူငယ်များအတွက် အလေ့အထတစ်ခုဖြစ်လာကြောင်း၊ မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်ကျရောက်စဉ် ရခိုင်ဒေသသည် အင်္ဂလိပ်လက်အောက်အစောဆုံးရောက်ရှိသောဒေသဖြစ်ကြောင်း၊ အင်္ဂလိပ်တို့က ၁၈၂၆ ခုတွင် ယခုမြို့တော်နေရာ၌စစ်တွေမြို့ကိုတည်ခဲ့ကြောင်း၊ ယင်းအချိန်က ကမ္ဘာတွင် အက်ဂျက် (Akyab) ဟု ကျော်ကြားခဲ့ကြောင်း၊ အင်္ဂလိပ်လွှမ်းမိုးသော ယင်းအချိန်ကလည်း စူပါဆန်းဒေးနေ့ (Super Sunday) ဟုမတွေ့ရကြောင်းစသည်ဖြင့် ရှေ့မီနောက်မီသက်ကြီးများနှင့်ယခုလူလတ်ပိုင်းအရွယ် စစ်တွေမြို့နေပြည်သူများ၏ ပြောကြားချက်များအရ သိရသည်။

ရခိုင်သမိုင်းသုတေသီနှင့် စာရေးဆရာ ဦးပညာစာရ (ရမ္မာဝတီအသျှင်ပညာစာရ) က "ဘုန်းကြီးအနေနဲ့ပြောရရင် ဒီလိုနေ့မျိုးကို အင်္ဂလိပ်ခေတ်မှာ ဘုန်းကြီးတို့လေ့လာမိသလောက်မတွေ့ရပါဘူး။ အခုခေတ်သစ်လူငယ်တွေက အပျော်ကြီးကြတော့ အပျော်နေ့တစ်နေ့အဖြစ်ဖန်တီးထားကြတာလို့ပဲမြင်ပါတယ်။ အပျော်ကြီး၊ အပျော်လွန်တာလည်းမကောင်းပါ၊ အသိရှိရှိ စည်းကမ်းရှိရှိပျော်ဖို့ လိုအပ်ပါတယ်၊ မြောက်ဦးခေတ်က မဟာပညာကျော်အမတ်ကြီးရေးသားတဲ့လျှောက်ထုံးမှာ ပွဲလမ်းသဘင်၊ အပျော်အရွှင်များသော် လူသွမ်း၏ (သွမ်းဟူသည် ရခိုင်လို လူသိမ်၊ လူဖျင်း)ဟုပါတယ်။ ဒါကြောင့် ခုခေတ်လူငယ်တွေအနေနဲ့ ပျော်ကြပါ၊ မလွန်ကြပါစေနဲ့လို့ပဲ တိုက်တွန်းပါတယ်" စသည်ဖြင့် မိန့်ကြားသည်။

သင်္ကြန်လွန်နှစ်ဦးတနင်္ဂနွေနေ့သည် ယနေ့ခေတ်တွင် စစ်တွေမြို့၏ထူးခြားသော နေ့တစ်နေ့၊ အထူးသဖြင့်လူငယ်များအတွက် ပျော်ရွှင်ရသော နေ့တစ်နေ့အဖြစ် တွေ့မြင်လာရသည်။ သင်္ကြန်ပွဲတော်တွင် နေရပ်ပြန်လာကြသော သူများအနေဖြင့်လည်း ဤနေ့တွင် ကမ်းခြေသို့ သွားရောက်ပြီးမှသာ မိမိတို့အလုပ်လုပ်ကိုင်ရာနေရာဆီသို့ ပြန်လိုကြကြောင်းလည်း သိရှိရသည်။ သင်္ကြန်တွင်းက အမိုးဖွင့်ပြီး ရေကစားထွက်ကြသော အငှားကားများ၊ သုံးဘီးဆိုင်ကယ်များ၊ ကားများမှအချို့မှာ အမိုးမတပ်ဘဲ ဤရက်ကိုမျှော် တလင့်လင့်စောင့်ကာ ငွေမျှော်နေကြသည်။ စစ်တွေကမ်း ခြေသို့စစ်တွေမြို့နယ်တွင်သာမက နီးစပ်ရာမြို့နယ်များမှလည်း လာရောက် ဆင်နွှဲကြကြောင်း သိရသည်။

> **သင်္ကြန်လွန် နှစ်ဦးတနင်္ဂနွေနေ့သည် ယနေ့ခေတ်တွင် စစ်တွေမြို့၏ထူးခြားသော နေ့တစ်နေ့၊ အထူးသဖြင့်လူငယ်များအတွက် ပျော်ရွှင်ရသော နေ့တစ်နေ့အဖြစ် တွေ့မြင်လာရသည်။ သင်္ကြန်ပွဲတော်တွင် နေရပ်ပြန်လာကြသောသူများအနေဖြင့်လည်း ဤနေ့တွင် ကမ်းခြေသို့သွားရောက်ပြီးမှသာ မိမိတို့အလုပ်လုပ်ကိုင်ရာနေရာဆီသို့ ပြန်လိုကြကြောင်းလည်း သိရှိရ**

### ရာသီကသာ လာသူကများ

ယနေ့နံနက်မှစ၍ ရာသီဥတုကသာယာနေသဖြင့် ကမ်းခြေသွားလိုသူတို့ အကြိုက်ဖြစ်သွားသည်။ နေ့လယ်ပိုင်းအချိန်မှစ၍ အမိုးဖွင့်ကားများဖြင့် ဆောင်းဘောက်ကြီးများကိုတင်ပြီး မြို့ကိုပတ်၍ အဖွဲ့လိုက်ကခုန်နေကြသူများကိုလည်း တွေ့ရသည်။ အချို့မှာ မိသားစုအလိုက် သွားရန်ပြင်ဆင်နေကြသည်။ ညနေစောင်းလာလေကမ်းခြေသို့သွားသူများလာလေဖြစ်သည်။ ရှုခင်းသာ ဗျူးပွိုင့်လမ်း လမ်းမကြီးနှင့်စစ်တွေ ဟိုတယ်သွားလမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုများ တွေ့ရသည်။

"ဒီလိုယာဉ်ကြောပိတ်တာက လမ်းလုပြီးမောင်းတာနဲ့ အများကြီးဆိုင်ပါတယ်၊ မောင်းတဲ့သူတွေထဲမှာ သောက်စားပြီး မောင်းတဲ့သူတွေများပါတယ်၊ စည်းကမ်းလိုက်နာရမှန်းလည်းမသိကြပါဘူး၊အလျင်လိုတာပဲသိကြတယ်၊ ဆိုင်ကယ်မောင်းသူ တောကပိုဆိုးတာပေါ့။ အားလုံးအသိစိတ်ဓာတ်နဲ့မောင်းကြရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး" ဟုယာဉ်ကြောပိတ်နေစဉ် ကားစီး၍ပါလာသောစစ်တွေမှ ကိုမောင်သန်းက ပြောသည်။

အများပြည်သူတို့ အန္တရာယ်မဖြစ်စေရန် ရခိုင်ပြည်နယ်မီးသတ်တပ်ဖွဲ့မှ ကမ်းခြေတစ်လျှောက်နေရာအနှံ့တွင် "ရခဲလှသော လူ့ဘဝအပျော်ကြူး၍ ပင်လယ်ထဲမျောပါမသွားစေရန် သတိပြုပါ" ဟုရေးသားထားသောဆိုင်းဘုတ်ငယ်များကိုလည်းတွေ့ရသည်။ ကမ်းခြေပတ်လမ်းဘေးတွင် လူနာတင်ယာဉ်များလည်း တွေ့ရပြီး မီးသတ်တပ်ဖွဲ့ဝတ်စုံဝတ်ထားသူများကို ဟိုတစ်စု သည်တစ်စုဖြင့် လူအုပ်ကြားတွင် မြင်တွေ့ရသည်။အချို့နေရာများတွင် ဖောကွင်းများကိုလည်း တွေ့ရသည်။

ကမ်းခြေတွင်စျေးဆိုင်များ ငါးကင်၊ ပုစွန်ကင်၊ အသားကင်ရောင်းသူများ၊အသုပ်စုံရောင်းသူများက ကမ်းခြေလာသူများကို ပျူငှာစွာပြောဆိုနေကြသည်။ ပင်လယ်လှိုင်းစီးနေကြသူများ၊အဖွဲ့လိုက်ဘောလုံးကစားနေကြသူများ၊အချို့မှာအုန်းပင်ရိပ်များတွင် အနားယူနေကြသူများ၊ အချို့သဲသောင်ပြင်တွင်ဝိုင်းဖွဲ့ထိုင်ကာ အသင့်ယူလာသော အစားအသောက်များကို စားနေကြသူများကိုလည်း တွေ့ရသည်။

### ပြင်ပယဉ်ကျေးမှု လွှမ်းမိုးခံလူငယ်များ

လမ်းတစ်လျှောက် ကားပေါ်တွင်လည်းကောင်း၊ လမ်းဘေးပလက်ဖောင်းများတွင်လည်းကောင်း၊ သဲသောင်ပြင်များတွင်လည်းကောင်း သောက်စားမူးယစ်ကာ ကခုန်နေကြသောသူများမှာ ဆယ်ကျော်သက်လူငယ်များဖြစ်ပြီး အချို့နေရာများတွင် အမျိုးသမီးငယ်များကိုလည်းတွေ့ရသည်။ မျက်နှာဖုံးစွပ်အရုပ်များ၊ အသင်းအဖွဲ့တံဆိပ် များဖြင့် အင်္ဂလိပ်မြူးကြွတေးသံများကို ဆောင်းဘောက်ကြီးများဖြင့် အသံကျယ်ကျယ်ဖွင့်ကာ စည်းကမ်းမဲ့ကခုန်နေကြမှုများမှာ ကမ်းခြေသို့လာရောက်သူများကို နှောင့်ယှက်သည့် သဘောဆောင်နေသည်ကို တွေ့ရသည်။ လွတ်လပ်ချင်တိုင်း လွတ်လပ်နေမှုများကို မြင်တွေ့ရစာ အရက်၊ ဘီယာ သောက်ရုံမျှနှင့် ဤသို့မဖြစ်နိုင်ကြောင်းသုံးသပ်မိသည်။ သို့သော် ယဉ်ကျေးသောလူငယ်များကိုလည်း တွေ့ရပြီး စကားပြော ဖြစ်ခဲ့သည်။

"ဦးလေးရယ်၊ သူတို့တွေက ငွေရဲ့တန်ဖိုးကို မသိလို့ဖြစ်နေကြတယ်လို့ထင်ပါတယ်၊ ခက်ခက်ခဲခဲရှာကြပြီးတော့လွယ်လွယ်နဲ့ဖြုန်းနေကြတဲ့သူတွေပါ၊ အဆိုးဆုံးက စည်းကမ်းမဲ့လုပ်နေကြတာပါပဲ" ဟု မောင်ကျော်မြင့်သိန်းက သူ့အမြင်ကို ပြောသည်။

### အမှိုက်စနစ်တကျစွန့်ပစ်ကြလျှင်

ကမ်းခြေတစ်လျှောက်တွင် လူများ သလောက် ဘူးခွံများ၊ ကြွပ်ကြွပ်အိပ်ခွံများ၊ ဘီယာဘူးခွံများ၊ အုန်းသီးခွံများကို နေရာအနှံ့တွေ့ရသည်။ ဧပြီ ၂၂ ရက်က ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပြီး အမှိုက်ကောက်ခဲ့ကြသည်။ ကမ်းခြေတစ်လျှောက် အမှိုက်ပုံးများရှိသည်။ စနစ်တကျ စွန့်ပစ်ကျလျှင် ကမ်းခြေ လှပနေမှာ အမှန်ပင်။ ။

## သာသနဓဇ ဓမ္မာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ နွားထိုးကြီးမြို့၌ ကျင်းပ

နွားထိုးကြီး ဧပြီ ၂၅

နွားထိုးကြီးမြို့နယ် အုတ်တွင်းကျေးရွာ ဗုဒ္ဓသာသနာကမ္မဋ္ဌာန်းစိုးကျောင်းတိုက်မှ သာသနဓဇ ဓမ္မာစရိယဘွဲ့ရ အရှင်ဝဏ္ဏသာရအား တပည့် ဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၂၃ ရက်က နွားထိုးကြီးမြို့၌ ကျင်းပခဲ့ပြီး မော်တော်ယာဉ်အစီး ၂၀ ကျော်ဖြင့် နွားထိုးကြီးမြို့တွင်း၌ လှည့်လည်၍ ဂုဏ်ပြုပူဇော်ခဲ့ကြောင်း သိရသည်။

အရှင်ဝဏ္ဏသာရသည် နွားထိုးကြီးနယ် အုတ်တွင်းရွာဇာတိဖြစ်ပြီး ခမည်းတော် ဦးဖိုးတုတ်၊ မယ်တော် ဒေါ်ဗျော့ကြီးတို့၏ ပဉ္စမမြောက် အထွေးဆုံးသားဖြစ်ကာ ၁၃၆၁ ခုနှစ်တွင် ရှင်ဝဏ္ဏသာရဘွဲ့ဖြင့် ရှင်သာမဏေဖြစ်တော်မူပြီး မြင်းခြံမြို့ ချောင်းဒေါင်းပရိယတ္တိစာသင်တိုက်နှင့် စစ်ကိုင်းမြို့ ဇိနောဒယစာသင်တိုက်တို့တွင် ပညာသင်ကြားခဲ့သည်။ ၁၃၇၇ ခုနှစ်တွင် ကျမ်းရင်းသုံးကျမ်းစလုံး အောင်မြင်၍ သာသနဓဇ ဓမ္မာစရိယဘွဲ့ ရရှိတော်မူပြီး ယခုအခါ မန္တလေးမြို့ရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ပရိယတ္တိစာပေ လေ့လာသင်ယူနေကြောင်း သိရသည်။

ဌေးမြင့်မောင်



## အခြေခံပညာမူလတန်း နေ့စားလပေးဆရာများအတွက် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင်တန်းဖွင့်

အထက်မင်းလှ ဧပြီ ၂၅

သရက်ခရိုင် မင်းလှမြို့နယ်အတွင်းမှ အခြေခံပညာမူလတန်း ဆရာ ဆရာမများအတွက် မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင်တန်းဖွင့်ပွဲကို မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ ဧပြီ ၂၄ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းနည်းပြဆရာတစ်ဦးက သင်တန်းတွင် ပို့ချပေးမည့် အစီအစဉ်များနှင့် ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ မင်းလှမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ နေ့စားလပေး မူလတန်းပြ ဆရာ ဆရာမ ၁၀၇ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ မေ ၂၃ ရက်အထိဖြစ်ကာ နည်းပြသင်တန်းတက်ရောက်ပြီးသည့် ဆရာ ဆရာမများက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုသက်(အထက်မင်းလှ)

## တိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့ထမ်းဆောင်သော ဒုရဲအုပ်များအတွက် ရဲလုပ်ငန်းခွင်သင်တန်းဖွင့်

မန္တလေး ဧပြီ ၂၅

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ရဲလုပ်ငန်းခွင်သင်တန်း အမှတ်စဉ် (၉/၂၀၁၇) ဖွင့်ပွဲကို ဧပြီ ၂၄ ရက်က ကျင်းပခဲ့ပြီး သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်ဇော်က အမှာစကားပြောကြားခဲ့သည်။

အဆိုပါ ရဲလုပ်ငန်းသင်တန်းတွင် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၌ တစ်နှစ် တာဝန်ထမ်းဆောင်ပြီး မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့ရောက်ရှိလာသော ဒုရဲအုပ် အမျိုးသား ၁၆ ဦးနှင့် အလုပ်သင် တစ်နှစ် တာဝန်ထမ်းဆောင်ပြီး မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့ရောက်ရှိလာသော ဒုရဲအုပ် အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၃၅ ဦးတို့ တက်ရောက်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်တတ်စေရန် ရည်ရွယ်ပြီး သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ မေ ၁၉ ရက်အထိ ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ရဲအရာရှိအတတ်သင်ကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီးမင်းအောင်၊ အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး မြင့်လွင်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီး တင်ဇော်ထွန်းနှင့် တိုင်းဒေသကြီး၊ ခရိုင်အဆင့် ရဲအရာရှိကြီးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် စခန်းမှူးများ တက်ရောက်ခဲ့သည်။

တင်မောင်(မန်းကိုယ်ပွား)

# ပုဂံ-ညောင်ဦး ဘုရားများရှိ ကားရပ်နားစခန်းများတွင် အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုး



**ညောင်ဦး မေ ၂၅**
ပုဂံနှင့် ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဒေသရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများ၏ ကားရပ်နားရန်နေရာများတွင် အရိပ်ရပင်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် တာဝန်ရှိသူများက စိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးများအလာများသော တန်ခိုးကြီးဘုရားများဖြစ်သည့် အာနန္ဒာဘုရား၊ ထီးလိုမင်းလိုဘုရား၊ သဗ္ဗညုဘုရားနှင့် ဓမ္မရာဇကဘုရားတို့တွင် ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည်များ လာရောက်လည်ပတ်ဖူးမြော်ရာတွင် ကားများရပ်နားထားမှု အဆင်ပြေစေရန်အတွက် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ယခုနှစ်မှစတင်ပြီး ကားရပ်နားရန်နေရာများကို စီစဉ်ဆောင်ရွက်ပေးထားခဲ့ပြီးနောက် အဆိုပါ ကားရပ်နားစခန်းနေရာများတွင် အရိပ်ရပင်များ စိုက်ပျိုးပေးခြင်းဖြစ်သည်။

ကားရပ်နားရန်နေရာများ သတ်မှတ်ထားရှိသည့် ဘုရားလေးဆူအနက် ဓမ္မရာဇကဘုရား ကားရပ်နားစခန်းနှင့် ထီးလိုမင်းလိုဘုရား ကားရပ်နားစခန်း နေရာများတွင် အရိပ်ရပင်များကို မေ ၂၃ ရက်က ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့် ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့က သွားရောက်စိုက်ပျိုးပေးခဲ့ကြခြင်းဖြစ်ပြီး ဓမ္မရာဇကဘုရား ကားရပ်နားစခန်း၌ အရိပ်ရသစ်ပင် ၂၈ ပင်၊ ထီးလိုမင်းလိုဘုရား ကားရပ်နားစခန်း၌ အရိပ်ရသစ်ပင် ၉၀ စုစုပေါင်း အရိပ်ရသစ်ပင် ၁၁၈ ပင်ကို စိုက်ပျိုးပေးခဲ့သည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသရှိ ဘုရားများတွင် ယခင်က ကားရပ်နားထားရှိရန်နေရာများကို သီးသန့်နေရာ သတ်မှတ်ပေးထားခြင်းမရှိ၍ ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည်များအနေဖြင့် ကားရပ်နားရန်နေရာအတွက် အခက်အခဲများ ကြုံတွေ့ခဲ့ရကာ မိမိတို့၏ကားများကို ကြုံသလို ရပ်နားခဲ့ရကြောင်း၊ ကားရပ်နားစခန်းမရှိခြင်းကြောင့် ဘုရားဖူးဧည့်သည်များ အခက်ကြုံသလို ကားများကို ကြုံသလို ရပ်နားထားခြင်းကြောင့် နောင်တစ်ချိန်တွင် သမိုင်းဝင် တန်ခိုးကြီးဘုရားများအား ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်လာနိုင်သည့်အတွက် ယခုကဲ့သို့ ကားရပ်နားစခန်းနေရာများကို သီးသန့် သတ်မှတ်ထားရှိပေးထားခြင်းဖြစ်ကြောင်း အရိပ်ရသစ်ပင်များ ပူးပေါင်းပါဝင်စိုက်ပျိုးသည့် ဝန်ထမ်းတစ်ဦးက ပြောသည်။

ကားရပ်နားရန်နေရာသတ်မှတ်ပြီးသည့် ဘုရားလေးဆူအနက် ကျန်ရှိသည့် သဗ္ဗညုဘုရား ကားရပ်နားစခန်းနှင့် အာနန္ဒာဘုရား ကားရပ်နားစခန်းနေရာများတွင်လည်း ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များ ကားရပ်နားမှု အဆင်ပြေစေရန်အတွက် အရိပ်ရ သစ်ပင်များကို ဆက်လက်စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သောက်သုံးရေပြတ်လပ်သည့်ကျေးရွာများသို့ ရေလှူဒါန်း

**လှိုင်းဘွဲ့ မေ ၂၅**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် နွေရာသီကာလ သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရသဖြင့် ကျေးလက်နေပြည်သူများ ရေပြဿနာ အဆင်ပြေစေရန်အတွက် ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာများအရောက် သောက်သုံးရေများ သွားရောက် ဖြန့်ဝေလှူဒါန်းပေးလျက်ရှိရာ မေ ၂၃ ရက်တွင် သာယာကုန်းကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများသို့ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ရွှေဂွန်းနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်မြို့မင်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ် မီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သာယာကုန်းကျေးရွာအုပ်စု အတွင်းရှိ



အိမ်ထောင်စု ၃၅၀ မှ လူဦးရေ ၂၀၀၀ ခန့်အတွက် မီးသတ်ရေသယ်ယာဉ်ဖြင့် သွားရောက် လှူဒါန်းခဲ့ခြင်းဖြစ်ကာ ရေဂါလန် ၃၂၀၀ ကို နေအိမ်အရောက် လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မှုခင်းသတင်းတိုများ

### ဆိုင်ကယ်နှစ်စီးတိုက်မှုဖြစ်ပြီး မောင်းနှင်သူများဒဏ်ရာရ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ် အောင်ချမ်းသာရပ်ကွက်နှင့်အောင်ဇေယျရပ်ကွက်လမ်းဆုံတွင် မေ ၂၁ ရက်က ဆိုင်ကယ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါလမ်းဆုံနေရာတွင် လမ်းသွယ်အတွင်းမှ စိုးပိုင်(ခ) အစ်စမိုင်း မောင်းနှင်သည့် ဆိုင်ကယ်က အရှိန်ပြင်းစွာ မောင်းထွက်လာစဉ် ရွှေဘို-မြစ်ကြီးနားကားလမ်းအတိုင်း ပေါ်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ခါးလယ်မှ ဝင်တိုက်မိခဲ့ခြင်းဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် စိုးပိုင်နှင့် ပေါ်ထွန်းတို့ နှစ်ဦးလုံး ဒဏ်ရာများရရှိ၍ အင်းတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကာ ဆိုင်ကယ်ကို မဆင်မခြင်မောင်းနှင်သူ စိုးပိုင်အား အင်းတော်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

### တရားမဝင်သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ခတက်ကျေးရွာ၌နေ တရားမဝင် သစ်စက်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးအား မေ ၂၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြည်လင်နှင့်အဖွဲ့က ပင်လည်ဘူးမြို့မရဲစခန်းမှ ဒုရဲအုပ်စောဘုန်းဝေ ဦးဆောင်သည့်အဖွဲ့၊ သစ်တောရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ခန့်စည်သူ ဦးဆောင်သည့်အဖွဲ့များနှင့် ပူးပေါင်းပြီး အဆိုပါကျေးရွာနေ ကျော်ဦး၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် ကျော်ဦးအား နေအိမ်တွင်မတွေ့ရဘဲ ၎င်း၏ နေအိမ်ဝင်းအတွင်းမှ ကျွန်းခွဲသားဆိုက်စုံ ၁၉ ချောင်း (အလေးချိန် ၀ ဒသမ ၁၇၆ တန်)နှင့်အတူ သစ်စက်လုပ်ကိုင်သည့် KOBODA အင်ဂျင်တစ်လုံး၊ လွှဝိုင်းတစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့၍ အိမ်ရှင် ကျော်ဦး(၄၉ နှစ်)အား ပင်လည်ဘူးမြို့မရဲစခန်း၌ အမှုဖွင့်ကာ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### မိုးညှင်းမြို့နယ်ရှိ ဝါးရုံတောအနီး အလောင်းတစ်လောင်းတွေ့ရှိ

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်းဟဲကျေးရွာ ဘုန်းတော်ကြီးကျောင်း အနောက်ဘက် ဝါးရုံအောက်တွင် ပုပ်ပွနေသည့် အမျိုးသားအလောင်းတစ်လောင်းကို မေ ၂၃ ရက်က တွေ့ရှိကြောင်းသိရသည်။ ဖြစ်စဉ် နှင့်ပတ်သက်၍ ပင်းဟဲကျေးရွာအုပ်ချုပ်ရေးမှူး၏ သတင်းပေးချက်အရ မိုးညှင်း မြို့မ ရဲစခန်းမှူး ဒုရဲမှူးကျော်ဆန်းနှင့် အဖွဲ့က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ပင်းဟဲ ကျေးရွာနေ တင်ကိုဝင်း (၃၉ နှစ်) ဖြစ်ပြီး မူးယစ်ဆေးဝါးအလွန်အကျွံသုံးစွဲထားသည့် လက္ခဏာများတွေ့ရကာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိရကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အလောင်းကို ရဲဆေးစာဖြင့် မိုးညှင်းခရိုင်ဆေးရုံသို့ပို့ဆောင် ကာ ရဲအုပ်ကျော်မင်းစိုးက တရားလိုပြုလုပ်၍ အမှုဖွင့်ထားကြောင်း သိရသည်။ **(ဝ၆၇)**

### နွားထိုးကြီးမြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းမိ

မူးယစ်ဆေးဝါးများသုံးစွဲရန် သယ်ဆောင်လာပြီး နွားထိုးကြီးမြို့နယ် ဇီးတောကျေးရွာသို့သွားမည့်သူနှစ်ဦးကို ပြင်စည်ရဲစခန်းက ဗင်ကားတစ်စီးနှင့်အတူ မေ ၂၂ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ လားရှိုးဘက်မှလာပြီး နွားထိုးကြီးမြို့နယ် ဇီးတောရွာသို့ သွားမည့် ဗင်ကားတစ်စီးကို မူးယစ်ဆေးဝါးသတင်းအရ ပြင်စည်ရွာရဲစခန်းမှူး ရဲအုပ်ဝေဠုနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းရှာဖွေရာ ယာဉ်ပေါ်ပါသူ ဇီးတောရွာသား တင်ဝင်း(၄၂)နှစ်ထံမှ ပင်နီဆီလင်ပုလင်းနှင့်ထည့်ထားသော ဘိန်းဖြူဟုယူဆရသည့် အမှုန့် ၀ ဒသမ ၂ ဂရမ်၊ ဘိန်းဖြူဟုယူဆရသော လိမ္မော်ရောင်အမှုန့် ၆ ဂရမ်နှင့် ၈၈၀ စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၄ ပြားတို့ကို ဖမ်းမိခြင်းဖြစ်ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ တင်ဝင်းနှင့် ယာဉ်ပေါ်အတူပါသူတစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဌေးမြင့်မောင်**

## သတင်းတို

### တောင်ငူမြို့တွင် ဓာတ်အားအပြည့်အဝ ရရှိရေးအတွက် သစ်ပင်များခုတ်ထွင်ရှင်းလင်း

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် လျှပ်စစ်မီးသုံးစွဲသူပြည်သူများ ဓာတ်အားအပြည့်အဝရရှိစေရေးနှင့် မီးပြတ်တောက်မှုနည်းပါးရေးတို့အတွက် ဓာတ်အားလေလွင့်ပျောက်ဆုံးမှုကို လျှော့ချနိုင်ရန် ရွှေဆံတော်ဘုရားလမ်း၊ ဗိုလ်မှူးဖိုးကွန်းလမ်းနှင့် ကန်တော်ကြီးပတ်လမ်းရှိ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထွန်းထွန်းဦး၊ လိုင်းတာဝန်ခံ ဦးအောင်မြင့်ကြည်တို့ ဦးစီးသည့် လျှပ်စစ်လိုင်းဝန်ထမ်းများက လူအင်အားနှင့် ကရိန်းကားအင်အား အသုံးပြု၍ ခုတ်ထွင်ရှင်းလင်းခြင်းများ မေ ၂၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

# ကမ်းပါးပြိုကျသော ဆိပ်ကမ်းနေရာတွင် သဲစုပ်ယူမှုကြောင့် ထပ်မံပြိုကျမည်ကိုစိုးရိမ်နေရ

**ထန်းတပင် မေ ၂၅**
ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ ကျွန်းကူကမ်းနား ဆိပ်ကမ်းတွင် လှိုင်မြစ်ရေတိုက်စားမှုကြောင့် မြစ်ဆိပ်ကမ်းနေရာ၌ ကမ်းပါးပြိုကျလျက်ရှိရာ ပြန်လည်ပြုပြင်ရန် ဆောင်ရွက်နေစဉ်အတွင်း အဆိုပါကျွန်းကူဆိပ်ကမ်းတွင် ကမ်းနှင့်ကပ်၍ နေ့စဉ် သဲစုပ်ယူနေသည့် သဲစက်လှေတစ်စင်းကြောင့် မြစ်ကမ်းပါးပြိုကျမည်ကို စိုးရိမ်နေရကြောင်း အဆိုပါမြစ်ကမ်းပါးအနီးတွင် နေထိုင်သူတို့က ပြောသည်။

"စက်လှေဆိပ်က ကမ်းပတ်တာ ပြိုတာကြာပြီ။ အခုလည်း တဖြည်းဖြည်းနဲ့ ပြိုကျလာတယ်။ ပထမ တံတားခြေဆင်း ရှိသေးတယ်။ သဲစက်လှေက နေ့တိုင်း သဲစုပ်တယ်။ ဒီနားကပဲ။ ဒီဘက်ကမ်းပြိုတော့ တစ်ဖက်ကမ်းမှာ သောင်ထွန်းတယ်။ အရင် မြစ်ကမ်းနဲ့ဆိုင်ခန်းတွေက ပေ ၅၀ ကျော် ဝေးတယ်။ အခု ၁၅ ပေလောက်ပဲ ကျန်တော့တယ်။ ကူးတို့ဆိပ်အနီးမှာ သဲ၊ ကျောက်စုပ်တော့ ကမ်းနား မြစ်အောက်ခြေတွေ မခိုင်တော့ဘူးထင်တယ်။ မိုးရာသီမရောက်ခင် မြန်မြန် ကမ်းပတ်တာကို ပြုပြင်စေချင်တယ်။ ပြီးတော့ သဲ၊ ကျောက်စုပ်ယူတာကိုလည်း တားပေးစေချင်တယ်" ဟု ကျွန်းကူမြစ်ဆိပ်ကမ်းမှ ဈေးဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

အဆိုပါ ကျွန်းကူဆိပ်ကမ်းသည် ကုက္ကိုလ်ဝတံတားကြီး မတည်ဆောက်မီက ဘောလယ်ကျွန်းရှိရွာများနှင့် မြစ်ရိုးတစ်လျှောက်ရှိရွာများသို့ နေ့စဉ်ပြေးဆွဲနေသော စက်လှေဆိပ်ဖြစ်သည်။ တံတားကြီးအနီးတွင်ရှိသည့် ကူးတို့ဆိပ်ဖြစ်သောကြောင့် အုတ်နံရံဖြင့် တည်ဆောက်ထားသော ကမ်းပတ်တာများရှိခဲ့ကာ ယခုအခါ ကမ်းပတ်တာမှာ ပြိုကျနေသည့်အပြင် မြစ်ကမ်းအနီး သဲစုပ်သောစက်လှေများကြောင့် လူနေဆိုင်ခန်းများအနီး ၁၅ ပေခန့်သာ မြစ်ကမ်းပါး ကျန်ရှိတော့ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်းကူကူးတို့ဆိပ် မြစ်ကမ်းပါး ထပ်မံပြိုကျခြင်းမှ ကာကွယ်ရန်အတွက် မြစ်ကမ်းအနီး ကျောက်၊ သဲစုပ်နေခြင်းကို တားဆီးပေးရန် မြစ်ကမ်းအနီးတွင်နေထိုင်သော မြို့ခံပြည်သူများက လိုလားနေကြခြင်းဖြစ်ကြောင်း သိရသည်။

**(၁၆၄)၊ ဓာတ်ပုံ-သစ္စာ**



# လူငယ်စီမံကိန်းများ အရှိန်အဟုန်မြင့် အကောင်အထည်ဖော်ခြင်းနှင့်အတူ မျှော်လင့်ချက်ရောင်ခြည်သမ်းလာသော မြန်မာ့ဘောလုံး

**သတင်းဆောင်းပါး-ညီမြတ်သော်တာ**

**ဓာတ်ပုံ-စိုးညွန့်**

ဘောလုံးအားကစားနည်းသာမက အားကစားနည်းတိုင်းတွင် ရေရှည် အောင်မြင်မှုရရန်မှာ မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ထွက်ပေါ်နေရန် လိုအပ်ပေသည်။ ထို့ကြောင့်လည်း လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုအချိန်တွင် မြန်မာ့ဘောလုံးလောကအတွက်လည်း လူငယ်စီမံကိန်းများကို ဆောင်ရွက်နေပြီဖြစ်ရာ ပရိသတ်များ၏ သည်းခြေကြိုက်အားကစားနည်းတစ်ခုဖြစ်သော မြန်မာ့ဘောလုံးလောကအတွက် မျှော်လင့်ချက်ရောင်ခြည်သမ်းလာပြီဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးလောကအတွက် အဓိကအရေးကြီးသည့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်နေပြီဖြစ်သည်။ ၂၀၁၆ ခုနှစ်အထိ ဘောလုံးအကယ်ဒမီအဖြစ် မြန်မာဘောလုံး အကယ်ဒမီ (မန္တလေး)နှင့် (ပုသိမ်)တို့သာ ရှိခဲ့ရာမှ ယခုနှစ် ဖေဖော်ဝါရီလတွင် တတိယမြောက် အကယ်ဒမီဖြစ်သည့် အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)ကို ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းအကယ်ဒမီကို ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုကိုယ်တိုင် လာရောက်ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် အဆိုပါအကယ်ဒမီများတွင် တက်ရောက်သင်ကြားမည့် သင်တန်းသားများအတွက် လူရွေးပွဲများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပခဲ့ပြီး မြို့ကြီး ၅၅ မြို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးလူရွေးပွဲကို ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ တာချီလိတ်နှင့် ကျိုင်းတုံမြို့၌ ဧပြီ ၂၃ ရက်က ကျင်းပခဲ့ပြီး မြို့ ၅၅ မြို့မှ ကစားသမား အင်အား ၂၀၀၀ ကျော် လာရောက်ရွေးချယ်ခံခဲ့သည်။



အမျိုးသားဘောလုံးအကယ်ဒမီ အဆောက်အအုံ

မြန်မာ့ဘောလုံးနည်းစနစ် ကျွမ်းကျင်သူများက အဖွဲ့များဖွဲ့ကာ စနစ်တကျ ရွေးချယ်လျက်ရှိပြီး အမှန်တကယ် ခြေစွမ်းကောင်းမွန်သူနှင့် အသက်မှန်ကန်သူများ ပါဝင်လာရန်သာ လိုအပ်လျက်ရှိသည်။

**လက်ရှိတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအပြင် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ရာ အနာဂတ် မြန်မာ့လက်ရွေးစင်အသင်းတွင် တွေ့မြင်နိုင်မည့် ဘောလုံးသမားကောင်းများစွာ ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းကို နောင်နှစ်အနည်းငယ်အတွင်း ပံ့ပိုးနိုင်မည့်အသင်းအဖြစ် မြန်မာ ယူ-၁၈ အသင်း ရှိနေပြီး အရည်အချင်းပြည့်ဝသည့် ကစားသမားကောင်းများ ပါဝင်နေသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးညီညီလတ်က ကိုင်တွယ်လျက်ရှိပြီး ၎င်းသည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂျာမန်လူမျိုး ဂတ်ဖရိုင်းဒရစ်၏ တပည့်ရင်းဖြစ်သည်။ ယင်းအသင်းကို အထောက်အပံ့ပေးနိုင်မည့် မြန်မာ ယူ-၁၅ အသင်းမှာလည်း အသင့်ဖွဲ့စည်းထားရှိပြီးဖြစ်ကာ ပြင်သစ်နိုင်ငံသားနည်းပြဖြင့် မန္တလေးမြို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။**

လက်ရှိတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအပြင် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ရာ အနာဂတ် မြန်မာ့လက်ရွေးစင်အသင်းတွင် တွေ့မြင်နိုင်မည့် ဘောလုံးသမားကောင်းများစွာ ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းကို နောင်နှစ်အနည်းငယ်အတွင်း ပံ့ပိုးနိုင်မည့်အသင်းအဖြစ် မြန်မာ ယူ-၁၈ အသင်း ရှိနေပြီး အရည်အချင်းပြည့်ဝသည့် ကစားသမားကောင်းများ ပါဝင်နေသည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးညီညီလတ်က ကိုင်တွယ်လျက်ရှိပြီး ၎င်းသည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂျာမန်လူမျိုး ဂတ်ဖရိုင်းဒရစ်၏ တပည့်ရင်းဖြစ်သည်။ ယင်းအသင်းကို အထောက်အပံ့ပေးနိုင်မည့် မြန်မာ ယူ-၁၅ အသင်းမှာလည်း အသင့်ဖွဲ့စည်းထားရှိပြီးဖြစ်ကာ ပြင်သစ်နိုင်ငံသားနည်းပြဖြင့် မန္တလေးမြို့၌ စခန်းဝင် လေ့ကျင့်လျက်ရှိသည်။

မြန်မာဘောလုံးလောက၏ လက်ရှိအခြေအနေမှာ အာရှအဆင့် မဆိုထားနှင့်၊ အာဆီယံအဆင့်တွင်ပင် ထိုင်းနှင့် ဗီယက်နမ်တို့ကိုမီရန် ခက်ခဲနေသည့်အချိန်ဖြစ်သည်။ အာဆီယံဒေသတွင်း ပြိုင်ဘက်များဖြစ်သည့် ထိုင်းနှင့် ဗီယက်နမ်တို့ကို လိုက်မီရန် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းအသင်းများကလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ၎င်းတို့ထက် နှစ်ဆလုပ်ဆောင်မှသာ မျှော်လင့်ချက်ရှိမည်ဖြစ်သည်။

အဓိက အခြေခံကျသည့် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများကို ယခုထက် ပိုမို၍ လုပ်ဆောင်ရမည်ဖြစ်သလို လူငယ်ကစားသမားများကို သင်ကြားပေးမည့် နည်းပြများမှာလည်း အရည်အသွေးပြည့်ဝပြီး လူငယ်ကစားသမားများကို သင်ကြားပေးတတ်သည့် နည်းပြမျိုးဖြစ်ရန် အရေးကြီးပေသည်။ ထို့အပြင် မြန်မာ့အားကစားသမားများမှာ ကိုယ်ခန္ဓာထွားကျိုင်းမှု အားနည်းရာ အာဟာရပြည့်ဝသည့် အစားအသောက်များကို ကျန်းမာရေးနှင့်ညီညွတ်စွာ ကျွေးမွေးတတ်ရမည်ဖြစ်သည်။ အဆိုပါကိစ္စကို ဘောလုံးအကယ်ဒမီများတွင် လုပ်ဆောင်နိုင်လျှင် အသင့်တော်ဆုံးဖြစ်သည်။

ထို့အပြင် ကစားသမားတစ်ဦးချင်း၏ ခံယူချက်၊ စိတ်ဓာတ်နှင့် ကြိုးစားအားထုတ်မှုအပိုင်းမှာလည်း အရေးကြီးလှသည်။ ကစားသမားများသည် ခြေစွမ်းပြပြီး နာမည်ရလာလျှင် ကြိုးစားအားထုတ်မှု လျော့လာတတ်ကြသည်။ ထို့ကြောင့်ပင် ဘောလုံးသမားကောင်းများမှာ မြန်မာ့ဘောလုံးလောကမှ အချိန်တိုအတွင်း ပျောက်ကွယ်သွားတတ်ကြသည်။

မြန်မာ့ဘောလုံး တိုးတက်အောင်မြင်လာရန်မှာ အချိန်များစွာ ယူရဦးမည်ဖြစ်သည်။ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်၊ အတွေ့အကြုံများ ရယူရင်း အရှုံးမှ သင်ခန်းစာရယူတတ်ဖို့ လိုသည်။ ဘောလုံးသမားကောင်းနှင့် နည်းပြကောင်း များစွာ ထွက်ပေါ်လာဖို့ လိုအပ်သလို မြန်မာဘောလုံး တိုးတက်ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အပါအဝင် အားလုံးပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်သည်။ ။


မြန်မာ့လက်ရွေးစင်အသင်းကို အထောက်အကူပေးနိုင်မည့် မြန်မာ ယူ-၁၈ အသင်း စင်ကာပူ ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲကစားနေစဉ်


အမျိုးသားဘောလုံးအကယ်ဒမီ အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်

# ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်သိမ်းဆည်းပေး၍ ပြည်သူများအဆင်ပြေ

**ကော့သောင်း ဧပြီ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ပေါ် ရပ်ကွက်များအတွင်း၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်များက ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်သိမ်းဆည်းမှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေးနေ၍ ရပ်ကွက်နေပြည်သူများ၏ အမှိုက်စွန့်ပစ်မှုအတွက် လွယ်ကူ အဆင်ပြေလျက်ရှိကြောင်း ကော့သောင်းမြို့ပေါ် ရပ်ကွက်တစ်ခုဖြစ်သည့် ပိတောက်ရွှေဝါရပ်ကွက်နေပြည်သူများက ပြောသည်။

ကော့သောင်းမြို့၏ အမှိုက်သိမ်းဆည်းမှုစနစ်တွင် အချို့ရပ်ကွက်များသည် ရပ်ကွက်စည်ပင်သာယာရေးကော်မတီ အစီအစဉ်ဖြင့် ဝယ်ယူဖြည့်ဆည်းထားသည့် ရပ်ကွက်ပိုင်အမှိုက်သယ်ယာဉ်ဖြင့် မိမိတို့ရပ်ကွက်အတွင်းမှ နေ့စဉ်အမှိုက်များကို သိမ်းဆည်းလျက်ရှိကြပြီး ရပ်ကွက်ပိုင် အမှိုက်သိမ်းယာဉ်မရှိသည့် ရပ်ကွက်အချို့တွင် လမ်းဘေးသတ်မှတ်ထားသည့် အမှိုက်ကန်များ၌ စွန့်ပစ်ကြသည်။

အမှိုက်ကန်များ၌ စွန့်ပစ်ရာတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှိုက်သိမ်းရန် အလျဉ်မမီသည့်ရက်များ၌ အမှိုက်များစုပြုံနေပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နေ့စဉ် ရပ်ကွက်များအတွင်း အမှိုက်သိမ်းယာဉ်ရောက်ရှိချိန်တွင် ခေါင်းလောင်းတီးပေးသည့်စနစ်ဖြင့် အမှိုက်များ လိုက်လံသိမ်းဆည်းခြင်းဖြစ်ကြောင်း သိရသည်။



ခေါင်းလောင်းတီး၍ နေ့စဉ်အမှိုက်သိမ်းပေးသည့်စနစ်ကြောင့် နေအိမ်များမှ နေ့စဉ်ထွက်ရှိသည့် အမှိုက်များကို အမှိုက်သိမ်းယာဉ်မလာမီတွင် မိမိအိမ်တွင်သာထားရှိပြီး လမ်းပေါ်စုပုံထားခြင်းများ မရှိတော့သဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ လျော့နည်းသွားစေပြီး ရပ်ကွက်နေပြည်သူများ၏ ကျန်းမာရေးကို များစွာအထောက်အကူဖြစ်စေသလို ရပ်ကွက်နေပြည်သူများကိုလည်း စနစ်တကျအမှိုက်စွန့်ပစ်သည့် အလေ့အထကောင်းများ ရရှိစေကြောင်း ဒေသခံပြည်သူအချို့က ပြောသည်။

**ကျော်စိုး(ကော့သောင်း)**

# လေပြင်းတိုက်၍ နေအိမ်ပြိုကျသော အိမ်ထောင်စုများအား ကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းများပေးအပ်

**ဟိုင်းကြီးကျွန်း ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဒီးဒူးကုန်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သာယာကျေးရွာနှင့် မေဒါအိုင်ကျေးရွာများတွင် ဧပြီ ၁၆ ရက်က လေပြင်းတိုက်ခတ်စဉ် နေအိမ်ပြိုကျပျက်စီးခဲ့သည့် ဒေသခံအိမ်ထောင်စု ငါးစုအတွက် ထောက်ပံ့ပစ္စည်းများကို ကျေးရွာအုပ်စု ကြက်ခြေနီအသင်းရုံး၌ ဧပြီ ၂၄ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

လေဘေးသင့်ပြည်သူများအတွက် ဧရာဝတီတိုင်းဒေသကြီး ကြက်ခြေနီအသင်းမှ ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများဖြစ်သော တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်း ၁၈ မျိုး၊ အိမ်ဆောက်ပစ္စည်း ကိုးမျိုး၊ တာပေါ်လင်နှစ်ချပ်နှင့် ရေပုံးတစ်ပုံး တို့ကို ဒီးဒူးကုန်းကျေးရွာအုပ်စု ကြက်ခြေနီအသင်းရုံး၌ တပ်ခွဲမှူး ဦးမျိုးမင်းထွန်းက လေဘေးသင့်ပြည်သူများထံသို့ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**ကျော်သူဟိန်း**



# ရွှေပြည်သာမြို့နယ်တွင် အနေးယာဉ်ဆိုက်ကားများအား နှစ်လဲသက်တမ်းတိုးပေးနေ



**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းမှ အနေးယာဉ် ဆိုက်ကားများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်သစ်အတွက် နှစ်လဲသက်တမ်းတိုးခြင်းလုပ်ငန်းကို ဧပြီ ၂၄ ရက်မှစ၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ်အတွင်း၌ အနေးယာဉ် ဆိုက်ကား ၁၃၀၂ စီး၊ ကုန်တင်ဆိုက်ကား ငါးစီးနှင့် လက်တွန်းလှည်း ၅၆ စီးတို့ရှိရာ လာရောက်၍ နှစ်လဲသက်တမ်းတိုးသူတိုင်းကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးညွန့်ဝင်း ခေါင်းဆောင်၍ စီမံရေးရာဌာနမှ ဝန်ထမ်းများက နေ့ချင်းပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ အနေးယာဉ် ဆိုက်ကားများ နှစ်လဲသက်တမ်းတိုးခြင်းလုပ်ငန်းကို ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ဆိုက်ကာများ နှစ်လဲသက်တမ်းတိုးခြင်းအတွက် ဆိုက်ကားပိုင်ရှင်များဘက်က ဆိုက်ကားကိုယ်ထည်ခိုင်ခံ့မှု၊ ဆေးရောင်ထင်ရှားမှု၊ ရောင်ပြန်ပြား တပ်ဆင်ထားမှုနဲ့ ဘဲလ်တပ်ဆင်ထားမှု၊ နံပါတ်ပြားတို့ကို ပြည့်စုံအောင်ပြသပြီး နှစ်စဉ်ကြေး ကျပ် ၁၀၀၀၊ ဖောင်ကြေး ကျပ် ၂၀၀ နှင့် နံပါတ်ပြားနှစ်ချပ်အတွက် ကျပ် ၁၂၀၀၊ စုစုပေါင်း ငွေကျပ် ၂၄၀၀ ပေးသွင်းရကြောင်း ဆိုက်ကားပိုင်ရှင်တစ်ဦးဖြစ်သည့် ဦးဝဏ္ဏကျော်က ပြောသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# မြို့မရဲစခန်း အချုပ်ခန်းဗူးဝတံခါးများ ပြန်လည်ပြုပြင်

**ကျောင်းကုန်း ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ မြို့မရဲစခန်း အချုပ်ခန်း၏ ဗူးဝတံခါးများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ဧပြီ ၂၄ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အချုပ်ခန်းဗူးဝတံခါး အဟောင်းကို အလျားပေ၊ အမြင့် ပေခွဲရှိ ဗူးဝတံခါးသစ်အဖြစ် ပြန်လည်ပြင်ဆင်ခြင်းဖြစ်ပြီး လုပ်ငန်းများကို ရန်ပုံငွေ ၁ ဒသမ ၄၄၉ သန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ အချုပ်ခန်း ဗူးဝတံခါးများ ပြုပြင်ရန်အတွက် ပုသိမ်မြို့ ရွှေဗိမ္မာန်ကုမ္ပဏီက တာဝန်ယူလုပ်ဆောင်လျက်ရှိပြီး လက်ရှိအချိန်တွင် အမျိုးသမီးအချုပ်ခန်းကို စတင်ပြုပြင်လျက်ရှိကြောင်း ကျောင်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲကျင်းပ

**ဘားအံ ဧပြီ ၂၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ဧပြီ ၂၄ ရက်က ဘားအံမြို့ရှိ အမှတ်(၁)ရပ်ကွက် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲတွင် ပြည်နယ် အားကစားနှင့် ကာယပညာဆပ်ကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက အမှာစကားပြောကြား၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးကာ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ဘော်လီဘောအားကစား ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းအား တစ်သင်းလျှင် ငွေကျပ် လေးသိန်းစီ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ထူးချွန်ထက်မြက်သည့် ရှက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာပြီး ပြည်နယ်ဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲကို ဧပြီ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပကာ မြို့နယ် ခုနစ်မြို့နယ်မှ ဘော်လီဘောအသင်း ခုနစ်သင်းက ပွဲစဉ်ပေါင်း ၁၂ ပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ဆုရရှိသောအသင်းများအား ပြည်နယ်အစိုးရက ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေး

**ကျောက်တန်း ဧပြီ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်း ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဧပြီ ၂၄ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းထူးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်အောင်သန်းနှင့် ကျေးရွာ စီမံကိန်းကော်မတီဝင်များက ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်းများနှင့် လုပ်ငန်းအတွေ့အကြုံများ၊ အခက်အခဲများ၊ အားသာချက် အားနည်းချက်များ၊ လုပ်ငန်းဆောင်ရွက်ရာမှ တိုးပွားလာသည့် အမြတ်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခွဲဝေသုံးစွဲပုံများကို ဆွေးနွေးခဲ့ကြသည်။

ကျောက်တန်းမြို့နယ်တွင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေသည့် ကျေးရွာပေါင်း ၃၄ ရွာ(၃၃ ယူနစ်)ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စီမံကိန်းချေးငွေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

## မြို့နယ်အခြေပြု မူလတန်းဆရာ အတတ်ပညာ အထူးသင်တန်းဖွင့်

**သရက် ဧပြီ ၂၅**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြို့နယ်အခြေပြု မူလတန်းဆရာ အတတ်ပညာ အထူးသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၄ ရက်က အထက(၁) အတွင်းရှိ သလ္လာဝတီခန်းမ၌ ကျင်းပရာ မြို့နယ် ပညာရေးမှူးနှင့် သင်တန်း နည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၁၁၁ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါက်တာစမ်းပပကျော်က အမှာစကား ပြောကြားပြီး ဒုတိယမြို့နယ် ပညာရေးမှူးဦးစိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းစည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

အဆိုပါ သင်တန်း၌ သင်တန်းနည်းပြ ဆရာ ၁၃ ဦးက ဘာသာရပ် ၁၃ မျိုးကို တစ်လတိတိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



မြန်မာ့မီးရထား သာစည်ဘူတာရုံ ရထားရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်မြင့်နိုင်နှင့်တပ်ဖွဲ့ဝင်များသည်ရထားနယ်မြေအတွင်း ရထားနှင့်ယာဉ်တိုက်မှုဖြစ်စဉ်များ၊ ရထားကြိတ်၊ ရထားတိုက်နှင့်ရထားပေါ်မှ ပြုတ်ကျသည့် ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများ မဖြစ်ပွားစေရေးနှင့်လျော့နည်းကျဆင်းရေးတို့အတွက် ဧပြီ ၂၄ ရက်က မြို့တွင်း မိတ္ထီလာ-တောင်ကြီး အဝေးပြေးကားလမ်းမကြီးပေါ်တွင် သွားလာနေကြသည့် ယာဉ်ကြီး/ယာဉ်ငယ်များနှင့် ခရီးသည်များကို မြန်မာ့မီးရထား ဥပဒေပြစ်မှု ပြစ်ဒဏ်များပါ လက်ကမ်းစာစောင်များဖြန့်ဝေပေးစဉ်

**မောင်ကို(သာစည်)**

## ပြည်တွင်း/ပြည်ပ ကမ်းဝေးကမ်းနီးငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် တည်နေရာများထုတ်ပြန်

၁။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၀-၄-၂၀၁၇) ရက်နေ့စွဲပါညွှန်ကြားချက်အမှတ် (၃/၂၀၁၇) ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် ၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် ၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ဂွမြို့နယ်၊တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီ တွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ် ၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ပ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANIN-THARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်၊

၂။ ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာ နေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် ကျင်းပမည့် (၂)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို အောက်ပါအတိုင်းရောင်းချခဲ့ပါသည်-

(က) (၂)ကြိမ်မြောက်နှင့် ၂၀၁၇ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားပါရှိသည့် ထီလက်မှတ် (“က” အက္ခရာမှ အစဉ်လိုက် “န” အက္ခရာထိ) = ၂၀ လုံး

(ခ) အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားမပါရှိသည့် အရန်ထီလက်မှတ် (“ကင” အက္ခရာမှ အစဉ်လိုက် “ကတ” အက္ခရာထိ) = ၁၂ လုံး

(ဂ) အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားမပါရှိသည့် အရန်ထီလက်မှတ် (“ကထ” အက္ခရာ) = ၄၂၇၂၇ အုပ်

၂။ (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်းမှာ (၃၂)လုံးနှင့် ထီအုပ်ရေ(၄၂၇၂၇)အုပ်ဖြစ်၍ ထီစာအုပ်ပေါင်း(၂၆၆၀၉၀၃)အုပ်ဖြစ်ပြီး ထီလက်မှတ်စောင်ရေပေါင်းမှာ (၂၉၂၆၉၉၃၃)စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၁၃၃၀၄ ဒသမ ၅၁၅)ဖြစ်ပါသည်။ ၆၀%ထိ ဆုငွေအဖြစ် ခွဲဝေပေးမည့် ငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၇၉၈၂ ဒသမ ၇၀၉)ဖြစ်ပါသည်။

၄။ ထီဆုငွေများကို အောက်ပါအတိုင်း ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

**(က) အထူးဆုကြီးစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) ကျပ်သိန်းငါးထောင် | = | (၁) ဆု |
| (၃) ကျပ်သိန်းတစ်ထောင် | = | (၁) ဆု |

**(ခ) ဆုတစ်ဆုချင်းစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သိန်းတစ်ရာ | = | (၃၂) ဆု |
| (၂) ကျပ်သိန်းငါးဆယ် | = | (၃၈) ဆု |
| (၃) ကျပ်ဆယ်သိန်း | = | (၄၂) ဆု |

**(ဂ) ဝေဝေဆာဆာပဒေသာဆုမဲစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သုံးသိန်း | = | (၁၀၀) ဆု |
| (၂) ကျပ်နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၃) ကျပ်တစ်သိန်း | = | (၂၁၀၀၀) ဆု |
| (၄) ကျပ်ငါးသောင်း | = | (၇၀၀၀၀) ဆု |
| စုစုပေါင်း | = | ၉၂၂၁၅ ဆု |

၅။ (၂)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၅-၂၀၁၇ ရက်(တနင်္လာနေ့)နံနက်၈ နာရီအချိန်တွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အကြိမ်(၃၄၀)မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကိုလည်း တစ်ဆက်တည်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

| | |
|---|---|
| နေပြည်တော် | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၂၁၀၈ |
| နေပြည်တော် | **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)** ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၆၁၀၄၈၊ ၀၆၇-၃၆၁၂၉ |
| ရန်ကုန် | **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈ |
| ရန်ကုန် | **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၇၇) ၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ |
| ရန်ကုန် | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်** အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂ |
| ရန်ကုန် | **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)** အမှတ်(၅၈) ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ |
| မန္တလေး | **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)** လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉ ၊ ၀၂-၃၂၅၅၀ |
| တောင်ကြီး | **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)** ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇ |
| မကွေး | **ကိုယ်ပွားသတင်းစာတိုက်(မကွေး)** နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။ ဖုန်း-၀၆၃-၂၃၇၁၂။ |
| ကျိုင်းတုံ | **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)** မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ |
| ကလေး | **ကိုယ်ပွားသတင်းစာတိုက်(ကလေး)** အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊ ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃ |
| မြစ်ကြီးနား | **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)** အမှတ်(၄၁) ဧရာရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၇၄-၂၂၄၆၂ |
| စစ်တွေ | **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)** ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈ |
| လားရှိုး | **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)** ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း(၁၂)ရပ်ကွက်၊ မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| မြိတ် | **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)** မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၂၁၈၃ |
| မော်လမြိုင် | **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)** ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။ ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| မုံရွာ | **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)** နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |

## ကသာမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**ကသာ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ သတင်းမီဒီယာ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံ၍ မူခင်းကျဆင်းရေးအတွက် သတင်းစာရှင်းလင်းပွဲနှင့် တွေ့ဆုံပွဲကို မေ့ဖြိစတုတ္ထပတ်က ကျင်းပခဲ့သည်။

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ မြို့နယ်အတွင်း မူးယစ်ဆေးဝါးများပပျောက်ရေးနှင့် မူခင်းကျဆင်းရေးအတွက်ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အရှိန်အဟုန်ဆက်လက်မြှင့်တင်ဆောင်ရွက်ရန်အတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လစဉ်ပုံမှန်ပြုလုပ်သည့် ဤပွဲသို့တက်ရောက်လာသူများကလည်း လိုအပ်သည့်အခြေအနေများနှင့် အားနည်းချက်များကို ထောက်ပြဝေဖန်ခဲ့ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အေးလွင်(ကသာ)**




**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဆန်းဝင်း ၁၀/မဒန(နိုင်)၁၄၆၀၀၁၈၏ (Passport-No)မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

**အမည်ပြောင်း**


ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးဟိန်းလတ်အောင် ၁၂/သဃက(နိုင်)၀၇၄၄၇၉၏သား အလက(၅)ဒုတိယတန်းမှ မောင်အောင်ခန့်ပိုင်ဦးအား ယနေ့မှစ၍ မောင်မင်းဟိန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**ဖခင်အမည်မှန်**

တာမွေမြို့နယ်၊ မြို့သစ်မြို့၊ အထက မှ ကျောင်းဝင်အမှတ်(၄၅၃၆) မအိအိဖြူ အဋ္ဌမတန်း(ဖြေဆိုဆဲ)၏ ဖခင်အမည်မှန်မှာ ဦးဆန်းငွေ ၅/တမန(နိုင်)၀၇၇၄၅၄ ဖြစ်ပါကြောင်း။ **ဦးဆန်းငွေ**

**သွေးသည် အသက်**





## စားသောက်ဆိုင်အမြန်ရောင်းမည်

လမ်းကျယ်၊ လမ်းသန့်၊ လှိုင်မြို့နယ်တွင် ဖွင့်လှစ်ဆဲစားသောက်ဆိုင် ပေ၁၄၀×ပေ၇၀ အကျယ် လိုင်စင်စုံ FL-17 ပါသည်။ နောက်ထပ် (၅)နှစ်ပါ ငှားရမ်းနိုင်ပါသည်။

**ဖုန်း-၀၉-၄၂၃၃၄၃၆၁၄၊**
**၀၉-၄၃၀၃၈၈၄၈**

## နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း

ပိန်းဇလုပ်ဒေသမှ ရန်ကုန်မြို့သို့ ရောက်ရှိကြကုန်သော မိတ်သင်္ဂဟ အပေါင်းတို့ခင်ဗျာ ပိန်းဇလုပ်ဒေသအသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် မိသားစုနှင့်တကွ(မပျက်မကွက်)ကြွရောက်ပါရန် ပိန်းဇလုပ်ဒေသသူ ဒေသသားများအားလုံးတို့ကို ဖိတ်ကြားအပ်ပါသည်။

(**မှတ်ချက်**-သီးခြားဖိတ်စာပေးပို့ခြင်းမပြုပါ။)

| | | |
|---|---|---|
| **ကျင်းပမည့်ရက်** | - | ၁-၅-၂၀၁၇ရက်(တနင်္လာနေ့) |
| **ကျင်းပမည့်အချိန်** | - | နံနက် ၉း၀၀နာရီတိတိ |
| **ကျင်းပမည့်နေရာ** | - | ဦးအရိယကျောင်းတိုက်၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ် |
| **ကားမှတ်တိုင်** | - | ဗဟန်း၃လမ်းမှတ်တိုင်မှာဆင်းပါ |
| **ဧည့်ခံမည့်အစီအစဉ်** | - | နေ့လယ်စာဖြင့် ဧည့်ခံပါမည်။ |

**ပိန်းဇလုပ်ဒေသအသင်း(ရန်ကုန်)**

## ဝန်ထမ်းအလိုရှိသည်

စိန်၊ ရွှေ၊ ရတနာဆိုင်

အရောင်းဝန်ထမ်း ကျား/မ ၃၀ ဦး

လျှောက်ထားလိုသူသည် CV Form နှင့်တကွ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပညာရေးဆိုင်ရာလက်မှတ်နှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၁-၂၅၃၃၂၇၊ ၀၁-၃၇၆၈၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။








MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ရှယ်ပြော
မြန်မာပြည်မှာအသက်သာဆုံး
*234*3# ကို ဖုန်းခေါ်ဆိုပြီး ရယူလိုက်ပါ။
၁၅ ကျပ်
၁မိနစ်
ရှယ်ပြော အစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁မိနစ်လျှင် ၁၅ ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဗိုလ်မှူးရွှေကြည် (ငြိမ်း)

ကြည်း-၇၃၄၅

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**စီမံကိန်းစိစစ်ရေးနှင့်တိုးတက်ရေးဦးစီးဌာန**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်၂၉၅၊ အခန်း ၁၄နေ (ဦးဖိုးမှတ်-ဒေါ်အေးမေ)တို့၏သား၊ (ဒေါ်စိန်ရင်)၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးသာမြ၊ ဒေါ်စိန်မြင့်တို့၏အစ်ကို၊ ဗိုလ်ချုပ်နေလင်း-ဒေါ်သန်းသန်းညွှန့်၊ ဦးမြင့်လွင်-ဒေါ်သီတာ၊ ဦးရဲနိုင်ထွန်း(ခ)ဦးရွှေဝင်း၊ (ဦးစံမင်း)-ဒေါ်သင်းသင်းခိုင်၊ ဦးအောင်ကျော်ကျော်-ဒေါ်ရွှေဝင်းနုတို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၅-၄-၂၀၁၇ရက် နံနက် ၉း၁၅နာရီတွင် ဥတ္တရသီရိမြို့နယ်၊ ရာဇသင်္ဂဟအိမ်ရာ(၂)၊ အမှတ် ၂၀၃၈၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၇ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စိန်ဖူး ဒါယိကာမကြီး

## ဒေါ်ရွှေလှ(ခ)ဒေါ်ရွှေလန့် (မိုးကုတ်မြို့)

**အသက်(၇၆)နှစ်**

မိုးကုတ်မြို့၊ ကသဲကမ္ဘာအေးရပ်နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ် ၇၅ (စီ)နေ [ဦးနန်းကင်(ခ)ဦးစိန်ဝင်း]၏ဇနီး၊ ကိုအီကွမ်း၊ မသန်းသန်းအေး၊ ကိုကျော်အောင်-မရီရီတင့်၊ ကိုသိန်းဟန်-မသန်းသန်းဝင်း၊ ကိုကျော်လင်း၊ ကိုကျော်ထွန်းအောင်-မသင်းဉမ္မာကျော်၊ ကိုကျော်ထက်မြတ်၊ မပွင့်ကြူမွှေးတို့၏မိခင်၊ မဆုမြတ်အောင်၊မဆုထူးသဒ္ဒါတို့၏အဘွားသည် ၂၅-၄-၂၀၁၇ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၇ ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ် ၇၅(စီ) နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

## ဦးချစ်ထွေး (ကပ-၄၁၁၄၆၀)(ငြိမ်း)

ကပစ(၅)ထုံးဘို၊ ပြည်

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ပေါ်တော်မူ ၂လမ်း၊ အမှတ် ၉နေ ဒေါ်မာလာမြင့်(Myint Education Centre)၊ ဦးကျော်ကျော်ထွန်း-မခက်ခက်လှိုင်၊ ဦးအေးမျိုးထွေး(ဓာတ်ပုံပီတာ)-မသီတာထွေး(အထက-၁၊ ဒဂုံ)တို့၏ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်အမာစိန်၏ချစ်လှစွာသောခင်ပွန်းသည် ၂၄-၄-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

စစ်တွေတက္ကသိုလ်၊ မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်လှမြင့် (ပါမောက္ခ-ငြိမ်း၊ မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်း ဦးကျော်စိန်ဝင်း အသက်(၇၀)သည် ၂၄-၄-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစာမိသားစု**
**စစ်တွေတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမျိုးနန္ဒအောင်(ဆေးသုတေသန)၊ ဒေါက်တာအိအိအောင်(ဆေးတက္ကသိုလ်၊ မန္တလေး)တို့၏မိခင် ဒေါက်တာဒေါ်မြမြသန်း အသက်(၆၂)နှစ်သည် ၂၂-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်းဆေးဝါးဗေဒအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမျိုးနန္ဒအောင်(ဆေးသုတေသန)၊ ဒေါက်တာအိအိအောင်(ဆေးတက္ကသိုလ်၊ မန္တလေး)တို့၏မိခင် ဒေါက်တာဒေါ်မြမြသန်း အသက်(၆၂)နှစ်သည် ၂၂-၄-၂၀၁၇ရက် (စနေနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးဝါးဗေဒဌာန၊ ဆေးတက္ကသိုလ်(မန္တလေး)**

### အထူးဝမ်းနည်းကြေကွဲခြင်း

## မြတ်မင်းစံ

**အသက်(၄၁)နှစ်**

သူငယ်ချင်း မြတ်မင်းစံ ငါတို့အားလုံး တစ်နေ့သွားကြရမယ့်လမ်းကို ကြိုတင်သွားနှင့် ပြီဖြစ်တဲ့အတွက် သူငယ်ချင်းရဲ့ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါတယ်။ သူငယ်ချင်း ကောင်းရာသုဂတိရောက်ပါစေ။

**၁၉၉၅-၂၀၀၂ခုနှစ် (RC2-Dagon)**
**ဘူမိဗေဒ သူငယ်ချင်းများ**

## ဒေါ်မိုျင်း(ခ)တန်ချိုက်ဟွင်

**အသက်(၉၆)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ ၉လမ်း၊ အမှတ် ၆၁၊ လေးလွှာနေ (တန်တိတ်ချွန်-ဒေါ်နီးယား)တို့၏သမီး၊ (ကြူစေ့ဆန်း-ချွအော်တွမ်)တို့၏သမီးချွေးမ၊ [ကြူဝန်ခွန်(ခ)ဦးခွန်နား]၏ဇနီး၊ (ဦးတူး) ကြူရှုငေါ်၊ ဦးကျော်ဝင်း၊ (ဦးအေးလွင်)၊ ဒေါ်ပိုးတင်၊ ဦးစိန်သောင်း-ဒေါ်သန်းသန်းအေး၊ ဦးစိန်လှိုင်၊ ဒေါ်မာမာချို၊ (ဒေါ်ခင်ခင်ရွှေ)တို့၏မိခင်၊ မြေး ၂၃ယောက်၊ မြစ် ၁၃ယောက်တို့၏အဘွားသည် ၂၄-၄-၂၀၁၇ရက် ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ပုသိမ်အသင်း

## ဒေါ်မြမြ(ခ)ဒေါ်ခင်ခင်

**စမ်းချောင်း(ကွက်သစ်ကျောင်း)**

**အထက(၁)ကမာရွတ်(မရမ်းခြံ)**

**ဆရာမကြီး(ငြိမ်း)**

**အသက်(၉၃)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း (လေ) (ငြိမ်း) - (ဒေါ်သန်းသန်းမြင့်)တို့၏အစ်မ၊ ဒေါ်မြမြ(ခ)ဒေါ်ခင်ခင်သည် ၂၄-၄-၂၀၁၇ရက် နံနက် ၅း၂၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Famous International Companies Ltd**
**Famous Group Of Companies Ltd**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးမြင့်(ခ) Lucy

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ အထက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၂၃၃(က)(မြေညီထပ်) သမ္မဝါဏိဇ္ဇသက်နန်းတိုက်နေ (ဦးလှမြင့်-ဒေါ်တင်ရွှေ)တို့၏သမီး၊ (ဦးဘိုးဟန်-ဒေါ်မြ)တို့၏သမီးချွေးမ၊ (ဦးသိန်းဟန်)၏ဇနီး၊ ဒေါက်တာမောင်မောင်မြင့်-ဒေါ်မေဇင်ဟန်၊ ဦးခင်ဇော်-(ဒေါ်နုယဉ်ဟန်)တို့၏မိခင်၊ ဦးကျော်သက်ပိုင်-ဒေါ်ခင်မြတ်သူ၊ ဗိုလ်ကြီးထွန်းထွန်းဝင်း-ဒေါ်မြတ်မိုးအေး၊ ဦးဉာဏ်လင်းမြင့်-ဒေါက်တာမြနှင်းပွင့်၊ ဒေါက်တာရန်နိုင်မင်း-ဒေါ်နန်းဦးခင်၊ ကိုဇော်ဇော်ပိုင်တို့၏အဘွား၊ မဆုရည်ထက်၏ ဘွားဘွားကြီးသည် ၂၄-၄-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မေသန်းနွယ်

**အငြိမ်းစားကထိက၊ ရက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပုန်းညက်လမ်း၊ ရွှေပုန်းညက်ရိပ်မွန်၊ အမှတ် F-5နေ (ဦးလှမောင်-ဒေါ်မမလေး)တို့၏သမီး၊ (ဦးဘုန်းကြွယ်-ဒေါ်ထွေးကြည်)တို့၏သမီးချွေးမ၊ ဦးနီလေးမောင်၏ဇနီး၊ Captဇော်မင်း-ဒေါက်တာမြသန္တာ (တွဲဖက်ပါမောက္ခ/ဌာနမှူး၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်)တို့၏မိခင်၊ မစွမ်းဆုထက်(Grade-10, TTC)၏အဘွားသည် ၂၄-၄-၂၀၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၂း၁၅နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မိမိမင်းကျော်

**အသက်(၃၀)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၄၉/ခနေ ဒေါက်တာဦးသန်းကျော်(သံဃာ့ဆေးရုံ၊ စတည် ပျဉ်းမနား)-ဒေါ်ခင်ကြည်(သူနာပြုနှင့်ဆရာမကြီး စစ်အတွင်း)၊ ဦးအောင်လွင်(သဘော်အရာရှိ)-ဒေါ်မချို(ဆရာမ)တို့၏မြေး၊ ဦးဇော်မင်းကျော်-ဒေါ်နော်မေရီတို့၏သမီး၊ မအိအိမင်းကျော်၊ မလဲ့လဲ့မင်းကျော်တို့၏ညီမ၊ မနှင်းနုမင်းကျော်၊ မောင်စိုင်းကြည်မင်းကျော်၊ မောင်ပြည်သန်းကျော်တို့၏အစ်မသည် ၂၃-၄-၂၀၁၇ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အနိစ္စ

**မြစ်ခြေနယ်အသင်း(ရန်ကုန်)**

## ဒေါ်စန်းညွန့်

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် ၁၀၈၄/ခနေ (ဦးအောင်သစ်)၏ဇနီးသည် ၂၃-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မြစ်ခြေနယ်အသင်း(ရန်ကုန်) အသင်းသူ အသင်းသားများ သိစေရန် အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဒေါ်မိမိမင်းကျော်

**အသက်(၃၀)**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၄၉/ခနေ ဒေါက်တာဦးသန်းကျော် (သံဃာ့ဆေးရုံ၊ စတည် ပျဉ်းမနား) - ဒေါ်ခင်ကြည် (သူနာပြုနှင့် ဆရာမကြီး စစ်အတွင်း)၊ ဒေါက်တာဦးဇော်ဝင်းကျော် (ပြည်နယ်နှင့်တိုင်း ဆရာဝန်ကြီး)၊ ဒေါ်သင်းသင်းကျော်(တရားလွှတ်တော်ရှေ့နေ)-(Mr. MYRAHARA -PAKUYA)၊ ဦးဇော်လင်းကျော် (ဗဟိုတရားရုံးရှေ့နေ)တို့၏တူမသည် ၂၃-၄-၂၀၁၇ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၁၇ရက်တွင်ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထားသွင်

**(ဘိုကလေးမြို့၊ စခန်းကြီးရွာ)**

**အသက်(၈၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ စခန်းကြီးကျေးရွာနေ (ဦးသိန်းမောင် - ဒေါ်သန်းညွှန့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဈေးကွယ် (က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ် ၂၆နေ ဦးကျော်ညွှန့်၏ဇနီး၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်မငြိမ်း၊ ဒေါ်ငွေငွေရီ(အထက-၃၊ တာမွေ)၊ (ဦးခင်မောင်အေး)-ဒေါ်ဥမ္မာသွင်၊ ဦးသက်နိုင်-ဒေါ်အေးအေးမြင့်တို့၏မိခင်၊ မြေး ရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၄-၄-၂၀၁၇ရက် (တနင်္လာနေ့) ည ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်သန်း

**တပ်ကြပ်ကြီးစာရေး(ငြိမ်း)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကောက်လျင်လမ်း၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ တိုက် ၁၇၉/၄နေ (ဦးမြဦး-ဒေါ်အေးစိန်)တို့၏သား၊ (ဒေါ်သန်းသန်း)၏ခင်ပွန်း၊ဦးအေးသန်း(SGS-Myanmar)-ဒေါ်နုနုဝေ၊ ဦးတင်မောင်လတ်-ဒေါ်ခင်ငွေးမြင့်၊ ဦးအောင်ဇင်(ပြန်ကြားရေး)-ဒေါ်တင်တင်ခိုင်(ပြန်ကြားရေး)၊ ဒေါ်ကြည်ကြည်စော(ဦးစီးအရာရှိ၊ လဝက နေပြည်တော်)၊ ဦးသိန်းနိုင်၊ ဦးဇော်ထွန်း(Ngwe Lwim Pyim Co.,Ltd)-ဒေါ်ခင်ဝင်းလှိုင်၊ မစန်းစန်းအောင်၊ မခက်ခက်အောင်တို့၏ဖခင်၊ မမေဇူလှိုင်မိုး၊ မဆွေမြတ်ထူး၊ မောင်ကောင်းမြတ်စိုးတို့၏အဘိုးသည် ၂၄-၄-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**တောင်ကြီးအသင်း(ရန်ကုန်)**

## ဦးကျော်သူဆန်း(ခ)ကိုငယ်

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့နေ (ဗိုလ်မှူးတင်ဆန်း-ငြိမ်း)-ဒေါ်တင်ညွှန့်တို့၏သား၊ တောင်ကြီးမြို့နေ စကားစော်ဘွားကြီး (စဝ်ခွန်ကြည် - ဒေါ်နန်းမြယဉ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ အမှတ် 24-H-5 နေ တောင်ကြီးအသင်းဝင် ဒေါ်စဝ်မြကြည်၏ခင်ပွန်း၊ ဦးစောဝင်းသန်း-ဒေါ်ခင်ညွှန့်ကြည် (အသင်းအမှုဆောင်)၏ညီ/မောင်သည်၂၃-၄-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၇ ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းအသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့ တောင်ကြီးအသင်း

## ဦးတင်ရွှေ

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွပ်၊ ကွမ်းရွှဲလမ်း၊ အမှတ် ၂၁၊ ခုနစ်လွှာ(ခ)နေ (ဦးမြ)-ဒေါ်အုန်းခင်တို့၏သား၊ဦးစိုးတင့်-(ဒေါ်ကြည်လင်)တို့၏သားသမက်၊ ဦးချစ်ခိုင်-ဒေါ်အေးသိန်းတို့၏ညီ၊ ဦးတင်ငွေ-ဒေါ်ခင်နု၊ (ဦးရဲမြင့်)-ဒေါ်ညို၊ ဦးချစ်ပိုင်-ဒေါ်သန်းဆင့်တို့၏ အစ်ကို၊ ဒေါ်ယုတင်၏ချစ်လှစွာခင်ပွန်း၊ ကိုအောင်မြင့်ခိုင်-မကေခိုင်ဦး၊ မောင်သက်မောင်မောင်-မဖြိုးသန္တာမောင်၊ မောင်ပြည့်ဖြိုးမောင်-မစိုးမြတ်လှိုင်၊ မောင်အံ့မင်းညိုတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၅-၄-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇း၅၀နာရီတွင် ရန်ကုန်ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မြကြည် (ခက်သင်)

**အသက်(၉၀)**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ ၂၅လမ်းနှင့် ၂၆လမ်းကြား၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ မြနန္ဒာလမ်းနေ ဦးတင်ညွှန့်၏ချစ်လှစွာသောဇနီး၊ ဦးဝင်းမြင့်(ကျောင်းအုပ်ကြီး၊ ငြိမ်း)-ဒေါ်မြင့်စိန်(ကျောင်းအုပ်ကြီး၊ ငြိမ်း)၊ ဒေါ်ခင်လှ၊ ဦးလှိုင်မြင့်(စဥ့်ကူး)-ဒေါ်နွဲ့နွဲ့စန်း၊ ဒေါ်ခင်မမ(တွဲဖက်ပါမောက္ခ၊ ဌာနမှူး၊ငြိမ်း၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်)၊ ဦးမြတ်ကို(ဆောက်လုပ်ရေး)-ဒေါ်ခင်ဆွေမြင့်(ဆောက်လုပ်ရေး၊ တံတားအထူးအဖွဲ့-၁၂)၊ ဦးဉာဏ်ထွန်း (စိန်ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး)-ဒေါ်ခင်သီတာဝင်း၊ ဒေါ်ခင်စိုးနိုင်၊ ဦးကျော်နိုင်ထွန်း-ဒေါ်နှင်းနှင်းခိုင်၊ ဦးညွှန့်မင်းလွင်(မိုးနတ်သူမီဒီယာ)-ပါမောက္ခ ဒေါက်တာစန္ဒာထွေး(ပါမောက္ခ၊အရှေ့တိုင်းပညာဌာန၊ ကလေးတက္ကသိုလ်)တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂၃-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၀း၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၄-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှအေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမြင့်နွယ် အသက်(၈၄)နှစ်

**အရာခံဗိုလ်(ငြိမ်း)၊ လေ/၄၃၀၁၊ လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်၊ အမှတ် ၂၉နေ အရာခံဗိုလ်မြင့်ကြည်(မိတ္ထီလာ လသက)-ဒေါ်မာမာဝင်း၊ ဦးမြင့်ဝေ(မြို့တော်စည်ပင်၊ ငြိမ်း)- ဒေါ်ရီရီနွဲ့၊ ဦးခင်မောင်တင်(Chief Officer) - ဒေါ်ငွေးငွေးဝင်း၊ ဦးကျော်စိုးမိုး(Sinma Construction Co.,Ltd)-ဒေါ်နွယ်နွယ်အေး CMA(ငြိမ်း)၊ ဦးအောင်ကိုကို-ဒေါ်ခင်မာဝေ(ဌာနခွဲစာရေး/ဒဂုံတက္ကသိုလ်)တို့၏ဖခင်၊ ဒေါ်ခင်ကြည်၏ချစ်လှစွာသောခင်ပွန်းသည် ၂၅-၄-၂၀၁၇ရက် နံနက် ၆း၂၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၇ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်မိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးကျော်စိန်ဝင်း (RIT Mech; 1971 Batch)

**CDC-9005 Chief Engineer (FG)**

**Crew Manager**

**NOAH MARINE AIR, INC**

**အသက်(၇၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပလမ်း၊ အမှတ် ၅၄/၅၅နေ(ဦးသန်း-ဒေါ်တင်ညွှန့်)တို့၏သား၊ (ဦးဖြူ-ဒေါ်ညွှန့်)တို့၏သားသမက်၊ ဒေါ်လှမြင့်(ပါမောက္ခ-အငြိမ်းစား၊ မြန်မာစာ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးလူမင်းကျော် (CE/Engineer FG)-ဒေါ်နှင်းဇာခြည်အောင်၊ ဦးကျော်စွာဖြိုး(E/EAP Mollar MaerskLine)-ဒေါ်မြင့်ဟေမာကျော်(Director of Marine Sky Shipping Co., Ltd.)၊ မနေခြည်ထူးကျော်(Business Management In UK (MNC))တို့၏ချစ်လှစွာသောဖခင်၊ မောင်ရဲခေါင်လူ (Vitoria University College Mech 2[yr] Sem 1)၊ မအေလင်္ကာလူ(အဌမတန်း၊ အထက-၃၊မ/ဒဂုံ)၊ မောင်သန့်ကျော်စွာဟိန်း @ David (Grade I MAC)၊ မသွန်းဟေမာန် @ Laura(Pre School/MAC)တို့၏အဘိုးသည် ၂၄-၄-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၁၁း၂၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးကျော်စိန်ဝင်း

**R.I.T Mech; 1971 Batch**

**CDC-900 5 Cheif Engineer**

**Crew Manager**

**NOAH MARINE AIR, INC**

**အသက်(၇၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဇေယျာဒီပလမ်း၊ (၃၁)ရပ်ကွက်၊ အမှတ် ၅၄-၅၅နေ (ဦးသန်း-ဒေါ်တင်ညွှန့်)တို့၏သား၊ (ဦးဖြူ-ဒေါ်ညွှန့်)တို့၏သားသမက်၊ ဒေါ်လှမြင့်(ပါမောက္ခ၊ ငြိမ်း၊ မြန်မာစာဌာန)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်မောင်ကြည်)-ဒေါ်စိန်စိန်ငွေ၊ (ဗိုလ်မှူးငွေအောင်)-ဒေါ်လီလီ၊ (ဦးသိန်းဇော်-ဒေါ်ခင်စန်းတီ)၊ ဦးဝင်းမြင့်-ဒေါ်နီနီအောင်၊ ဦးသိန်းထွဋ်-ဒေါ်ငွေးငွေးလှ၊ ဦးဇော်ထွန်း-ဒေါ်မိမိချို၊ ဦးအောင်မိုး-ဒေါ်ငွေးငွေးဝင်း(အထက-၂၊ လသာ)၊ (ဦးမင်းမင်းထွေး)-ဒေါ်နန္ဒာဝင်းတို့၏အစ်ကို၊ တူ၊ တူမ ၁၇ယောက်တို့၏ဘကြီး၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၄-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁း၂၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးကျော်စိန်ဝင်း

**R.I.T Mech; 1971 Batch**

**CDC-900 5 Cheif Engineer**

**Crew Manager**

**NOAH MARINE AIR, INC**

**အသက်(၇၀)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဇေယျာဒီပလမ်း၊ (၃၁)ရပ်ကွက်၊ အမှတ် ၅၄-၅၅နေ (ဦးသန်း-ဒေါ်တင်ညွှန့်)တို့၏သား၊ (ဦးဖြူ-ဒေါ်ညွှန့်)တို့၏သားသမက်၊ ဒေါ်လှမြင့် (ပါမောက္ခ၊ ငြိမ်း၊ မြန်မာစာဌာန)၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှအောင်-ဒေါ်အေးကျင်၊ (ဦးစံလွင်)-ဒေါ်ခင်မြင့်၊ (ဦးကြင်ထွန်း)-ဒေါ်လှရီတို့၏ညီ/မောင်၊ တူ၊ တူမ ၁၄ယောက်တို့၏ဦးလေး၊ မြေး ၁၆ယောက်တို့၏အဘိုးသည် ၂၄-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁း၂၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမောင်နှမတစ်စု

## ဒေါ်ရည်ရည်မွန်

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၃လမ်း၊ အမှတ် ၁၆၅နေ ဦးမြင့်သန်း-ဒေါ်ကြင်ငွေတို့၏သမီး၊ ဒေါက်တာရဲကျော်စွာ၏ဇနီး၊ မအိန္ဒြာသိရိခေတ်၊ မထွန်းအိန္ဒြာမင်း(အထက-၂၊ လသာ)တို့၏မိခင်၊ (ဦးမြင့်ဦး)-ဒေါ်ခင်သန္တာ၊ ဗိုလ်မှူးထွန်းထွန်းဦး(ငြိမ်း)-ဒေါ်တင်မိုးမြိုင်တို့၏ညီမ၊ (မောင်ကျော်ဆန်းဦး)၏အစ်မသည် ၂၄-၄-၂၀၁၇ရက် မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Diamond Aircraft Industry ထုတ် လေယာဉ်များ ကြည့်ရှု

စာ ➢ ၆



## အမေရိကန်စစ်သင်္ဘော တောင်ကိုရီးယားသို့ ဆိုက်ရောက်လာချိန်တွင် မြောက်ကိုရီးယားက လက်နက်ကြီးပစ်ခတ်မှုအမြောက်အမြားဖြင့် စစ်ရေးလေ့ကျင့်

စာ ➢ ၁၀



## မိုး/ဇလဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များကို ဂရုပြုလိုက်နာဆောင်ရွက်စေလို

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (နဝဒေး) တံတားလေးလမ်းဝရှိ ကမ္ဘာ့အေးမိုးလေဝသထောက်လှမ်းရေး ရေဒါတာဝါကြီးကို ၂၀၁၄ ခုနှစ် အောက်တိုဘာလက စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလမှာပင် လုပ်ငန်းစတင်လည်ပတ်လျက် မိုးလေဝသသတင်းအချက်အလက်များကို နေ့စဉ် ထုတ်ပြန်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ မြေပြင်စခန်း ၃၀ တွင် တပ်ဆင်ထားသော အလိုအလျောက် မိုးလေဝသတိုင်းကိရိယာနှင့် ချိတ်ဆက်ကာ ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေတိုက်နှုန်း၊ မိုးရေချိန်၊ လေအအေးလိုင်း၊ လေဖိအား၊ နေအပူချိန်၊ မုန်တိုင်းစသည့် မိုးလေဝသအခြေအနေ သတင်းအချက်အလက်များကို ရုပ်သံနှင့် ရေဒီယိုအသံလွှင့်ဌာနများမှ တစ်နေ့ ငါးကြိမ်ထုတ်ပြန်ပေးလျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်ရုံးမှ သိရသည်။

ကမ္ဘာ့ရာသီဥတုမှာ တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲလာသည်နှင့်အမျှ သာမန်အားဖြင့် ခန့်မှန်းတွက်ဆ၍ မရနိုင်သော သဘာဝဘေးအန္တရာယ်ကို ကမ္ဘာသူကမ္ဘာသားများ ပိုမိုကြီးမားပြင်းထန်စွာခံစားနေရကြောင်း၊ ၂၀၁၅ ခုနှစ် ဇွန်လမှ ၂၀၁၆ ခုနှစ် ဇူလိုင်လအထိ အယ်နီညိုရာသီ ဥတုဖြစ်စဉ်ကိုလည်း မြန်မာပြည်သူတွေ တွေ့ကြုံခံစားခဲ့ကြရကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစတင်၍ ၂၀၁၇ ခုနှစ် ဇွန်လအထိ အယ်နီညိုရာသီဥတုနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်များက ဆိုသည်။

အဆိုအရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ်၊ မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်မည့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်တတ်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရေးအတွက် ပြည်သူလူထုအားလုံးပူးပေါင်းပါဝင်ကြရန် အကြံပြုတိုက်တွန်းထားကြောင်းလည်း သိရသည်။

အဓိက မြန်မာနိုင်ငံအနှံ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး နေ့အပူချိန်၊ မိုးတိမ်တောင်များဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများကို ဒေသစံတော်ချိန် နံနက် ၇ နာရီ၊ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၂ နာရီ၊ ညနေ ၄ နာရီ၊ ည ၇ နာရီတို့တွင် တစ်နေ့ ငါးကြိမ် ထုတ်ပြန်ပေးလျက်ရှိသည့်အပြင် ရာသီဥတုအချိန်အခါ မရွေး ဖောက်ပြန်ပြောင်းလဲမှု မုန်တိုင်းသတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မိုးလေဝသအခြေအနေ သတင်းထုတ်ပြန်ချက်များကိုသာ ဂရုပြုလိုက်နာဆောင်ရွက်စေလိုကြောင်းဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင်က ပြောကြားသည်။



ကမ္ဘာ့အေး မိုးလေဝသထောက်လှမ်းရေး ရေဒါတာဝါ

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ပြန်လည်ကျင်းပ

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဧပြီ ၂၅**

၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ပထမနေ့ကို ယနေ့ ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ပြန်လည်ကျင်းပရာ အား/ကာ သိပ္ပံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။

လက်ရွေးစင်ကစားသမားအများစုပါဝင်နေသည့် သစ္စာအားမာန်အသင်းသည် နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့သော်လည်း ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ရှုံးကန်ခဲ့ရပြီး နောက်ကျချေပဂိုးကြောင့်သာ သရေတစ်မှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်(၁)တွင် မကစားခဲ့ရဘဲ ယခုပွဲစဉ်(၂)မှ ပွဲဦးထွက်ပွဲအဖြစ် ယှဉ်ပြိုင်ရသည့် အား/ကာသိပ္ပံအသင်းသည် ရလဒ်ကောင်းရယူနိုင်ခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✪



သစ္စာအားမာန်အသင်းက အား/ကာ သိပ္ပံအသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်

